www.burmeseclassic.com

လှို့ဝှက်ဂမ္ဘီရဆန်းကြယ်

(၅)

# ဝိကြွ

## မရဏဟာရှင်းတမ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စိဗြက္ခ

## မရဏာရှင်းတမ်း

| | | |
|---|---|---|
| တမူခွင့်ပြုချက်အမှတ် | – | ၅၀၀၈၀၃၀၇၀၇ |
| အဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၅၄၄၁၂၀၇ |
| ထုတ်ဝေသူ | – | ဒေါ်မျိုးကေခိုင် (ချိုတေးသံစာပေ) |
| | | ရွှေနဲ့သာကျေးရွာ၊ ပုလဲမြို့ (၃) |
| | | မင်္ဂလာဒုံ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးမြတ်ကျော် |
| | | စာလုပ်ငန်း ပုံနှိပ်တိုက် |
| | | အမှတ်(၂၁၇)၊ ၃၀–လမ်း၊ ပန်းပဲတန်း |
| ထုတ်ဝေသည့်ကာလ | – | ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (ပထမ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၀၀ ကျပ် |
| ဒီဇိုင်းသူ | – | ဦးအောင်မိုး (မော်လမြိုင်) |
| ဖြန့်ချိရေး | – | ခုနစ်စဉ်ကြယ်စာပေ၊ |
| | | အမှတ်–၁၇၅(ဘီ) |
| | | ၃၁–လမ်း၊ ပန်းပဲတန်း။ |

# စိဗြက္ခ

## မရဏာရှင်းတမ်း

www.burmeseclassic.com

www.burmeseclassic.com

## - မာတိကာ -


| | |
|---|---|
| သွေးစွန်းသောင်ပြင် | ၅ |
| အမုန်းမီးစ | ၂၅ |
| အန္တရာယ်ခရီး၏နိဒါန်း | ၃၃ |
| မြွေတစ်ကောင်နှင့်တွေ့ဆုံခြင်း | ၅၆ |
| သွေးနီသူရဲကောင်းများ | ၆၄ |
| ကျားခံတွင်းသို့ သက်ဆင်းမည့်သူများ | ၇၈ |
| အမှောင်ထဲမှရန်စွယ် | ၁၀၉ |
| ပျောက်သောလပ်းမှာစမ်းတဝါးဝါး | ၁၁၇ |
| နတ်မိမယ်နှင့်တွေ့ဆုံခြင်း | ၁၂၉ |
| မလှုပ်သာမရှုန်းသာ | ၁၅၁ |
| ရင်ခုန်ဆည်းဆာ | ၁၆၃ |
| အကုံးအဖြတ်ည | ၁၇၁ |
| ကယ်တင်ရှင် | ၁၈၇ |
| လောဘသားညတစ္ဆေ | ၁၉၇ |
| မိစ္ဆာစစ်ပွဲ | ၂၀၇ |
| မရဏာရှင်းတမ်း | ၂၂၉ |
| ထာဝရချစ်သူ | ၂၄၃ |


BURMESE CLASSIC .com

### သွေးစွန်းသောင်ပြင်

လေနုအေးအေး တိုက်ခတ်လျက်ရှိသည့် ဆောင်းနှောင်းကာလ တစ်ခုသော ညနေဆည်းဆာ နေဝင်ဖျိုးဖျအချိန်၌ ချင်းတွင်းမြစ်၏ ကမ်းနံဘေးရှိ သဲသောင်ပြင်ပေါ်ဝယ် ကလေးတစ်စုသည် ဘောလုံးတစ်လုံးကို လုယက်ကန်ကျောက်ရင်း ပျော်ရွှင်စွာ ကစား လျက်ရှိလေ၏။

ကလေးဆိုသော်လည်း သူတို့သည် ဆယ်ကျော်သက်ရွယ်များဖြစ်ပြီး သူတို့၏မိဘများမှာ မြို့ရွာစွန်မြစ်ကမ်းနံဘေး၌ တဲထိုးကာ နေထိုင်ကြရသော တံငါသည်များ၊ ယာသမား၊ ကိုင်းသမားများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆယ်ကျော်သက်ရွယ် လူငယ်လေးများမှာ သူတို့မြို့၏ အလယ်ခန့်တွင် ဖွင့်လှစ်ထားသည့် အင်္ဂလိပ်မက်ထရစ်ကျောင်းသို့ မတက်ရောက်နိုင်ကြသဖြင့် ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ကာ မိဘတို့၏ လက်ငုတ်လက်ရင်း တံငါအလုပ်၊ လယ်ယာ၊ ကုန်းကျွန်း အလုပ်ကိုသာ ဝိုင်းကူလုပ်ကြရာမှ ညနေဖက် အလုပ်အားချိန်ဝယ် ဤသောင်ပြင်၌ ပျော်ရွှင်စွာ ဘောလုံးလာစကားနေကြခြင်း ဖြစ်လေ၏။

သူတို့သည် သူတို့၏ ချွေးနဲ့စာလေးများ စုဆောင်းကာ သားရေဘောလုံးတစ်လုံးကိုဝယ်ယူပြီး တစ်ဖက်လျှင် လေးယောက်စီ ခွဲလျက် ဘောလုံးကစားနေကြခြင်း ဖြစ်လေ၏။

သူတို့သည် ဘောလုံးကန်ဖိနပ်များ၊ ဘောလုံးကစားသမား အကျီမဝတ်နိုင်၊ ခြေဗလာ၊ ကိုယ်အထက်ပိုင်း ကိုယ်တုံးလုံးဖြင့်သာ ပုဆိုးကို ခါးတောင်းကျိုက်သူကျိုက်၊ ဘောင်းဘီအတို ညစ်ထပ်ထပ် ကိုဝတ်သူဝတ်ဖြင့် အုန်းခွံများကို ဂိုးတိုင်ပြုလုပ်ပြီး ကစားနေကြခြင်း ဖြစ်ချေ၏။

လူငယ်အုပ်စုနှစ်စုသည် တစ်ဖက်တစ်ဂိုးစီသွင်းပြီး ပွဲရှိန် ကောင်းကောင်းဖြင့် ကစားနေကြစဉ်...



''ကလင်...ကလင်...ကလင်''

ဟူသော ခပ်လွင်လွင် ဘဲလ်ပေးသံများနှင့်အတူ အင်္ဂလန်နိုင်ငံထုတ် ရာလေးစက်ဘီးများကို ခပ်ကျော့ကျော့စီးလျက် လူငယ်ခြောက်ဦးသည် မြစ်ကမ်းနဖူးအစပ်သို့ ကတ္တရာလမ်းအတိုင်း နင်းရင်းရောက်ရှိလာလေ၏။

ထိုလူငယ်ခြောက်ဦးသည် သူတို့၏ နက်ပြောင်လျက်ရှိသော ရာလေးစက်ဘီးများကို ကမ်းနဖူးပေါ်ရှိ ကတ္တရာလမ်းနံဘေးဝယ် ရပ်လိုက်ကြပြီး စက်ဘီးများပေါ်မှ ဆင်းကာ ဒေါက်ထောက်လိုက်ကြလေ၏။

ထိုခေတ် အချိန်အခါက ရာလေးကဲ့သို့သော အင်္ဂလန်နိုင်ငံထုတ် အကောင်းစား စက်ဘီမျိုးကို မြို့မျက်နှာဖုံး လူကုံထံ၏ သားသမီးများ၊ အစိုးရအရာရှိကြီးတို့၏ သားသမီးများသာ မော်မော်ကြွားကြွား စီးနိုင်သည်ဖြစ်သည်နှင့်အညီ ယခုရာလေး စက်ဘီးများနှင့် ရောက်ရှိလာကြသော လူငယ်များမှာလည်း ဤနယ်မြို့လေးရှိ ဆန်စက်သူဌေး၊ ပွဲရုံပိုင်ရှင်စသည့် လူကုံထံတို့၏ သားများနှင့် နယ်ပိုင်ဝန်ထောက် ဦးထက်ရှိန်၏ တစ်ဦးတည်းသော သားဗညားရှိန်တို့ပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းလူငယ်အုပ်စုကို ဗညားရှိန်က ဦးဆောင်ပြီး သောင်စပ်ဆီသို့ ဟန်ပါပါဖြင့် ဆင်းသက်လာခဲ့ချေပြီ။

သူတို့အုပ်စုဝင်အားလုံးမှာ ဘောလုံးကန်ဖိနပ်များ စီးထားပြီး ဘောလုံးသမားတို့ ဝတ်လေ့ရှိသည့် ဘောသမားဝတ်စုံ လှလှပပများကို စတိုင်လ်ကျကျ ဝတ်ဆင်ထားကြသည့်အပြင် သူတို့၏ ရုပ်အဆင်း၊ အသားအရေတို့မှာလည်း ဖြူဖြူစင်စင် ဝင်းဝင်းပပရှိလေရကား သူတို့အုပ်စုနှင့် ဘောလုံးကစားနေကြသော လူငယ်အုပ်စု၏ အသွင်အပြင်မှာ နှိုင်းယှဉ်၍ မရအောင် ကွာဟနေချေ၏။

ဗညားရှိန်သည် ခါးထောက်ပြီးနောက် ဘောလုံးကစားနေကြသော တံငါသည်၊ ယာသမားတို့၏ သားတို့အား မျက်မှောင်ကုပ်ကြည့်နေရာမှ သားရေဘောလုံးအသစ်တစ်လုံးကို ရင်ဝယ်ပိုက်ထားသည့် သူငယ်ချင်းဖြစ်သူ ပွဲစားကြီးသား ဘဟန်အား စွေစောင်းကြည့်လိုက်ကာ...

''ဒီကောင်တွေက ဒီသောင်ပြင်ကို ဦးထားပါလားကွ... လူ့အကြွေးဦးသွားတယ်ဆိုတာ ဒါပဲဘဟန်''

ဟုမဲ့ကာရွဲ့ကာ ပြောလိုက်ရာ ဘဟန်က ထွီခနဲတံတွေးတစ်ချက်ထွေးလိုက်ပြီးနောက်...



''သူတို့ဦးထားတော့လည်း ဖယ်ခိုင်းလိုက်ပေါ့ကွ၊ မင်းက နယ်ပိုင်ဝန်ထောက်မင်းရဲ့သားပဲဟာ... ဒီလို အနုစုတ်ဂုတ်စုတ်ကောင်တွေ အပေါ်မှာမှ မင်းဒီလောက်တောင် သြဇာမညောင်းဘူးလား''

ဟုခနဲ့တဲ့တဲ့ ပြောလိုက်လေလျှင် ဗညားရှိန်၏ ဖြူစပ်စပ်မျက်နှာတပြင်လုံး နီစွေးသွားပြီး...

''အောင်မယ်... ဘာဖြစ်လို့ သြဇာမညောင်းရမှာလဲကွ၊ မင်းတို့ကြည့်နေ... ငါ ဒီကောင်တွေကို ဂဲဒေါက်လုပ်ပြလိုက်မယ်''

ဟုမခံချင်စိတ်ဖြင့် ခပ်ကြွားကြွားပြောလိုက်ရှုံးမှ သူတို့ရောက်လာသည်ကို မမြင်ချင်ဟန်ဆောင်ပြီး ခပ်တည်တည် ဆက်ကစားနေကြသည့် မြစ်ကမ်းနားနေ လူငယ်လေးများအား အသံကုန်အော်ပြောလိုက်လေ၏။

''ဟေ့ကောင်တွေ မင်းတို့ကစားနေတာကို ခုချက်ချင်း ရပ်လိုက်စမ်း''

''ဟေ့ကောင်တွေ ငါပြောတာ မကြားဘူးလား''

လူငယ်လေးများမှာ ဗညားရှိန်၏ အော်သံကိုမကြား၍ပဲလား၊ ကြားလျက် မထီမဲ့မြင် မကြားဟန်ဆောင်သည်ပဲလားမသိ၊ သူတို့ အချင်းချင်း ဆူညံစွာ အော်ဟစ်ပြောဆိုရယ်မောမပျက်သာ... ဘော

www.burmeseclassic.com

www.burmeseclassic.com



လုံးကို သဲကြီးမဲကြီး လုယက်ကန်ကျောက် ကစားလျက်ရှိလေတော့၏။

ထိုအခါ ဗညားရှိန်မှာ သူ့အား အနုတ်စုတ် ဂုတ်စုတ်လေးများအပေါ်မှာ ဩဇာမညောင်းသော ဝန်ထောက်သားဟု သူငယ်ချင်းများက ထင်သွားပြီး ပျောင်ပြောင်ရှုတ်ချကြမည့်အရေး တွေးပူကာ ရက်ဒေါသလည်း ထွက်သွားပြီး ကစားနေကြသူများကြားသို့ တရှိန်ထိုးပြေးဝင်သွားတော့၏။

ထိုအချိန်ဝယ် ဘောလုံးသည် သူ၏ပြေးလမ်းကြောင်းဆီသို့ ပြေးဝင်လာရာ ဗညားရှိန်က ဘောလုံးကို မြစ်ဘက်သို့ ဦးတည်ကာ တအားကြုံးကန်ထည့်လိုက်တော့၏။

"ဘုံး"ဟူသော အသံနှင့်အတူ ဘောလုံးမှာ သောင်ပြင်ပေါ်မှ လွင့်မြောက်တက်သွားပြီး မြစ်ပြင်ပေါ်သို့ ဖျန်းခနဲ ကျသွားတော့၏။

ဘောလုံးကစားနေကြသော လူငယ်တို့မှာ ဗညားရှိန်၏ အပြုအမူအား လွန်စွာအံ့အားသင့်သွားကြလျက် ပါးစပ်မှ ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြရာမှ သူတို့၏ ဘောလုံးရှိရာသို့ စိုးရိမ်စွာ လှမ်းကြည့်လိုက်ကြလေ၏။



ဘောလုံးလေးကား ရေစီးသန်လှသော ချင်းတွင်းမြစ်ကြောင်းအတိုင်း လျှင်မြန်စွာ ပါသွားတော့၏။

"ဟာ...ငါတို့ဘောလုံးတော့ ဆုံးပါပြီကွာ"

ဟု လူငယ်တစ်ဦးက ငြီးငြူလိုက်စဉ် တံငါသည်တစ်ဦး၏သားဖြစ်သော မောင်ညိုက ဗညားရှိန်အား ဒေါသဖြစ်စွာ ကြည့်လိုက်ပြီး...

"ဗညားရှိန် မင်းဘယ်လိုလုပ်လိုက်တာလဲကွ...မြစ်ဘက်ကို မှကန်ပစ်လိုက်ရသလား"

ဟုခပ်ဆတ်ဆတ် ပြောလိုက်လေ၏။ ထိုအခါ ဗညားရှိန်က မောင်ညိုအား ခပ်စူးစူးစိုက်ကြည့်လိုက်ပြီးနောက် မောင်ညိုရပ်နေရာသို့ ခြေလှမ်းခပ်ကြဲကြဲဖြင့် လှမ်းလျှောက်လာတော့၏။

အခြေအနေက ချက်ချင်း တင်းမာသွားပြီး မောင်ညို၏ သူငယ်ချင်းများမှာ သူတို့၏ သူငယ်ချင်း မောင်ညိုအတွက် လွန်စွာ စိုးရိမ်ပူပန်သွားကြတော့၏။

ဗညားရှိန်ကား ဤမြို့မှ လူငယ်များထဲဝယ် လက်ရဲဇက်ရဲ အရှိဆုံး၊ အစွာဆုံးလူငယ်ဖြစ်ကြောင်း သူတို့သိပြီးဖြစ်၏။ ဗညားရှိန်မှာ သက်တူရွယ်တူ လူငယ်ချင်းယှဉ်လျှင်ပင် ပိုမိုဖွံ့ထွားသူဖြစ်၍ ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



အထဲ သူ၏ဖခင် နယ်ပိုင်ဝန်ထောက်မင်းက အင်္ဂလိပ်စစ်တပ်မှ အင်္ဂလိပ်လူမျိုး တပ်ကြပ်ကြီးတစ်ဦးထံ၀ယ် သားဖြစ်သူကို အင်္ဂလိပ် ဘောက်ဆင် လက်ဝှေ့ပညာ သင်ပေးစေခဲ့သဖြင့် ဗညားရှိန်မှာ အထိုး အသတ် လွန်စွာကောင်းသူဖြစ်ချေ၏။

ဖခင်၏အရှိန်၊ ဘောက်ဆင်ပညာ၏ အရှိန်ဖြင့် ဗညားရှိန်မှာ ဤမြို့မှ လူငယ်များထဲ၀ယ် ခပ်စွာစွာဖြင့် ဗိုလ်လုပ်နေသူဖြစ်ရာ သူနှင့်ငြိမိသူ လူငယ်တို့မှာ သူ၏လက်သီးစာမိပြီး ကွဲပြဲသွားကြရလေ့ ရှိလေ၏။

မြို့ခံလူငယ် အတော်များများမှာ သတ္တိခေသူများ မဟုတ် သော်လည်း၊ ပုလိပ်အရာရှိ အင်စပက်တော်တို့ကို လိုရာလက်ညှိုး ညွှန်နိုင်းနိုင်သော နယ်ပိုင်ဝန်ထောက်မင်း၏သားမို့ ဗညားရှိန်အား ထိထိရောက်ရောက် ပြန်လည်ခုခံတိုက်ခိုက်ရန် မဝံ့သည့်အတွက် ဗညားရှိန်နှင့် ယှဉ်လာပါက အရှုံးပေးလေ့ရှိလေရကား၊ ဗညားရှိန် မှာ နိုင်ချင်ကြက်ဖြစ်နေပြီး လူငယ်အချင်းချင်းအပေါ် ဗိုလ်ကျ၍ လက်ရဲ ဇက်ရဲလုပ်ရန် နည်းနည်းမျှ ဂန္ထ လေးတော့ချေ။

ဤသို့ဤနယ် မိုက်သွေးကြွနေသည့် ဗညားရှိန်နှင့် သူတို့၏ သူငယ်ချင်း ထိပ်တိုက်တွေ့တော့မည့်အရေးကို မောင်ညို၏ သူငယ်



ချင်းများမှာ အဘယ်မှာလျှင် မပူပင်ဘဲ ရှိနိုင်အံ့နည်း။

''မောင်ညိုတော့ ဒုက္ခပဲ''

ဟု လူငယ်များ တွေးနေကြစဉ် မောင်ညို၏ ရင်ဘတ်အား ဗညားရှိန်က ဆောင့်တွန်းလိုက်လေ၏။

''ဟေ့ကောင်...ငါ့ဘာသာ တမင်ကန်တယ်ကွာ ဘာဖြစ်လဲ ဒီဘောင်ပြင်မှာ ငါတို့ဘောလုံးကန်ဖို့လာတာကို မင်းတို့ကဦးထားလို့ ရပ်လိုက်လို့ ငါပြောခဲ့တယ်၊ ဒါကိုမင်းတို့က သောက်ဂရုမစိုက်သလို လုပ်နေလို့ မင်းတို့ရဲ့ ဘောလုံးရေထဲ မျောသွားအောင် ကန်ပစ်လိုက် တယ်ကွာ...ဘာဖြစ်လဲ...ဘာလဲ မင်းကမကျေနပ်လို့လား''

ဟုပြောကာ မောင်ညို၏ ရင်ဘတ်အား ဆက်ကာ ဆက် ကာဆောင့်တွန်းလျက် ရှေ့တိုးလာရာ မောင်ညိုမှာ အံကြိတ်ရင်း နောက်သို့တစ်လှမ်းချင်း ဆုတ်နေရရာမှ...

''ငါတို့မှာ ပိုက်ဆံမနည်းစုပြီး အဲဒီဘောလုံးကို ၀ယ်ထားရ တာကွ၊ မင်းအဲဒီလို မလုပ်သင့်ဘူး''

ဟု မကျေနပ်စွာ ပြောလိုက်ရာ...

''ဟေ့ကောင် လုပ်တယ်ကွာ ဘာဖြစ်လဲ...လုပ်တယ် ကွ''

www.burmeseclassic.com

www.burmeseclassic.com



ဟုအော်ဟစ်ပြောကာ ဗညားရှိန်က မောင်ညို၏ မျက်နှာအား ညာဝိုက်လက်သီးဖြင့် ထိုးချလိုက်လေ၏။

"ခွပ်"

ခနဲမြည်သံနှင့်အတူ အမှတ်မထင် ခံလိုက်ရသော မောင်ညိုမှာ နောက်သို့ယိုင်ကျသွားရာမှ ချက်ချင်း ကိုယ်ကိုပြန်မတ်လိုက်ပြီး သူ၏မခံချင်စိတ်နှင့် ဒေါသကိုမထိန်းနိုင်တော့ဘဲ ဗညားရှိန်အား အတင်းဝင်လုံးတော့၏။

သို့သော် ဗညားရှိန်မှာ ဘောက်ဆင်ကျွမ်းသူဖြစ်သဖြင့် သူ့ထံဘလိုင်း ပြေးဝင်လာသော မောင်ညိုအား ဘယ်ထောက်လက်သီး၊ ညာပင့်လက်သီး၊ ဘယ်ဖြတ်လက်သီးတို့ ပေးကျွေးလိုက်ရာ ခွပ်...ခွပ် ဟူသောအသံတို့နှင့်အတူ မောင်ညိုမှာ သဲသောင်ပြင်ပေါ်သို့ လဲကျသွားတော့၏။

လဲကျသွားသော မောင်ညိုအား ဗညားရှိန်က ညှာတာခြင်းမရှိဘဲ လို့မ့်ကန်နေရာ မောင်ညို၏ သူငယ်ချင်းများမှာ တားလည်းမတားဝံ့၊ မောင်ညို့ဘက်မှ ဝင်လည်းမကူဝံ့သဖြင့် ...

"ဟာ...ဒုက္ခပါပဲကွာ"

"မောင်ညိုသနားပါတယ်"



ဟူ၍သာ ငြီးတွားရင်း မျက်စိမျက်နှာအပျက်ပျက်၊ စုတ်တသပ်သပ်ဖြစ်လျက် ရှိချေ၏။

ဗညားရှိန်၏ သူငယ်ချင်းများကမူ...

"ဟုတ်ပြီကွ"

"ချပေး"

"ဆော်သာဆော်ပစ်"

"ဟုတ်ပြီ...ဆော်ပစ်၊ ဒါမှ ဒီကောင်တွေ နောက်ကို မလှန်ရဲမှာ"

"အောက်တန်းစားတွေကို မညှာနဲ့ ဆောပစ် ဗညား"

ဟူ၍ ဝမ်းသာအားရ အော်ဟစ်အားပေးကာ မီးလောင်ရာလေပင့်၊ မြှောက်ထိုးပင့်ကော် လုပ်လျက်ရှိတော့၏။

ထိုစဉ် အသားဖြူဖြူသန့်သန့် လူငယ်တစ်ဦးသည် ရာလေးစက်ဘီးကိုစီးကာ တာရိုးအစပ်သို့ ရောက်လာပြန်လေ၏။ ထိုသူငယ်သည်ကား ဤမြို့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်လာသည်မှာ တစ်လခန့်သာရှိသေးသော မြို့ပိုင်ဦးမြတ်သာ၏သား လူရဲပင်ဖြစ်ပါ၏။

လူရဲသည် စက်ဘီးပေါ်မှ ဆင်းလိုက်ပြီးနောက် သောင်ပြင်ပေါ်မှ ရန်ပွဲအား အတန်ငယ်ကြည့်နေရာမှ စက်ဘီးကို ဒေါက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ထားရစ်ကာ သောင်ပြင်ပေါ်သို့ ပြေးဆင်းလာလေတော့၏။

လူရဲအနီးသို့ ရောက်လာသည့်အခိုက်ဝယ် ဗညားရှိန်သည် သွေးများပေကျံလျက် သဲအလူးလူးဖြစ်နေသော မောင်ညို၏ မျက်ခွက်ကို အားပါးတရ ထပ်ကန်ရန် အားယူလိုက်လေ၏။

သို့သော် လူရဲသည်...

''ဟေ့ကောင်...မလုပ်နဲ့''

ဟု အော်ဟစ်ပြီး ဗညားရှိန်အား လျင်မြန်စွာ ပစ်တွန်းလိုက်ရာ ဗညားရှိန်မှာ အမှတ်မထင်မို့ သဲသောင်ပြင်ပေါ်သို့ တစောင်းပစ်လဲကျသွားတော့၏။ ဗညားရှိန်၏ သူငယ်ချင်းတို့သည်လည်း ရုတ်တရက်အသံတိတ်သွားတော့၏။ ဗညားရှိန်သည် သူ့အားပစ်တွန်းလိုက်သူကို အံ့အားသင့်စွာ မော့ကြည့်လိုက်ရာမှ ဒေါသဖြစ်သွားပြီး လူးလဲထလိုက်ကာ...

''ဟေ့ကောင်...မင်းလူပါးဝလှချေလား...ငါလိုကောင်ကို ဆောင့်တွန်းတယ်ပေါ့ ဟုတ်လား''

ဟု ကျားနာတစ်ကောင်ကဲ့သို့ ဟိန်းဟောက်လိုက်လေ၏။

''မင်းကရော ဘာဖြစ်လို့ လဲနေတဲ့သူကို လိုမ့်ကန်နေရတာလဲ''



ဟု လူရဲက ဗညားရှိန်ကို ရှုတည်တည်ဖြင့်ကြည့်ကာ ခပ်မာမာမေးလိုက်ရာ ဗညားရှိန်မှာ ရှူးရှူးရှဲရှဲ ဒေါသပိုဖြစ်သွားပြီး...

''ဟေ့ကောင်...ဒီကောင်နဲ့ ငါတစ်ယောက်ချင်း ဝမ်းဘိုင်ဝမ်းချတာကွ သိရဲ့လား...ဖဲရားဖိုက်ပဲ...မင်းဘာမှ ဝင်တားစရာမလိုဘူး''.

ဟု လူရဲ၏မျက်နှာအား လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလိုက်သလို ဗညားရှိန်၏ သူငယ်ချင်းများကလည်း လူရဲကို အပြစ်တင်သံဖြင့် ဝိုင်းပြောကြတော့၏။

''ဟုတ်တယ်...လူရဲ ဒီပေစုတ်စုတ်ကောင်တွေ လူပါးဝလို့ ဗညားကစိန်ခေါ်ပြီး ထိုးမတာကွ''

''လူရဲ...မင်းက ဒီမြို့ကိုရောက်တာ မကြာသေးတော့ ဒီအောက်တန်းစား ကလေကဝကောင်တွေရဲ့ အကြောင်း မသိသေးဘူး။ ဒီကောင်တွေကို ဒီလိုနှိမ်ထားမှကွ''

ဟု ဂိုင်းပြောကြရာ လူရဲမှာ ထိုလူငယ်တို့၏ စကားကို မနှစ်မြို့ဟန်ဖြင့် နှုတ်ခမ်းကိုမဲ့ပြီး ခေါင်းရမ်းလိုက်ပြီးမှ မျက်နှာသေလေးများဖြင့် ခပ်ရွံ့ရွံ့ငေးကြည့်နေကြသော တံငါသည်၊ ယာသမားတို့၏ သားလူငယ်များအား အကဲခပ်သလိုကြည့်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ဟွေ့...ဒီကောင်ဟာ မင်းတို့ရဲ့ သူငယ်ချင်း မဟုတ်လား...ဝိုင်းထူလိုက်ကြလေကွာ"

ဟုပြောလိုက်ရာ ထိုအခါမှ ထိုလူငယ်လေးတို့မှာ သူတို့၏ သူငယ်ချင်း မောင်ညိုအား ဝိုင်းဝန်း ဆွဲမထူကြတော့၏။

လူရဲက မောင်ညို၏ မျက်နှာမှ သွေးသံရဲရဲ ဒဏ်ရာတိအား စူးစမ်းကြည့်လိုက်ပြီးနောက်...

"ဒီကောင် အတော်ခံလိုက်ရတာပဲ...ဘယ်လိုဖြစ်ပြီး ရန်ဖြစ်ကြတာလဲ"

ဟု မောင်ညိုသူငယ်ချင်းများကို မေးလိုက်လေ၏။

"ဒီလိုကွာ...ငါတို့ဘာသာ ဘောလုံးကန်နေတာကို ဗညားရှိန်က ငါတို့ရဲ့ ဘောလုံးကို မြစ်ဘက်ကန်ထုတ်ပစ်လိုက်တယ်။ ဒါကြောင့် ငါတို့ရဲ့ဘောလုံးဟာ မြစ်ရေစီးထဲ မျောပါပြီး ဆုံးသွားပြီ၊ ဒါကိုဘာဖြစ်လို့ လုပ်ရတာလဲလို့ မောင်ညိုကမေးတော့ လုပ်ချင်လို့ လုပ်တာဆိုပြီး ဒီကောင်က စထိုးတာ"

ဟု မောင်ညို၏ သူငယ်ချင်းတစ်ယောက်က ဗညားရှိန် အားလက်ညှိုးညွှန်ပြပြီး ပြောလိုက်လေ၏။

ထိုအခါ လူရဲက ဗညားရှိန်၏ဘက်သို့ မျက်မှောင်ကုပ်ကာ လှည့်ကြည့်လိုက်ပြီး...

"ဗညား...ဒီအတိုင်းဆို မင်းကစပြီး ရန်စတာပဲ"

ဟု ရှုတည်တည်ဖြင့် ပြောလိုက်ရာ ဗညားရှိန်မှာ ယမ်းပုံမီးကျဒေါသဖြစ်သွားပြီး လူရဲ၏ရှေ့သို့ ဖျတ်ခနဲ လှမ်းလာကာ...

"ဟော့ကောင်...မင်းကဘာလူတွင်ကျယ် လာလုပ်တာလဲ၊ ငါကရန်စတော့ဘာဖြစ်လဲ...ဘာလဲ မင်းကဒီအစုတ်အပြတ်တွေဘက်ကနာလို့လား...သူတို့ဟာ မင်းရဲ့နှမပေးယောက်ဖတွေမို့လား"

ဟု ခပ်ကြမ်းကြမ်း ပြောလိုက်ပြီး လူရဲ၏ရင်ဘတ်အား ဆောင့်တွန်းလိုက်ရာ သူ၏လက် ရင်ဘတ်ဆီ ရောက်မလာမီမှာပင် လူရဲက လက်တစ်ဖက်ဖြင့် ပုတ်ထုတ်လိုက်လေ၏။

"ဟော့ကောင်...ဗညား...မင်းစကားပြောတာ ရင့်သီးလှချေလား...ငါဒီမြို့ရောက်စကတည်းက မင်းရဲ့သတင်းကို ကြားတယ်၊ မင်းကမင်းအဖေရဲ့ အရှိန်နဲ့ ဟိုလူအနိုင်ကျင့်၊ ဒီလူအနိုင်ကျင့်လုပ်နေတာငါသိတယ်၊ အခုလည်း မင်းဒီကောင့်အပေါ် မတရားအနိုင်ကျင့်တာပဲ"

ဟု လူရဲက ခပ်မာမာပြောလိုက်တော့၏။ ဗညားရှိန်၏ မျက်နှာသည်ကား ဒေါသဖြင့် ရဲရဲတွတ်သွားပြီးလျှင်...



www.burmeseclassic.com

www.burmeseclassic.com



"ကျင့်တော့ ဘာဖြစ်လဲကွာ . . . မင်းကမကျေနပ်လို့လား၊ မင်းကရော ငါနဲ့ချချင်လို့လား"

ဟုဒေါသတကြီးမေးရင်း လက်ရဲဇက်ရဲနိုင်သူပီပီ လူရဲ၏ မျက်နှာအား လက်ဖဝါးဖြင့် လျှင်မြန်စွာ ရိုက်ချလိုက်လေ၏။

သို့သော် လူရဲက နောက်သို့ ခြေတစ်လှမ်း ဖျတ်ခနဲဆုတ်လိုက်ပြီး ရှောင်လိုက်ရာ ဗညားရှိန်၏လက်ဖဝါးမှာ လေထဲ၌သာ ဝဲခနဲ ဖြစ်သွားလေတော့၏။

ထိုအခါ ဗညားရှိန်သည် ဒေါသပိုဖြစ်သွားပြီး လူရဲအား အတင်းဝင်ထိုးတော့၏။ သူ၏လက်သီးချက်များကား လူရဲထံသို့ ဝှီးခနဲ ဝှီးခနဲ ပြေးဝင်သွားတော့၏။

သို့သော် လူရဲသည် ဗညားရှိန်၏ လက်သီးချက်များကို ပါးနပ်လျှင်မြန်စွာ ရှောင်တန်ရှောင်၊ လက်ဖျံဖြင့် ပုတ်ထုတ်တန်ပုတ်ထုတ်ပြီးနောက် ဗညားရှိန်၏ အရှိုက်ကို လက်သီးတစ်ချက် ဆတ်ခနဲ ပစ်သွင်းလိုက်ရာ ဗညားရှိန်မှာ . . .

"အွတ်"

ခနဲအော်ပြီး ရှေ့သို့ ခါးကိုင်းကျသွားတော့၏။ ဗညားရှိန်၏ လက်နှစ်ဖက်မှာလည်း ရင်ဘတ်ကို ဖိလိုက်ရရာ ဗညားရှိန်၏ မျက်နှာ



မှာ အကာအကွယ်မဲ့ကာ ဟင်းလင်းပွင့်သွားတော့၏။ ထိုသို့သော အနေအထားဝယ် လူရဲသာဖိထိုးပါက ဗညားရှိန်၏ မျက်နှာမှာ သွေးချင်းချင်းရဲသွားမည်သာ ဖြစ်ပေ၏။ သို့သော် လူရဲမှာ ရက်စက်တတ်သူမဟုတ်၊ စိတ်ဓါတ်ကောင်းသူသာဖြစ်ပြီး သူ၏ သင်ဆရာ ရှမ်းသိုင်းဆရာကြီး၏ သတိပေးမှာကြားချက်အတိုင်း ရန်သူကို မတရားအနိုင်ယူလိုစိတ်မရှိသဖြင့် နောက်သို့ခြေတစ်လှမ်းဆုတ်ကာ ဗညားရှိန်၏ အခြေအနေကိုသာ အကဲခပ်ကြည့်လျက် ရှိတော့၏။

ဗညားရှိန်မှာ အရှိုက်ထိသွားသဖြင့် အသက်ကိုမနည်းရှုကာ တအင်းအင်းနှင့်ဖြစ်နေရာ ဗညားရှိန်၏ သူငယ်ချင်း လူပေါ်ကြော့လေးများမှာ သူတို့၏ သူရဲကောင်းအတွက် စိတ်မကောင်းဖြစ်ကာ မခံချင်ဖြစ်သွားသော်လည်း လူရဲ၏ရှုတည်တည်မျက်နှာကို လန့်ကာ ဘာမျှမပြောသာဘဲရှိစဉ် မောင်ညို၏ သူငယ်ချင်းများကတော့ လက်ခုပ်လက်ဝါးတီးကာ . . .

"ဟုတ်ပြီကွ . . . ဒါမှမြို့ပိုင်သားကွ"

ဟုအော်ဟစ် အားပေးလိုက်ကြလေ၏။ ထို့အပြင် ထိုသူဆင်းရဲသားတစ်စုတို့သည် အင်္ဂလိပ်ဗြိတိသျှအစိုးရ၏ ဝန်ထမ်းအရာရှိ နယ်ပိုင်ဝန်ထောက်၏သားအား အရာရှိတစ်ဦး၏သားပင် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



လူရဲက သူတို့ဘက်မှ ရပ်တည်ကာထိုးနှက်ခြင်းအပေါ် လွန်စွာအံ့ဩဝမ်းသာလျက်ရှိလေ၏။

သူတို့ကြုံဖူးသမျှ နယ်ချဲ့အစိုးရ၏ အရာရှိကြီးကြီးမားမားတို့၏ သားသမီးများမှာ သူတို့လို နှင်းပြားများဘက်မှ ဘယ်တုန်းကမျှ ရပ်တည်လေ့မရှိဘဲ မြေနိမ့်ရာလှံစိုက်မြဲသာ ကြုံတွေ့ဖူးသဖြင့် ယခုလို မြို့ပိုင်သားတစ်ဦး၏ ရပ်တည်လာမှုအတွက် မယုံနိုင်အောင် အံ့ဩလျက်ရှိတော့၏။

ထို့ကြောင့်လည်း သူတို့သည် လူရဲအား ဝမ်းသာအားရ အော်ဟစ်အားပေးလိုက်မိခြင်းဖြစ်ရာ သူတို့၏အော်သံကြောင့် ဗညားရှိန်မှာ မခံချင်စိတ်ဖြင့် ဒေါသအိုးပေါက်ကွဲသွားပြီး ရှူးခနဲအသက်ပြင်းစွာရှူလျက် ခါးကိုပြန်မတ်လိုက်ကာ . . .

''ဩ . . . မင်းကဒီလိုလား . . . တွေ့ကြသေးတာပေါ့ကွာ''

ဟု လူရဲအား အံကြိတ်ကြိမ်းဝါးရင်း မုန်းတီးစွာ စိုက်ကြည့်လိုက်ပြီးမှ ဘယ်ညာလက်သီးတွဲများသုံးကာ တရကြမ်း ဝင်ထိုးတော့၏။

လူရဲကလည်း ဗညားရှိန်၏ လက်သီးချက်များကို လျှင်မြန်စွာ ရှောင်ရှား၊ ပုတ်ထုတ်ရင်းမှ ခပ်ကြမ်းကြမ်း ပြန်လည်ထိုးလိုက်၊



ခြေကန်ချက်များ ဆက်တိုက်သွင်းလိုက်ဖြင့် တန်ပြန်တိုက်စစ် ဆင်တော့၏။

သောင်ပြင်ပေါ်မှာ နယ်ပိုင်ဝန်ထောက်၏သားနှင့် မြို့ပိုင်၏သားတို့ရန်ပွဲကား အံ့မခမ်းရှိဘိ၏။

သို့သော် ရန်ပွဲကား သိပ်မကြာလိုက် . . . မြို့ခံလူငယ်တို့အပေါ် အမြဲတမ်းအနိုင်ယူ ဗိုလ်ကျလေ့ရှိခဲ့သော ဗညားရှိန်မှာ မျက်နှာဝယ်သွေးအလိမ်းလိမ်းဖြင့် သောင်ပြင်ပေါ်လဲကျကာ သတိလစ်သွားပါတော့၏။ ထိုအခါ . . .

''ဒေး . . . လူရဲကွ . . . လူရဲ . . . မြို့ပိုင်သားကွ''

ဟူ၍ ဆင်းရဲသား လူငယ်လေးများမှာ သတိလက်လွတ်ဖြင့် ဝမ်းသာအားရ ချီးကျူးအော်ဟစ်လိုက်ကြပြီးမှ သွေးအလူးလူးဖြင့် လဲကျနေသူမှာ နယ်ပိုင်ဝန်ထောက်မင်း၏သားဖြစ်ကြောင်း သတိရသွားကြပြီးနောက် သူတို့အပေါ်ပါ အမှုပတ်မည်စိုးကာ သောင်ပြင်ပေါ်မှ တက်ပြေးကုန်ကြတော့ရာ မောင်ညိုတစ်ယောက်သာ ကျန်ရစ်ခဲ့လေ၏။

လူရဲကား ရှုတည်တည်မျက်နှာဖြင့်ပင် မြို့မျက်နှာဖုံး ဝန်ထောက်တို့၏သားတစ်စုတို့အား ခပ်စူးစူးကြည့်လိုက်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လည်းမှတ်ထား. . . မင်းတို့ကိုယ်မင်းတို့ လူချမ်းသာသားသမီး၊ ဆွေဂုဏ်မျိုးဂုဏ် ဓနဂုဏ်ရှိတယ်ဆိုပြီး မရှိဆင်းရဲသားတွေအပေါ် လူလူချင်း အနိုင်ကျင့်ဖို့ မစဉ်းစားနဲ့ လူရဲနဲ့တွေ့သွားမယ်"

ဟု ခပ်ငေါက်ငေါက်ပြောလိုက်ရာ လူကုံထံ သားတစ်စုမှာ လူရဲအား တစ်စုံတစ်ရာ ပြန်မပြောဝံ့ဘဲ ခပ်ရှုံ့ရှုံ့သော မျက်လုံးဖွေကြည့်လျက် မျက်နှာလွှဲသူလွှဲ၊ ခေါင်းငုံ့သူငုံ့ ဖြစ်နေကြတော့၏။

လူရဲကား တအင်းအင်းဖြင့် နာကျင်စွာ ငြီးငြူရင်း သတိပြန်ရစပြုသော ဗညားရှိန်၏အနီးဝယ် ဒူးတစ်ဖက်ထောက်ထိုင်ချလိုက်ပြီး. . .

"ဟေ့ကောင် ဗညား. . . လူရဲဆိုတဲ့ကောင်ဟာ မတရားမှု၊ မမျှတမှုကို ဘယ်တော့မှ အားမပေးဘူး၊ လက်ပိုက်ကြည့်မနေဘူးဆိုတာ မင်းတစ်သက်လုံးမှတ်ထား"

ဟုခပ်မာမာပြောလိုက်ပြီးနောက် ဆတ်ခနဲထရပ်ကာ သောင်ပြင်ပေါ်မှ ထွက်ခွာသွားပါတော့သတည်း။

✠ ✠ ✠

အမှန်းမီးစ

နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်သည် သူ့ရှေ့မှ စားပွဲ၏မျက်နှာပြင်ပေါ် လက်သီးဆုပ်ဖြင့် ဒေါသတကြီး ဒုံးခနဲထုလိုက်ပြီးလျှင် မြို့ပိုင်ဦးမြတ်သာ၏ မျက်နှာအား ဒေါသခိုးဝေနေသော မျက်လုံးအစုံဖြင့် စူးစူးရဲရဲကြည့်လိုက်ကာ. . .

"ခင်ဗျားရဲ့သား လုပ်ပုံကောင်းသေးရဲ့လားဟင်. . . ကျုပ်သားရဲ့မျက်နှာမှာ ကုလားသကြံန်ကျသလို ရဲရဲတွတ်ပြီး ရစရာကိုမရှိတော့ဘူး၊ ဒီကောင်. . . ဒီလိုကျုပ်ရဲ့သားကိုလုပ်တာ ကျုပ်လုံးဝမကျေနပ်ဘူး. . . အဲဒီကောင်ကို ကျုပ်ရဲ့ရှေ့ အခုခေါ်လာပေး"

ဟုကျားဟိန်းသံကြီးဖြင့် ဒေါသတကြီး တောင်းဆိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ မျက်စေ့မျက်နှာပျက်လျက်ရှိသော မြို့ပိုင်ဦးမြတ်သာမှာ သက်ပြင်းရှည်ကြီးချလိုက်ကာ ရုံးခန်း၏ အပြင်ဘက်၌ရှိနေသော သူ၏သားဖြစ်သူကို မလွဲမရှောင်သာစွာ ခေါ်လိုက်ရလေတော့၏။

''သား . . . လူလေး . . . လူရဲ့ . . . ဒီရုံးခန်းထဲဝင်ခဲ့ကွာ''

ဖခင်၏ ခေါ်သံကြားသည်နှင့် လူရဲသည် ရှုံ့တွန့်တွန့်အမူအရာ လုံးဝမရှိဘဲ ခပ်တည်တည်မျက်နှာဖြင့် ရုံးခန်းထဲသို့ ခြေလှမ်းမှန်မှန်လျှောက်ကာ ဝင်လာလေ၏။

သူသည် စားပွဲရှေ့ဝယ် လက်နှစ်ဖက် နောက်ပစ်ပြီး အိနြေ္ဒရရ ရပ်လိုက်ကာ ဝန်ထောက်မင်းဦးထက်ရှိန်အား အေးစက်စက် မျက်လုံးများဖြင့် ကြည့်လိုက်လေ၏။

ဝန်ထောက်မင်း ဦးထက်ရှိန်သည်ကား သူ၏တစ်ဦးတည်းသော ချစ်မဝသည့် သားဖြစ်သူကို မညှာမတာ ဆော်ပလော်တီးရကောင်းလားဟု ဒေါသအမြက်ထောင်းထောင်းထလျက်မှ လူရဲ၏ မျက်နှာအား မုန်းတီးစွာ စိုက်ကြည့်လိုက်ပြီးနောက် လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

''ဟေ့ကောင်လေး . . . မင်းကငါ့သားကို ပက်ပက်စက်စက် လုပ်ခဲ့တယ်ပေါ့ ဟုတ်လား''



ဟုဒေါသတကြီး မေးလိုက်လေ၏။ ထိုအခါ လူရဲက မခန့်လေးစားရိုင်းပျသော အမူအရာမျိုး မဟုတ်သော်လည်း ရိုကျိုးလွန်းသောအမူအရာမျိုးလည်း မဟုတ်ဘဲ ရှုတည်တည်အနေအထားဖြင့် သာ တစ်လုံးချင်း ပြန်ပြောလိုက်လေ၏။

''ဦးမင်းရဲ့သားက ကျွန်တော့်ကို မျက်နှာဖြတ်ရိုက်ဖို့ ကြိုးစားပြီး တရစပ်စတိုးတာပါ၊ ဒါကြောင့် ကျွန်တော်က ခုခံကာကွယ် လိုက်ရတာပါ၊ တစ်ယောက်တစ်ယောက်ချင်း သူကစိန်ခေါ်ပြီး စထိုးခဲ့တာပါ''

ဟုခပ်အေးအေးလေသံဖြင့် ရှင်းပြလိုက်လေ၏။ သို့သော် ဝန်ထောက်မင်း ဦးထက်ရှိန်မှာ ဒေါသတကြီးဖြင့် စားပွဲကို ဒုံးခနဲ ထုလိုက်ပြန်ပြီး . . .

''မလိုချင်ဘူး . . . ဆင်ခြေဆင်လက် မလိုချင်ဘူး . . . ငါ့သားကို ပက်ပက်စက်စက် လူမဆန်အောင် လုပ်ခဲ့တဲ့ မင်းကို လုံးဝခွင့် မလွှတ်နိုင်ဘူး''

ဟု တောက်တောက်ခါးခါး ပြောလိုက်ပြီးနောက် မြို့ပိုင် ဦးမြတ်သာဘက်သို့ ချာခနဲလှည့်ကာ . . .

''ဦးမြတ်သာ . . . ခင်ဗျားရဲ့သားကို ကျုပ်ဆုံးမရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကျေနပ်ရဲ့လား''

ဟုခပ်ပြတ်ပြတ် မေးလိုက်လေတော့၏။ မြို့ပိုင်ဦးမြတ်သာမှာကား လူငယ်ချင်း ရန်ဖြစ်သည့်ကိစ္စအတွက် ဝန်ထောက်မင်း၏ အိမ်သို့ လိုက်သွားပြီး တောင်းပန်စဉ်က ဗညားရှိန်ရရှိသော ဒဏ်ရာဒဏ်ချက်တို့ကို တွေ့မြင်ခဲ့ရသဖြင့် ဗညားရှိန် မရှုမလှ ခံလိုက်ရခြင်းအပေါ် ဝန်ထောက်မင်း ဘယ်နည်းနှင့်မျှ အခဲကြေမည် မဟုတ်ကြောင်း ရိပ်မိခဲ့ပြီးဖြစ်၏။

ထိုသို့ အခဲမကြေမှုကြောင့် ဆုံးမရန် တောင်းဆိုလာခြင်းအား မလိုက်လျောခဲ့ပါက သူ့သားဗညားရှိန်၏ ဒဏ်ရာတို့နှင့် ပတ်သက်ပြီး ဆရာဝန်အား ဆေးစာကို ပုံကြီးချဲ့ရေးစေကာ ပုလိပ်ဌာနသို့ လည်ဆည်အမှုဖွင့်လျက် လူရဲကိုထောင်မကျကျအောင် လုပ်တော့မည်မှန်းရိပ်မိသဖြင့် ...

''ကျွန်တော် ကျေနပ်ပါတယ် ဝန်ထောက်မင်း...ကျွန်တော့်ရဲ့သားကို ဆုံးမပါခင်ဗျာ''

ဟုမလွှဲမရှောင်သာစွာ [illegible]လျော့ခွင့်ပြုလိုက်ရပြီးနောက်၊ သားဖြစ်သူအား မကြည့်ရက်သဖြင့် မျက်နှာလွှဲကာသာ ရုံးခန်းထဲမှ ထွက်လာခဲ့တော့၏။



ဝန်ထောက်မင်း ဦးထက်ရှိန်သည်ကား သူ၏သားအတွက် လက်စားချေဆုံးမရန် စားပွဲကို ပတ်ထွက်လာပြီးနောက် လူရဲ၏ မျက်နှာအား လက်သီးဖြင့် အားပါးတရ ထိုးချလိုက်တော့၏။

''ခွပ်''

ခနဲမြည်သံနှင့်အတူ လူရဲ၏ နှုတ်ခမ်းဘယ်ဘက်ထောင့်မှ သွေးတို့ ယိုစီးကျလာပြီး လူရဲ၏ ကိုယ်သည်လည်း ယိမ်းယိုင်သွားလေ၏။

''မှတ်ထား...နောက်...ငါ့သားကိုလုပ်ဦး...ခွေးမသားတာလက်ဒီဖူး''

ဟုဆဲဆိုအော်ဟစ်ပြီးနောက် လူရဲအား ဆက်တိုက် ထိုးကြိတ်တော့၏။

လူရဲကား လက်နှစ်ဖက် နောက်ပစ်ထားလျက် အနေအထား မပျက်ယွင်းစေဘဲ ယိမ်းယိုင်လျက်ရှိသော ကိုယ်ကိုထိန်းကာ ဝန်ထောက်မင်း၏ ထိုးကြိတ်သမျှကို ပေခံလျက်ရှိတော့၏။

ဝန်ထောက်မင်း ဦးထက်ရှိန်ကား ပေခံနေသော လူရဲအား မညှာမတာ တရစပ် ထိုးကြိတ်နေလေရာ...

''ခွပ်...ခွပ်...ဖုံး''

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံများနှင့်အတူ အင့်ခနဲ အင့်ခနဲ လူရဲ၏ အံကြိတ်ငြီးတွားသံတို့ ဝန်ထောက်မင်း ရုံးခန်းထဲမှ ထွက်ပေါ်လျက်ရှိတော့၏။

နောက်ဆုံးဝယ် အရှိက်သို့ ထိုးချလိုက်သော လက်သီးဒဏ်ကိုမခံနိုင်တော့ဘဲ လူရဲမှာ ရုံးခန်းကြမ်းပြင်ပေါ်သို့ ခွေလဲကျသွားရှာတော့၏။

သို့တိုင် သူ၏နောက်ပစ်ထားသော လက်နှစ်ဖက်ကို မဖြုတ်ဘဲ ကိုယ်ကိုကွေးကာသာ တအင်းအင်းဖြင့် ငြီးငြူနေရှာတော့၏။ ထိုအခါမှ အတော်မောသွားပြီဖြစ်သော ဝန်ထောက်မင်းကြီး၏ ဆုံးမတော်မူခန်းသည်လည်း နိဋ္ဌိတံသွားလေ၏။

✠ ✠ ✠

ဒေါ်ငြိမ်းသည် ရင်နှစ်သည်းချာ သားဖြစ်သူ၏ မျက်နှာမှ မှုန်ဆောင်လျက်ရှိသော ဒဏ်ရာဒဏ်ချက်များအား ကြင်နာစွာ ကြပ်ထုပ်ထိုးပေးနေရင်းမှ မျက်ရည်တွေတွေကျလျက်ရှိလေ၏။

ဦးမြတ်သာသည် သားဖြစ်သူ၏ အိပ်ခန်းထဲသို့ ဝင်လာပြီးနောက် တည်ငြိမ်သောမျက်နှာဖြင့် ကြပ်ထုပ်အထိုးခံလျက်ရှိသည့် လူရဲ၏ ပုခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်ကာ ဒဏ်ရာဒဏ်ချက်များ ပြည့်နှက်နေသည့် မျက်နှာနုနုလေးအား စိတ်မကောင်းခြင်းကြီးစွာ ကြည့်လိုက်ရင်းမှ အိနှင့်သောအသံဖြင့် ဖြည်းလေးစွာ ပြောလိုက်လေ၏။

"သား . . . သားကိုအဖေ ကာကွယ်မပေးနိုင်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါကွယ်''

ဦးမြတ်သာ၏ အသံသည် ပြောရင်းတိမ်ဝင်သွားရာ လူရဲက ဖခင်၏မျက်နှာအား မော့ကြည့်လိုက်ပြီးနောက်...

''အဖေ့ကို ခွင့်လွှတ်ပါတယ်အဖေ၊ ဒါပေမယ့် သား ဦး ထက်ရှိန်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး...သူ့ကို သားတစ်နေ့ လက်စားချေမယ်''

ဟုခိုင်မာစွာ ပြောလိုက်ပါတော့သတည်း။

✠ ✠ ✠

## အန္တရာယ်ခရီး၏နိဒါန်း

နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်သည် ဝန်ထောက်မင်း အိမ်၏ အိမ်ရှေ့ဝရံတာရှိ ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ကိုယ်ကို [illegible]လျှော့ပြုကာထိုင်ရင်း ဒန်းဟေးလ် ဆေးတံကြီးကို ဖွာလျက် ရှိလေ၏။

သူသည် ဆေးတံကို အဆက်မပြတ် ဖွာနေရင်းမှ ချင်းတွင်း မြစ်အနောက်ဘက်ကမ်းရှိ တောင်တန်းများဆီသို့ ငေးမျှော်ကြည့်လျက် ရှိပြီး သက်ပြင်းကိုလည်း အခါခါချလျက်ရှိလေ၏။

ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းရှိ တောင်တန်းများနှင့် နာဂတောင်ထိုးပေါ်ရှိ ခေါင်းမာလှသော တိုင်းရင်းသားများနှင့် မ(...)

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရမည့် အရေးကိုတွေးပူရင်း သက်ပြင်းကို အခါခါချနေမိခြင်း ဖြစ်ပေ၏။

သာမန်အားဖြင့် မည်သူ့ကိုမျှ ပြဿနာမရှာဘဲ တောင်ယာလုပ်ငန်းကိုသာ အေးအေးလူလူလုပ်ကာ ရိုးသားအေးချမ်းစွာ နေထိုင်စားသောက်လေ့ရှိကြသော ချင်းတောင်တန်း၊ နာဂတောင်ရိုးပေါ်မတိုင်းရင်းသား ချင်းများ၊ နာဂများနှင့် သူ့အကြား ထိပ်တိုက်ရင်ဆိုင်ပြဿနာဖြစ်လာရမည့်အရေး စတင်ဖန်တီးလာမှုမှာ မျက်မှောက်ကမ္ဘာ့အရေးနှင့် နီးနွယ်သက်ဆိုင်လျက်ရှိလေ၏။

ခရစ်နှစ် (၁၉၁၄)ခုနှစ် အလယ်ခန့်ဝယ် ကမ္ဘာ့အရေးသည် ရုပ်ချည်းပေါက်ကွဲ လှုပ်ရှားလာခဲ့၏။ စစ်ပြင်ဆင်ကာ တစ်ဦးနှင့်တစ်ဦး ရန်ဆောင်လျက်ရှိကြသော နယ်ချဲ့ဝါဒီ ဥရောပနိုင်ငံတို့ အကြားလိပ်ခဲတည်းလည်း ဖြစ်နေမှုမှာ ယင်းကာလဝယ် စတင် ပေါက်ကွဲလာတော့၏။

ယင်းပေါက်ကွဲမှု ဖြစ်ပေါ်လာရန် စေ့ဆော်လိုက်သည့် လတ်တလော အကြောင်းရင်းမှာကား (၁၉၁၄)ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့တွင် ဘော့စနီးယားပြည်၊ ဆာရာယေဗို (SARAJEVO) မြို့သို့ ခေတ္တခဏ အလည်အပတ် ရောက်ရှိနေသော ဩစတြီးယားနိုင်ငံ၏



အိမ်ရှေ့မင်းသား အာ့စ်ဒျူဖရန့်ဇ်ဖာဒီနန် (ARCH DUKE FRANZ FERDINAND) နှင့် ကြင်ယာတော်တို့အား အကြမ်းဖက်ဂိုဏ်းသားတစ်ဦးက လုပ်ကြံသတ်ဖြတ်လိုက်ခြင်းပင် ဖြစ်ပါ၏။

ယင်းသို့ အိမ်ရှေ့စံမင်းသား လုပ်ကြံသတ်ဖြတ်ခံရမှုကို လုံးဝမကျေနပ်သော ဩစတြီးယား အစိုးရက ဆာဗီးယားပြည်အား တောင်းဆိုချက်များစွာနှင့်အတူ (၁၉၁၄) ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် ပြင်းထန်သော ရာဇသံပို့လိုက်ပြီး (၄၈)နာရီအတွင်း အကြောင်းပြန်ကြားရန် အပူတပြင်း တောင်းဆိုခဲ့လေ၏။

ဩစတြီးယားနိုင်ငံ၏ တောင်းဆိုချက်အတော်များများကို လက်မခံနိုင်ကြောင်း ဆာဗီးယားအစိုးရက ငြင်းပယ်လိုက်ရာ ဩစတြီးယားက ဆာဗီးယားအား (၁၉၁၄)ခုနှစ် ဇူလိုင်လ (၂၈)ရက်နေ့တွင် စတင်စစ်ကြေငြာလိုက်တော့၏။

ဤသည်မှာ ပထမကမ္ဘာစစ်ကြီး၏ အစပင်တည်း။

ရုရှားနှင့် ပလဲနံပသင့်သော ဩစတြီးယားက စစ်ကြေငြာသောအခါ ဂျာမနီက ရုရှားကို ဩဂုတ်လ (၁)ရက်နေ့တွင် စစ်ကြေငြာလိုက်ပြီး ပြင်သစ်ကိုပါ ဩဂုတ်လ (၃)ရက်နေ့တွင် စစ်ကြေငြာလျက် ဂျာမနီစစ်တပ်ကြီးသည် ဘယ်လ်ဂျီယမ်ပြည်ကို ကျူးကျော်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်သိမ်းပိုက်တော့၏။

ထိုရောအခါ ဘယ်လ်ဂျီယမ်၏ မဟာမိတ်ဖြစ်သော ဗြိတိသျှတို့လည်း လက်ပိုက်ကြည့် မနေသာတော့ဘဲ ဂျာမနီကို စစ်ကြေငြာကာ ကမ္ဘာစစ်ထဲသို့ ဝင်ပါလာရလေတော့သည်။

ယင်းသို့လျှင် ကမ္ဘာစစ်မီးတောက်ထဲသို့ ဝင်ရောက်တိုက်ခိုက်လိုက်သော ဗြိတိသျှအစိုးရသည် သူတို့၏ ကိုလိုနီနယ်ပယ်များမှ စစ်သားသစ်များ ရရှိရေးအတွက် အပူတပြင်း စီစဉ်လာတော့၏။

ထိုရောအခါ အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်၏ (၁၈၈၆) ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့စွဲပါ ကြေငြာချက်ဖြင့် သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရသော မြန်မာနိုင်ငံမှလည်း စစ်သားသစ်များ ရှာဖွေစုဆောင်းပေးပို့ရန် ကိစ္စဖြစ်ပေါ်လာတော့သည်။

ဗြိတိသျှနယ်ချဲ့ အစိုးရ၏ ကိုလိုနီနိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ စစ်သားသစ်များ ရရှိစေရေးအတွက် နိုင်ငံအနှံ့အပြားဝယ် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဗြိတိသျှအစိုးရ၏ အရာရှိများမှာ ဆင့်ကဲဆင့်ကဲ တာဝန်ပေးချက်များအရ မိမိတို့အုပ်ချုပ်ရာဒေသဝယ် ကော်မတီများဖွဲ့စည်းပြီး အမြန်ဆုံး စစ်သားစုဆောင်းပေးရန် တာဝန်ကျလောတော့၏။



ဤချင်းတွင်းဒေသဝယ် တာဝန်ယူနေရသော နယ်ပိုင်ဝန်ထောက် ဦးထက်ရှိန်အနေဖြင့် သူ၏အထက်အရာရှိ အရေးပိုင် မစ္စတာစမစ်၏ တာဝန်ပေးချက်အရ သူကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ မြို့ပိုင်ဦးမြတ်သာအား အတွင်းရေးမှူးအဖြစ် တာဝန်ယူစေလျက် စစ်သားစုဆောင်းရေး ကော်မတီကို ဖွဲ့စည်းခဲ့ရလေ၏။

ယင်းကော်မတီဝယ် ကော်မတီဝင်များအဖြစ် မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးများဖြစ်သော သစ်စက်ပိုင်ရှင် သူဌေးဦးကြာပိုင်၊ ပွဲစားကြီး ဦးဘိုးဟန်၊ ဆန်စက်ပိုင်ရှင်သူဌေး ဦးလှဆိုင်စသော ပုဂ္ဂိုလ်များကို ထည့်သွင်းထားလိုက်လေ၏။

ယင်းသို့ စစ်သားသစ်များ ရရှိရေး ကော်မတီဖွဲ့စည်းပေးပြီးဖြစ်သော်လည်း လိုအပ်သော စစ်သားသစ်များ မရရှိသေးသဖြင့် နယ်ပိုင်ဝန်ထောက် ဦးထက်ရှိန်မှာ သက်ပြင်းခါခါချနေမိခြင်း ဖြစ်ပေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

''ကဲ . . . ဘယ်လိုလဲ . . . မစ္စတာထက်ရှိန် . . . ကျွန်ုပ်တို့ အစိုးရလိုချင်တဲ့ စစ်သားတွေ ခုထိမရသေးပါလား''

ဘိုတဲ၏ ညှော်ခန်းရှိ ဆက်တီခုံများပေါ်ဝယ် ဝိုင်းထိုင်နေလျက်မှ မျက်နှာဖြူအရေးပိုင် မစ္စတာစမစ်သည် ပီစကီဖန်ခွက်ကို စားပွဲပေါ်သို့ ချလိုက်ပြီးနောက် နယ်ပိုင်ဝန်ထောက် ဦးဟက်ရှိန်အား အလိုမကျသလိုကြည့်ကာ ခပ်မာမာမေးလိုက်လေ၏။

နယ်ပိုင်ဝန်ထောက် ဦးထက်ရှိန်မှာ သက်ပြင်းကြီးချလိုက်ပြီးနောက် စိတ်မသက်သာစွာ ပြောလိုက်လေ၏။

''ဟုတ်ပါတယ် ကော်မရှင်နာ . . . ကျွန်တော်လည်း အဲဒီကိစ္စအတွက် ခေါင်းခဲနေတာပါပဲ၊ ခက်တာက ချင်းနဲ့နာဂတောင်တန်း



ဒေသက တိုင်းရင်းသားတွေကိုမှ စစ်သားသစ်အဖြစ် လိုချင်တယ်ဆိုတော့ ကျွန်တော်တို့မှာ စစ်သားစုဆောင်းဖို့ အတော်ခက်နေပါတယ် ကော်မရှင်နာ''

''ဘာဖြစ်လို့ ခက်နေရတာလဲ မစ္စတာထက်ရှိန်... သူတို့ကို စစ်ကြီးပြီးရင် နှစ်လုံးပြူးသေနတ်နဲ့ ဓားကောင်းကောင်းတွေ ဆုလာဘ်အဖြစ် ပေးမယ်၊ စစ်သားဖြစ်သွားတာနဲ့ ကျွန်ုပ်တို့ဗြိတိသျှအစိုးရက လစာရိက္ခာပေးမယ်လို့ပြောပြီးစည်းရုံးပေါ့''

''ဟိုတစ်ခါကလည်း အဲဒီလို နည်းမျိုးစုံနဲ့ စည်းရုံးပြီး ဖလမ်းဒေသက ချင်းတွေ၊ စစ်သားတွေအဖြစ် ပို့ပေးခဲ့ပြီးပါပြီ ကော်မရှင်နာ၊ ဒါပေမယ့် အဲဒီစစ်သားတွေ သေသလား၊ ရှင်သလားဆိုတာတောင် သူတို့ရဲ့မိသားစု၊ ဆွေမျိုးသားချင်းတွေက ခုထိမကြားရတော့ နောက်လူတွေကို စုစည်းရာဖွေဖို့ ခက်နေပါတယ် ကော်မရှင်နာ''

''အင်း... အဲဒီတုန်းကတော့ ပါးရှားပင်လယ်ကွေ့အဖျားက ဗာဆာရာဒေသကို သိမ်းပိုက်ပြီး ပါရှားပြည်က သွယ်တန်းလာတဲ့ ရေနံပိုက်လိုင်းတွေကို ကာကွယ်စောင့်ရှောက်ဖို့ အခြားကိုလိုနီနိုင်ငံတွေက စစ်သားသစ်တွေနဲ့အတူ သူတို့ကို ခေါ်ခဲ့ရတာပဲလေ''

''အင်း . . . ဘာပဲဖြစ်ဖြစ် မစ္စတာထက်ရှိန်နဲ့ ဒီ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မြတ်သာတို့ တိုင်ပင်ပြီး စစ်သားအသစ်တွေ ရရှိစေဖို့ အမြန်ဆုံးစု
ဆောင်းပါ''

''ဟုတ်ကဲ့ပါ...ကော်မရှင်နာ''

✠ ✠ ✠

နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်မှာ သူ့နယ်ပိုင်ရုံးထဲရှိ အစည်းအဝေးခန်းထဲဝယ် ဝိုင်းထိုင်နေကြသော စစ်သားသစ်စုဆောင်းရေး ကော်မတီအဖွဲ့ဝင်များကို ဝေ့ဝဲအကဲခတ်ကြည့်လိုက်ရာမှ...

''ကျုပ်တို့တော့ ခေါင်ဆိုင်ချင်းတွေနဲ့ နာဂတွေဆီက တပ်သား သစ်တွေ မပြစ်မနေရရှိဖို့ အမြန်ဆုံး လုပ်ဆောင်ရတော့မယ်ဗျ''

''ဒီတော့ ခေါင်ဆိုင်ချင်းတွေနဲ့ရော နာဂတွေနဲ့ပါ ရင်းနှီးမှုရှိတဲ့ ကော်မတီအဖွဲ့ဝင် ဦးကြီးဦးဘိုးဟန်နဲ့ အတွင်းရေးမှူး ဦးမြတ်သာတို့ ဦးဆောင်ပြီး ခေါင်ဆိုင်ချင်းတောင်တန်းနဲ့ နာဂတောင်တန်းတွေဘက် ခရီးထွက်ရမယ်''

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီက စော်ဘွားတွေ၊ ကျေးရွာအကြီးအကဲတွေအတွက် လက်ဆောင်ပစ္စည်းတွေ ကျုပ်ပေးလိုက်မယ်၊ သူတို့ကို လက်ဆောင်ပစ္စည်းတွေပေးပြီး တပ်သားစုဆောင်းပေးနိုင်တဲ့ စော်ဘွား၊ ရွာအကြီးအကဲတို့ကို ဗြိတိသျှအစိုးရက နှစ်လုံးပြူးသေနတ်တစ်လက်စီ ဆုချမယ်လို့ မက်လုံးပေး စည်းရုံးရမယ်"

"အဲဒီကိစ္စကို နှစ်ရက်အတွင်း စတင်စီစဉ်လုပ်ဆောင်ပါ၊ နာဂတောင်တန်းဒေသတွေဆီ စည်းရုံးရေးဆင်းဖို့ ဦးမြတ်သာ တာဝန်ယူပါ၊ ခင်ဗျားပြန်လာရင် ကျုပ် သတင်းကောင်းကြားချင်ပါတယ်"

"ဟိုနေ့က ဘိုတဲမှာ အရေးပိုင်ကြီး ပြောသွားတာကို ခင်ဗျားကိုယ်တိုင် ကြားခဲ့တာပဲလေ၊ ကျုပ်တို့ စစ်သားသစ်တွေ မဖြစ်မနေ ရှာဖွေစုဆောင်းပေးရမယ်၊ သူတို့က သူတို့ကို တော်လှန်ဖို့ အမြဲကြံစည်နေတဲ့ တော်လည်းတော်လှန်ဖူးတဲ့ ရှမ်းတွေနဲ့ ဟိုတစ်ခါ စစ်သားသစ်အဖြစ် ခေါ်ယူဖူးတဲ့ ဖလမ်းဒေသက ချင်းတွေကို မလိုချင်ဘူး"

"နာဂတောင်တန်းဘက်က ခေါင်းဆိုင်ချင်းတွေနဲ့ နာဂတွေကိုပဲ တပ်သားသစ်အဖြစ် လိုချင်တယ်၊ ဒီတော့ ခင်ဗျားတို့ နှစ်ရက်အတွင်း ခရီးထွက်ပါ၊ လိုအပ်တဲ့ လူသူလက်နက်နဲ့ စကားပြန်ကိစ္စ ကျုပ်စီစဉ်



ပေးလိုက်မယ်"

"ဟုတ်ကဲ့ပါ နယ်ပိုင်မင်း"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညမှာပင် မြို့ပိုင်ဦးမြတ်သာမှာ သူခရီးထွက်ရတော့မည် ဖြစ်ကြောင်း ဇနီးသည် ဒေါ်ငြိမ်းဝေနှင့် သားဖြစ်သူ လူရဲတို့အား ညစာစားပြီးသည်နှင့် အသိပေးလိုက်တော့၏။

"ဟင်... အဲဒီ ခေါင်ဆိုင်ချင်းတွေနဲ့ နာဂတွေက ဗြိတိသျှ အစိုးရ အရာရှိတွေဆို သိပ်မုန်းတယ်လို့ ပြောသံကြားဖူးတယ် ... ကိုကို့အတွက် ရန်များနေပါဦးမယ်ရှင်"

"သူတို့ရဲ့ ကျေးရွာအကြီးအကဲတွေ၊ စော်ဘွားတွေကို လက်ဆောင်ပေးသွားမှာပဲ မငြိမ်းရယ်၊ စစ်သားစုဆောင်းရရှိဖို့လည်း အခြေအနေကြည့်ပြီး စကားပြောဆိုမှာပါ၊ အန္တရယ်မဖြစ်နိုင်ပါဘူး"



"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကိုကို့အတွက် စိတ်ပူမိတယ်ရှင်"

မျက်စေ့မျက်နှာ အပျက်ပျက်ဖြင့် ညည်းညူပြောဆိုနေရှာသော မိခင်အားငေးကြည့်နေရာမှ လူရဲကဝင်ပြောလိုက်၏။

"အဖေ့အတွက် အမေစိတ်ပူတယ်ဆိုရင် သားအဖေတို့ အဖွဲ့နဲ့အတူ လိုက်ပါသွားမယ်လေ အမေ... အဲဒီ နာဂတောင်တန်းတွေဘက်လည်း သားတစ်ခါမှ မရောက်ဖူးလို့ ရောက်ဖူးအောင် လိုက်သွားချင်တယ်၊ ပြီးတော့ မက်ထရစ်စာမေးပွဲ ဖြေပြီးကတည်းက ချင်းအမျိုးသား ဖာသာကြီးနော်ဇာဆီကနေ ချင်းစကားကို သားသင်နေတာ အတော်တတ်နေပြီ။ သားလိုက်သွားတော့ အဖေ့အတွက် စကားပြန်လုပ်ပေးလို့ရတာပေါ့"

"အဲဒီ တိုင်းရင်းသားတွေက သူတို့ရဲ့ ဘာသာစကားကို တတ်ကျွမ်းသူဆိုရင် သိပ်သဘောကျပြီး ရင်းနှီးခင်မင်ဖို့လည်း လွယ်တယ်အမေရဲ့၊ ပြီးတော့ ဂေါ်ရခါးတပ်ကြပ်ကြီး ဗလာဒူးဆီက သင်ပေးလို့ သားကခုဆို ပင်ချက်စတာ အမဲပစ်ရိုင်ဖယ်ကိုရော အခြားသေနတ်တွေပါ ကောင်းကောင်းပစ်တတ်နေပြီ၊ အဖေတို့အဖွဲ့အတွက် ရိက္ခာလိုရင်လည်း အမဲပစ်ပေးလို့ရတယ်၊ ဘာပဲဖြစ်ဖြစ် သား[illegible]ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့ အဖေ့အတွက် အားရှိတာပေါ့ အမေ''

ဖခင်ဖြစ်သူ၏ နာဂတောင်တန်းဒေသ ခရီးစဉ်တွင် စိတ်ပါဝင်စားစွာဖြင့် အတူလိုက်ပါလိုသော ဆန္ဒကြောင့် လူရဲက တဝ္ဝတ်တွတ်ပြောဆိုပြီး နားပူနားဆာ လုပ်လာရာ ဒေါ်ငြိမ်းဝေမှာလည်း အားကိုးရသော ဤသားကို ဖခင်နှင့်အတူ ထည့်လိုက်ပါက တစ်ယောက်တည်း လွှတ်ရတာထက်စာလျှင် သားအဖနှစ်ယောက် အတူလွှတ်ရသည်က တိုးတိုးဖေါ်၊ စိတ်အချရဆုံး ခရီးဖေါ်ရသည်ဟု ယုံကြည်ယူဆမိပြီး သားဖြစ်သူအား ထိုခရီးကို လိုက်ပါခွင့်ပြုလိုက်လေတော့၏။

ခရီးထွက်ရမည့်ဖြစ်သဖြင့် လိုအပ်သော အသုံးအဆောင်ပစ္စည်းလေးများ ဝယ်ယူရန် မြို့လယ်ပိုင်းရှိ ဈေးသို့ လူရဲစက်ဘီးနင်းကာထွက်လာခဲ့လေ၏။

သူဈေးထဲ လှမ်းဝင်ခဲ့တော့ ဈေးအဝရှိ အရှောင်၏ ဒေါက်ဆွဲဆိုင်ဝယ် စားပွဲတစ်လုံး၌ လူတစ်ဦးနှင့်အတူ ထိုင်နေသော ဗညားရှိန်ကိုတွေ့ရ၏။ သူ စက်ဘီးကို ဒေါက်ထောက်ရပ်ပြီး သော့ခတ်နေကတည်းက ဗညားရှိန်မြင်ပုံရလေသည်။

သူဈေးထဲ လှမ်းပင်လာရင်း အရှောင်၏ ဆိုင်ဘက်သို့ မျက်လုံးအကြည့်ရောက်သွားတော့ သူ့အားစူးစူးရဲရဲ စိုက်ကြည့်နေသော ဗညားရှိန်ကိုတွေ့ရ၏။ သူနှင့်ဗညားရှိန်မှာ လွန်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ခန့်က သောင်ပြင်ပေါ်ဝယ် ရန်ပွဲဆင်နွဲပြီးကတည်းက မဟာရန်သူကြီးများပမာ သဘောထားကာ တစ်ဦးကိုတစ်ဦး မကျေလည်သောအကြည့်မာမာစူးစူးတို့ဖြင့်သာ ကြည့်မိကြ၏။ ဗညားရှိန်၏ အကြည့်ကနာကြည်းခံပြင်းမှု ဒေါသအမုန်းတို့ အခြေခံပြီး လှူရဲ၏အကြည့်ကရှုံ့ရှာစက်ဆုတ်မှု ထိမထင်မှုကိုအခြေခံကာ ရန်မီးတဖျားဖျား အကြည့်မျိုးနှင့် နှစ်ဦးဆုံတိုင်း ရန်စောင်ကြည့်မိနေကြခြင်းဖြစ်၏။

သို့သော် မိဘများ၏ တားမြစ်မှုများကြောင့် လှူရဲက ဗညားအား ရန်သတ္တုမပြုရန် မစဉ်းစားသလို၊ ဗညားရှိန်မှာလည်း လှူရဲ၏တိုက်ခိုက်မှု စွမ်းရည်နှင့် သတ္တိကို မြည်းစမ်းပူးပြီး ဖြစ်သဖြင့် ကိုယ်ထိလက်ရောက် ရန်စကာလက်စားချေ တိုက်ခိုက်ဖို့ မဝံ့ရဲရကား၊ အံတကြိတ်ကြိတ်ဖြင့်သာ ရန်လိုစွာစောင်းငန်း စောင်းငန်းကြည့်နေမိခြင်းဖြစ်လေ၏။

ထို့ကြောင့်လည်း သူတို့နှစ်ဦးမှာ မည်သည့်အခါတွင်မှ ထိပ်တိုက်ရင်ဆိုင်ပြဿနာဖြစ်မှု ထပ်မံမရှိတော့ဘဲ ကျောင်းတော်က ရန်စမီးကိုသာ ကိုယ်စီရင်ထဲမှာ မွှေးနေမိကြ၏။

ယခုလည်း ဗညားရှိန်မှာ လှူရဲအား မုန်းတီးနာကြည်းစွာစူးစူးရဲရဲ လိုက်ကြည့်နေသလို လှူရဲကလည်း ပမာမခန့်ပြန်ကြည့်ပြီး



ဈေးထဲသို့ဝင်ခဲ့စဉ် ဗညားရှိန်က သူ၏နံဘေး၌ ထိုင်နေသော အသားဖြူစပ်စပ် ဆံပင်ရှည်ရှည်နှင့် ဗလတောင့်တောင့်လူကို တစ်စုံတစ်ရာပြောလိုက်ကြောင်း သတိထားလိုက်မိလေ၏။ သူ့ထံသို့ လက်ညှိုးညွှန်ပြပြောလိုက်ခြင်းကြောင့် သူ့အကြောင်းအပုတ်ချ ပြောလိုက်ခြင်းဖြစ်မည်ဟု လှူရဲယူဆလိုက်မိပါ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာနေညိုချိန်သမယဝယ်...

သဲသောင်ပြင်ပေါ်၌ နှစ်ဦးသားထိုင်ရင်း တသွင်သွင်စီးဆင်းလျက်ရှိသည့် ချင်းတွင်းမြစ်ပြင်ကို ငေးကြည့်နေရာမှ မောင်ညိုက သက်ပြင်းချပြီး လူရဲကို လှည့်ကြည့်လိုက်ကာ...

"မင်းတို့ရဲ့ ခရီးစဉ်မှာ စိုင်းဒေါင်းနက်က စကားပြန်အဖြစ် ပါမယ်လို့ ငါသတင်းကြားတယ် လူရဲ...ဒီကောင်ဟာ မင်းအတွက်တော့ မြွေတစ်ကောင်ဖြစ်လိမ့်မယ်လို့ ငါထင်တယ်"

ဟုဆိုင်းမဆင့် ဗုံမဆင့်ပြောချလိုက်ရာ လူရဲက မောင်ညိုကို နားမလည်အံ့အားသင့်စွာ လှည့်ကြည့်လိုက်ကာ...



"ဘာကွ...မောင်ညို...စိုင်းဒေါင်းနက်ဆိုတဲ့လူဟာ ငါ့အတွက် မြွေဟုတ်လား...ဘာဖြစ်လို့လဲ"

ဟုမျက်မှောက်ကုပ်ကာကြည့်ရင်း မေးလိုက်လေတော့၏။

မောင်ညိုက လူရဲအား စိုက်ကြည့်ရင်း တွေးတွေးဆဆ အမူအရာဖြင့် ...

"ဒီလိုကွ...အဲဒီ စိုင်းဒေါင်းနက်က ငါတို့နယ်သားမဟုတ်ဘူး...ရှမ်းပြည်နယ်ဝန်းသိုဘက်က လာခဲ့တာလို့ သိရတယ်၊ အဲဒီလူဟာ ကယား၊ ရှမ်း၊ ချင်းဒေသအားလုံး မွှေနှောက်ရောက်ဖူးပြီး ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ စော်ဘွားကြီးရဲ့ လူယုံသက်တော်စောင့်အဖြစ် ပါဖူးတယ်လို့ သိရတယ်"

"ဒီလူက အခြားရှမ်းအမျိုးသားတွေလို မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တကယ်ရှိလို့ ကုလားဖြူကို တွန်းလှန်ဖို့ ဝန်းသိုစော်ဘွားကြီးရဲ့အနားကပ်နေတာမဟုတ်ဘူး၊ စော်ဘွားကြီးရဲ့ ကုလားဖြူ အာခံရေးတိုက်ပွဲကြီး အောင်မြင်သွားရင် သူတော့ရှမ်းပြည်နယ်က မြို့တစ်ခုခုကို အပိုင်စားရချေရဲ့ဆိုပြီး စော်ဘွားရှူးရှူးနေတဲ့ လူတဲ့ကွ"

"စော်ဘွားကြီးဘက်က အရေးလည်းနိမ့်ရော စော်ဘွားကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့တပ်က တူမီးသေနတ် ငါးလက်နဲ့ စော်ဘွားကြီးရဲ့ မိသားစုပိုင် အတွင်းရတနာပစ္စည်း အတော်များများကို ခိုးယူပြီး ဗြိတိသျှစစ်တပ်က ကပ္ပတိန် ရမ်းဒါးဆီ ပြေးအပ်ခဲ့တယ်။ ပြီးတော့ စော်ဘွားကြီးရဲ့ လျှို့ဝှက်ခံတပ်စခန်းတွေရဲ့ တည်နေရာကိုလည်း သတင်းပေးခဲ့လို့ ကပ္ပတိန်ရမ်းဒါးတို့တပ်ဟာ စော်ဘွားကြီးရဲ့ လျှို့ဝှက်ခံတပ်အချို့ကို လျှို့ဝှက်လမ်းကတတ်ပြီး တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့တယ်၊ အဲဒီနောက ပိုင်းမှာတော့ စော်ဘွားကြီးတို့ဘက်က အစစအရေးနိမ့်ပြီး တပ်ပျက် သွားရတဲ့အထိ ဖြစ်သွားခဲ့ရတယ်''

''စိုင်းဒေါင်းနက်ကတော့ ဘုရင်ခံဆီက နာမည်ကောင်း လက်မှတ်နဲ့ ငွေဓားဆုရခဲ့တယ်၊ အဲဒီကတည်းက သူဟာ ဗြိတိသျှ အစိုးရအရာရှိတွေနဲ့ ပလဲနံ့ပသင့်ခဲ့ပြီး အခုလောလောဆယ် သူ့နဲ့ ပလဲနံ့ပအသင့်ဆုံး ဗြိတိသျှအစိုးရ အရာရှိကတော့ ဗညားရှိန်ရဲ့အဖေ နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်ပဲတဲ့ကွ''

''အဲဒီလူဟာ ရှမ်းစကား၊ ဗမာစကား၊ ချင်းစကား၊ ကယား စကား တော်တော်တတ်ပြီး ထက်မြက်သူလို့ သိရတယ်၊ သူ့ကို ဦးထက်ရှိန်နဲ့ ဗညားရှိန်တို့က အတော်အရေးပေးပြီး ပေါင်းသင်းကြ တယ်၊ ဦးထက်ရှိန်တို့ သားအဖ အမဲပစ်ထွက်တိုင်းလည်း စိုင်းဒေါင်း



နက်ကို ခေါ်သွားလေ့ရှိတယ်တဲ့ကွ၊ ကြာတော့ သူဟာ ဝန်ထောက် မင်းဦးထက်ရှိန်နဲ့ ဗညားရှိန်တို့ရဲ့ ညာလက်ရုံးလို ဖြစ်လာတယ်''

''အခု အဲဒီ စိုင်းဒေါင်းနက်ကို မင်းတို့ရဲ့ နာဂတောင်တန်း ခရီးစဉ်မှာ စကားပြန်အဖြစ် လိုက်ဖို့ ဦးဘိုးဟန်နဲ့ ဝန်ထောက်မင်း ဦးထက်ရှိန်တို့က ခေါ်ယူခဲ့ကြတယ်လို့ ကြားရတယ်''

''ခရီးလမ်းပန်း ကြမ်းတမ်းပြီး၊ အန္တရာယ်တူပြောလှတဲ့ နာဂ တောင်တန်းခရီးစဉ်မှာ အစစအရာရာ သတိဝီရိယနဲ့သွားပါ သူငယ် ချင်း... သောင်ပြင်ပေါ်မှာဖြစ်ခဲ့တဲ့ ရန်စအတွက် ဗညားရှိန်ဟာ မင်း အပေါ်ဘယ်လိုမှ အငြိုးမပြေဘူးလို့ သိရတယ်၊ ငါ့ကိုလည်း အမြဲ ရန်စောင်နေပေမယ့် မင်းနဲ့ငါဟာ ခင်မင်တဲ့ သူငယ်ချင်း ဖြစ်သွား မှန်းသိလို့ မင်းရဲ့အရှိန်နဲ့ ဒီကောင် ငါ့ကိုမစော်ကား မထိပါးရဲတော့ တာကွ''

''ဘာပဲဖြစ်ဖြစ် အဲဒီကောင်ဟာ စိုင်းဒေါင်းနက်နဲ့ ပေါင်းပြီး မင်းအပေါ် အကောက်ကြံမှာ ငါစိုးရိမ်တယ်ကွာ၊ တတ်နိုင်ရင် မင်း တို့ရဲ့ ခရီးစဉ်မှာ ငါပါလိုက်ချင်တယ်ကွာ၊ မင်းအတွက် စိတ်မချဘူး သူငယ်ချင်း''

ဟုမောင်ညိုက စိုးရိမ်ပူပန်စွာ ပြောလိုက်ရာ သူ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထားရှိသော မောင်ညို၏ သံယောဇဉ်အတွက် ပီတိဖြစ်သွားပြီး လူရဲက ကျေနပ်စွာ ပြုံးလိုက်ရာမှ...

"သူငယ်ချင်း မောင်ညို၊ မင်းရဲ့သတိပေးမှုအတွက် ငါ ကျေးဇူးတင်ပါတယ်ကွာ၊ ငါ ဗညားရှိန်ကို ဂရုမစိုက်ပါဘူး၊ ဒီကောင် ငါ့ကိုပြောင်ပဲတိုက်တိုက်၊ ကောက်ကျစ်စဉ်းလဲစွာနဲ့ပဲ ယှဉ်တ်မာယှတ်မာ ငါမမှုပါဘူး၊ ဒီကောင်နဲ့ မဟာရန်သူဖြစ်ခဲ့တဲ့ သုံးနှစ်တာ ကာလ အတွင်းမှာ ငါ့ကိုယ်ငါလည်း အဖက်ဖက်က ကြံ့ခိုင်ပြည့်စုံအောင် ကြိုးစားခဲ့ပါတယ်"

"အေး...မင်းကိုသူငယ်ချင်းမို့ ငါ့ရဲ့ရည်ရွယ်ချက်ကို ပြောပြလိုက်မယ်၊ ဗညားရှိန်ဟာ ငါ့အပေါ် အခဲမကြေဘဲ အငြိုးထားသလို ငါကလည်း ငါ့အပေါ် မတရားအနိုင်ကျင့်ခဲ့တဲ့ သူ့ရဲ့အဖေ ဝန်ထောက် ဦးထက်ရှိန်ကို လက်စားချေတုန့်ပြန်ဖို့ အမြဲစိတ်ကူးရည်ရွယ် ပြင်ဆင်နေတယ် မောင်ညို"

"ကဲ...ငါလည်း မနက်ဖြန် ခရီးထွက်ရမှာမို့ စောစောပဲ ပြန်တော့မယ်ကွာ၊ ခရီးထွက်ခါနီး မင်းကိုနှုတ်မဆက်ရသေးလို့ လာနှုတ်ဆက်တာပဲ၊ ပြီးတော့ ဆွေဦးတို့ ဖိုးပြည့်တို့ကိုလည်း ပြောလိုက်ပါကွာ၊ ကဲ...ငါအိမ်ပြန်ပြီ သူငယ်ချင်း"



ဟု နှုတ်ဆက်ကာ ဆည်းဆာချုပ်စမှာပင် မောင်ညိုတို့နှင့် ညနေတိုင်း ဘောလုံးအတူကန်နေကျ သောင်ပြင်ကို ကျောခိုင်းလျက် လူရဲပြန်ခဲ့ပါလေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

## မြွေတစ်ကောင်နှင့် တွေ့ဆုံခြင်း

နံနက်ဝေလီဝေလင်းအချိန်မှာပင် နာဂတောင်တန်းများဘက်သို့ ခရီးထွက်မည့် အဖွဲ့ဝင်များမှာ နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်၏ အိမ်ဝင်းထဲသို့ တစ်ဦးပြီးတစ်ဦး ဝင်ရောက်လာတော့သည်။

အဖွဲ့ဝင်များမှာ မြို့ပိုင် ဦးမြတ်သာနှင့် လူရဲတို့သားအဖ၊ ပွဲစားကြီး ဦးဘိုးဟန်၊ အထမ်းသမား နှစ်ဦးတို့ဖြစ်ပြီး စကားပြန်အဖြစ် လိုက်ပါမည့် စိုင်းဒေါင်းနက်မှာ နောက်ဆုံးမှ စက်ဘီးလေးဖြင့်ရောက်ရှိလာလေ၏။

ဝန်ထောက်မင်း ဦးထက်ရှိန်က ရှမ်းဘောင်းဘီအနက်၊



အင်္ကျီအနက်တို့ကို ဝတ်ဆင်ထားပြီး ခါး၌ပုဝါအဝါစကို ပတ်ချည်ထားသည့် ကိုယ်လုံးထွားထွား၊ အသားဖြူဖြူ၊ ဆံပင်ရှည်ရှည်နှင့်လူရွယ်ကို ညွှန်ပြကာ...

''ဦးမြတ်သာ...အဲဒါ ခင်ဗျားတို့အဖွဲ့ရဲ့ စကားပြန် စိုင်းဒေါင်းနက်ပဲ''

ဟုပြောလိုက်ရာ စိုင်းဒေါင်းနက်ကိုကြည့်ပြီး လူရဲမျက်မှောင်ကုပ်လိုက်မိ၏။

''ဩော်...စိုင်းဒေါင်းနက်ဆိုတာ ဟိုတစ်နေ့က ဈေးထိပ်အရှောင်ရဲ့ ခေါက်ဆွဲဆိုင်မှာ ဗညားရှိန်နဲ့အတူ တွေ့ခဲ့ရတဲ့လူပဲကိုး''

ဟု လူရဲတွေးနေမိစဉ် အိမ်ထဲမှ ဗညားရှိန်ထွက်လာပြီး စိုင်းဒေါင်းနက်အား လက်ယာပ်ခေါ်လိုက်သည်ကို တွေ့လိုက်ရလေ၏။ အိမ်ထဲမှ ထွက်လာလာချင်း လူရဲရပ်နေရာသို့ မျက်လုံးစူးစူးများဖြင့် လှမ်းကြည့်လိုက်သည်ကို လူရဲသတိပြုလိုက်မိသည်။ ယင်းအချိန်မှာပင် မောင်ညို့ပြောခဲ့သည့် စိုင်းဒေါင်းနက်သည် သူ့အတွက်မြွေတစ်ကောင်ဖြစ်လိမ့်မည်ဟူသော စကားကို နားဝယ်ကြားယောင်လိုက်မိလေသည်။

ဝန်ထောက်မင်း ဦးထက်ရှိန်မှာ မြို့ပိုင်ဦးမြတ်သာနှင့်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အား မှာစရာရှိသည်များမှာပြီးနောက်...

''ဦးမြတ်သာ...ဟောဒီထင်းရှူးသေတ္တာထဲမှာ ဒုံးမားစော် ဘွားကြီး ရမ်ခိုနဲ့ ဆာကွန်ရာရွာသူကြီးတို့အတွက် စောင်၊ သန္တာပုတီး၊ ဆားထုပ်တွေနဲ့ ပိတ်အုပ်တွေပါတယ်၊ အရေးကိစ္စအောင်မြင်ရင် နှစ်လုံးပြူးသေနတ် ချီးမြှင့်မယ်လို့လည်းပြော''

ဟုသေချာစွာ ထပ်မှာနေလေ၏။

''ကောင်းပါပြီ ဝန်ထောက်မင်း''

''ကဲ...ကဲ...လူစုံပြီဆိုရင် ခရီးစပေတော့''

ဝန်ထောက်မင်း ဦးတက်ရှိန်၏ အမိန့်ရသည်နှင့် မြင်းလှည်းများပေါ်သို့ ဦးမြတ်သာတို့အဖွဲ့ တက်ကြပြီး ချင်းတွင်းမြစ်ကမ်းခြေသို့ ဦးတည်ထွက်ခွာလာခဲ့ပါတော့၏။

ချင်းတွင်းမြစ်ကမ်းပါးသို့ ရောက်ရှိလာသည်တွင် မြင်းလှည်းများပေါ်မှဆင်းပြီး ကူတို့လှေစင်းလုံးငှားကာ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းရှိ ပေပင်ဖာဟုတ်ရွာဆီ ဦးတည်လှော်ခတ်စေခဲ့၏။

ထို့နောက် ပေပင်ဖာဟုတ်ရွာမှတဆင့် နာဂတောင်တန်းများရှိရာသို့ ခြေလျင်ခရီး စတင်နှင်ခဲ့ကြရပါတော့သည်။

မြို့ပိုင်ဦးမြတ်သာနှင့် ပွဲစားကြီး ဦးဘိုးဟန်တို့မှာ နှစ်လုံးပြူးသေနတ်တစ်လက်စီနှင့် ယမ်းတောင့်လွယ်အိတ်တစ်လုံးစီ လွယ်ထားကြပြီး ခါး၌ ရှမ်းဓားမြှောင်တစ်ချောင်းစီကို သားရေဓားအိမ်နှင့် ချိတ်ဆွဲထားကြကာ ရှေ့မှ ဦးဆောင်သွားနေကြ၏။

သူတို့၏နောက်မှ စကားပြန် စိုင်းဒေါင်းနက်မှာ ငွမ်းစောင်ကို ခေါက်ချိုးတင်ချည်နှောင်ထားသော ရှံနီလွယ်အိတ်ကို လွယ်ကာ ရှမ်းဓားလွယ်ကိုလည်း ကျော၌လွယ်ရင်း မျက်နှာတည်တည်ဖြင့် လှမ်းလာနေလေ၏။

စိုင်းဒေါင်းနက်နောက်မှ အထမ်းသမားနှစ်ဦးမှာ အဝတ်လွယ်အိတ်ကြီးနှစ်လုံးကို ကိုယ်စီလွယ်ထားကြပြီး ခေါင်းဆိုင်ချင်း၊ နာဂအကြီးအကဲများအား ပေးရန် လက်ဆောင်ပစ္စည်းများ ထည့်ထားသော ထင်းရှူးသေတ္တာကြီးကို ထမ်းပိုးလျှိုကာ ထမ်းလာကြလေ၏။

ထိုလူတန်း၏ နောက်ဆုံးမှ လူရဲမှာမူ ခါးတွင် အမဲလိုက်ဓားမြှောင်တစ်ချောင်း၊ သုံးတောင့်ထိုး လက်နှိပ်မီးတစ်လက်နှင့် ရေဘူးကို ချိတ်ဆွဲထားပြီး ကျည်ဆံခါးပတ်ပတ်ထားကာ ယော်ဝယ် ဝန်ချက်စတာ အမဲပစ်ရိုင်ဖယ်ကို ကိုင်စွဲလာလေ၏။

မြို့ပိုင်ဦးမြတ်သာမှာ နာဂတောင်တန်းများဘက်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသလို ယင်းတောင်တန်းများပေါ်၌ နေထိုင်



www.burmeseclassic.com

ခေါင်ဆိုင်ချင်း၊ နာဂတို့၏ ဘာသာစကားကို လုံးဝပြောဆိုတတ်သူ မဟုတ်ပေ။ သူ့မှာ သူ၏အထက်အရာရှိ နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်၏ တာဝန်ပေးမှုကြောင့်သာ ဤခရီးကို အရဲစွန့် ထွက်လာခဲ့ရခြင်းဖြစ်ပြီး နာဂတောင်တန်းများအထက်မှ လူမျိုးစုခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဖူးခြင်း ရှိသူမဟုတ်ပေ။

လူရဲမှာမူ ချင်းစကား အတန်ငယ် တတ်သော်လည်း၊ သူ ချင်းစကား နားလည်တတ်ကျွမ်းမှန်း ဖခင်ကြီး ဦးမြတ်သာမှလွဲ၍ ကျန်အဖွဲ့ဝင်များ လုံးဝမသိချေ။ ဖခင်ဖြစ်သူ မြို့ပိုင်အား စောင့်ရှောက်ရန် လိုက်ခွင့်ပြုဖို့ နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်ထံ ဖခင်မှ တစ်ဆင့် တင်ပြခဲ့စဉ်က ဦးထက်ရှိန်က ခွင့်မပြုလိုသော်လည်း သူ၏ သား ဗညားရှိန်၏ တိုက်တွန်းချက်အရ လူရဲကို လိုက်ခွင့်ပြုခဲ့ခြင်း ဖြစ်၏။

လူရဲလိုက်ပါလာသဖြင့် ဦးမြတ်သာမှာလည်း များစွာအားရှိကာ ဇနီးသည် ဒေါ်ငြိမ်းဝေမှာလည်း သားအဖနှစ်ယောက်ကို အတူ လွှတ်ရသဖြင့် တိုးတိုးဖော်ရသည်ဆိုကာ အတန်ငယ်စိတ်အေးရချေ၏။

ပွဲစားကြီး ဦးဘိုးဟန်မှာမူ ခေါင်ဆိုင်ချင်းတို့၏ စကားသာမက နာဂတို့၏ စကားပါ ကျွမ်းကျင်သည့်အပြင် နာဂတောင်တန်းပေါ်ရှိ



ကျေးရွာများသို့လည်း ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ရောက်ဖူးသူဖြစ် ၏။

ယင်းနာဂတောင်ရိုးဝယ် တိုင်းရင်းသားလူမျိုးစုများအပေါ် ဖြာညှောင်းသော လူမျိုးစုခေါင်းဆောင်များ၊ စော်ဘွားများနှင့်လည်း ရင်းနှီးသူဖြစ်၏။

ယခု သူတို့ခရီးဦးတည်သွားမည့် ဒုံမားရွာကြီးမှ ဒုံမားစော် ဘွားကြီး ရမ်ဒို့နှင့်လည်း ရင်းနှီးသူဖြစ်ပြီး ဒုံမားရွာသို့လည်း နှစ်ကြိမ် သုံးကြိမ်ခန့် ရောက်ဖူးသူဖြစ်၏။

ဦးဘိုးဟန်မှာ မိုးရာသီဝယ် လက်ဖက်ခြံလုပ်ငန်း၊ လယ် လုပ်ငန်းတို့ကို လုပ်ကိုင်ပြီး၊ မိုးကုန်၍ လယ်ယာလုပ်ငန်းခွင် သိမ်း သည့်အခါဝယ် အောက်ပြည်အောက်ရွာမှ ချင်းတွင်းမြစ်ကြောင်း အတိုင်း ဆန်တက်လာသော အညာလှေကြီးများမှ ကုန်သည်တို့ ရောင်းချသော ငါးပိ၊ ဆား၊ အထည်အလိပ်၊ စောင် စသည်တို့ကို ဝယ်ယူကာ အထမ်းသမားတို့၏ အကူအညီဖြင့် ချင်းတွင်းအနောက် ဘက် တောင်ရိုးများပေါ်တက်ပြီး အညာထွက်ကုန်ပစ္စည်းတို့ကို တောင်ပေါ်သားတို့အား ရောင်းချလေ၏။

ဤသို့ဖြင့် တောင်ပေါ်သားချင်း၊ နာဂတို့၏ အကြိုက်ပစ္စည်း

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



များ ရောင်းချပြီးနောက် တောင်ပေါ်ဒေသ၏ ထွက်ကုန်များဖြစ်သော ကြိမ်ဖျာ၊ ပြောင်းဖူးဖက်၊ ကုံ့ကူဆံ၊ ပျားဖယောင်းစသည့်တို့ကို ပြန်လည်ဝယ်ယူခဲ့လေ၏။ အမှန်တော့ တောင်ပေါ်သားတို့နှင့် အရောင်းအဝယ် လုပ်သည်ဆိုရာ၌ ငွေကြေးဖြင့် ရောင်းဝယ်ခြင်း ထက် ပစ္စည်းချင်း ဖလှယ်သည်က ပိုများလေ၏။

ယင်းသို့လျှင် ကုန်စည်ကူးသန်းရင်း တောင်ပေါ်ဒေသနှင့် ကျွမ်းဝင်နေသူဖြစ်၍ ဝန်ထောက်မင်း ဦးထက်ရှိန်က ဦးဘိုးဟန်ကို တောင်ပေါ်သားတို့အား သိမ်းသွင်းစည်းရုံးရန် စေလွှတ်ခြင်းဖြစ် လေ၏။

အထမ်းသမား နှစ်ဦးမှာမူ ဤတောင်ပေါ်ဒေသများသို့ အခါခါရောက်ဖူးသူများဖြစ်ပြီး သူတို့ကိုလည်း ဝန်ထောက်မင်း ဦးထက်ရှိန်က ရွေးချယ်တာဝန်ပေးခဲ့ခြင်းဖြစ်၏။

စိုင်းခေါ်ငြိနှုန်ကိုမူ စကားပြန်အဖြစ် လိုက်ပါရန် ဝန်ထောက် မင်းဦးထက်ရှိန်က ထည့်လိုက်ခြင်းမှာ ကိုင်းရင်းသားခေါင်းဆောင်တို့ အား ပွဲစားကြီး ဦးဘိုးဟန်မှ စည်းရုံးသိမ်းသွင်းသည့်အခါ ဝတ်ကြေ တန်းကြေပြောမှာစိုးသဖြင့် တိုင်းရင်းသားတို့၏ စကားကို နားလည် သော သူ့ကိုတမင်ထည့်ပေးလိုက်ခြင်း ဖြစ်ချေ၏။



သူတို့အဖွဲ့သည် တစ်နေ့ကုန်ခရီးနှင်ခဲ့ပြီးနောက် တောင် ခြေသို့ရောက်ရှိပြီး တောင်တက်ခရီးကို စတင်ခဲ့ရကာ ပင်းပလာစခန်း သို့ ဦးတည်ချီတက်လာကြပါတော့သတည်း။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

## သွေးနီသူရဲကောင်းများ

နာဂတောင်တန်းဒေသ၏ အတွက်ဘက်ကျသော တောင်ရိုး တစ်ခုပေါ်ဝယ် အိမ်ခြေတစ်ရာကျော်မျှရှိသော ခေါင်ဆိုင်ချင်းတို့၏ ဒုံမား ရွာကြီးသည် ဆောင်းဦးနှင်းမှုံတို့အောက်ဝယ် အေးတစိမ့်စိမ့်ဖြင့် ငြိမ်သက်စွာ တည်ရှိနေပါ၏။

အရှေ့ဆီမှ နေခြည်နွေးနွေး ဖြာကျလာချိန်ဝယ် နွားနောက် ခေါင်း၊ သမင်းခေါင်း၊ ပြောင်ခေါင်းခွံကြီးများ အိမ်ရှေ့တံခါးဝဝယ် အစီအရီ ချိတ်ဆွဲထားသော ရွာဦးရှိ ခြေတန်ရှည်အိမ်ကြီးဆီမှ မောင်းသံ တဒုဒု ထွက်ပေါ်လာလေ၏။



မောင်းသံတိတ်ဆိတ်သွားသည်နှင့် တပြိုင်နက် လက်ရွေးပျို ကြီးများ ကာရံကာ၊ ရုံးရွက်များ ထူထပ်စွာ မိုးထားသော အိတ်ကုတ် ကုတ်လေးများထဲမှ ဒုံမားရွာသား ခေါင်ဆိုင်ချင်းနှင့် နာဂလူငယ်လူရွယ် များ ထွက်လာကြပြီးလျှင် ရွာဦးရှိ အခြားအိမ်များထက် ပိုမိုကြီးမား ရှည်လျားသော အိမ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းကာ အိမ်ရှေ့ လှေကားမှတစ်ဆင့် အိမ်ပေါ်သို့ အသီးသီးတက်သွားကြလေတော့၏။

ယင်းအပြင် တောင်စွယ်၊ တောင်တန်းတို့ကြားမှလည်း လူအစု အစုတို့ ထွက်လာကြပြီးလျှင် အိမ်ကြီးဆီသို့ လှမ်းလျှောက်သွားကာ လှေကားမှတစ်ဆင့် အိမ်ပေါ်သို့ တက်ရောက်သွားကြလေ၏။

အိမ်ကြီး၏ အလယ်ဗဟို၌ကား ရှစ်ပေပတ်လည်ခန့်ရှိသော မီးလင်းဖိုကြီးပမ်ဖိုကို ပေါင်လုံးခန့်ရှိသော ထင်းချောင်းကြီးများ ဆိုင်ထိုးကာ မီးဖိုထားလေရာ အိမ်ကြီးအတွင်းဝယ် အနွေးဓာတ် ပြန့်လျှက်ရှိလေ၏။

မီးလင်းဖို၏ မြောက်ဘက် အိမ်နံရံအနီးရှိ ကွပ်ပျစ်ကြီးပေါ်၌ ကညင်ခေါက်ခင်းထားပြီး ယင်းအခင်းပေါ်ဝယ် အသက်(၆၀)ကျော်ခန့် ရှိသော ခေါင်ဆိုင်ချင်းတို့၏ အကြီးအကဲ စော်ဘွားကြီး ရမ်ခိုမှာ ထိုင်ငြိမ်စွာထိုင်ကာ ကြေးနီခွေစွပ်ထားသော မြေဆေးတံကြီးကို ပါးစေ

www.burmeseclassic.com

တွင် ခဲပြီး တဖွားဖွားဖွာလျက် ရှိလေ၏။

သူထိုင်နေရာ ကွပ်ပျစ်၏ နံဘေးဝန်းကျင်ဝယ် အခြား တောင်ပေါ်ကျေးရွာ ခေါင်းဆောင်များမှာ လက်ဆောင်အဖြစ် ဆက်သ ထားသော ပေါင်လုံးခန့်ရှိသည့် ဆင်စွယ်ကြီးများကို အစီအရီ ထောင်ထား ကာ မောင်းကြီး၊ မောင်းငယ်များကိုလည်း ချိတ်ဆွဲထားသေး၏။

အိမ်နံဘေးနံရံများဝယ် လှံတို၊ လှံရှည်များကို ချိတ်ထားရာ မီးလင်းဖိုမှ မီးရောင်ဟပ်လိုက်တိုင်း လှံသွားများမှာ တဖျပ်ဖျပ် အရောင်တောက်လျက်ရှိလေ၏။

လှံတို၊ လှံရှည်တို့၏ နံဘေးတွင်မူ တူးမီးသေနတ်၊ ကျောက်မီး သေနတ်များကို စီတန်းကာ ထောင်ထားပါလေ၏။

ယင်းသို့ ခမ်းနားစွာ ခင်းကျင်းထားသော အိမ်ကြီး၏ အတွင်း သစ်သားကွပ်ပျစ်ပေါ်ဝယ် ခန့်ခန့်ကြီးထိုင်နေသူ ဒုံမားစော်ဘွားကြီး ရမ်နို၏ ရှေ့ကြမ်းပြင်ပေါ်ဝယ် လူငယ်လူရွယ်များ တိတ်ဆိတ်စွာ ထိုင်လျက်ရှိကြပြီး သူတို့သည် မီးလင်းဖိုကြီးကို ဝိုင်းပတ်ထိုင်နေကြခြင်း ဖြစ်ကာ လူဦးရေအားဖြင့် (၄၀)ယောက်ခန့်ရှိလေ၏။

ထိုသူတို့၏ အာရုံသည် ဒုံမားစော်ဘွားကြီးထံသို့ စုပြုံ ရောက်ရှိ နေကြပြီး သူတို့ နာဂတောင်တန်းသားတို့ လေးစားအားထားရာ



စော်ဘွားကြီး မိန့်မြွက်မည့်စကားကို နာခံရန် စိတ်စောနေကြလေ၏။

ဒုံမားစော်ဘွားကြီး ရမ်နိုသည်ကား ဦးခေါင်းဝယ် ဆံပင်ရှည် ကြီးကို နောက်တွဲဆံထုံးကြီး ထုံးထားပြီး ဂျပ်ခုတ်ဖျင်ရင်ခွဲလက်ပြတ် အင်္ကျီကို ခန္ဓာကိုယ်အထက်ပိုင်းဝယ် ဝတ်ဆင်ထားလျက် ယက်ကန်း စင်ထွက် ဂျပ်ခုတ်ဖျင်ဖြူကြီးကို ခန္ဓာကိုယ်အောက်ပိုင်း၌ ပတ်ကာ ဝတ်ထားလျက် ခါး၌ ခါးစည်းကြိုးပြားအနက်ကြီးကို ပတ်ထားလေရာ စော်ဘွားကြီး၏ ခန့်ခန့်ထည်ထည်ကိုယ်လုံး၊ ပြည့်ဝိုင်းသောမျက်နှာ တို့နှင့် လိုက်ဖက်လှသော လွန်စွာခန့်ငြားလျက်ရှိလေ၏။

စော်ဘွားကြီး ရမ်နိုက အထူးအစည်းအဝေး ပြုလုပ်ရန် လွန်ခဲ့သော ရက်များကပင် ဆတ်သားလွှတ်ပြီး ဆင့်ခေါ်ထားသည့် ကျေးရွာအကြီးအကဲများနှင့် လူငယ်လူရွယ် ခေါင်းဆောင်များနှင့် စုံညီမှု ရှိမရှိ အကဲခတ်ကြည့်လိုက်လေ၏။

တန်ကွန်နာဂ၊ ချယ်ရာနာဂ၊ ပါရာနာဂ၊ ခေါင်ဆိုင်ချင်း ကျေးရွာအကြီးအကဲများကား သူ၏ရှေ့မှောက်သို့ စုံညီစွာ ရောက်ရှိလျက် ရှိချေပြီ။

ကျေးရွာခေါင်းဆောင်များ၊ လူမျိုးစုခေါင်းဆောင်များ စုံညီပြီ ဖြစ်၍ စော်ဘွားကြီး ရမ်နိုက ကျေနပ်စွာ ခေါင်းတညိတ်ညိတ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်ပြီး ပါးစောင်၌ခဲထားသည့် မြေဆေးတံကြီးကို ချွတ်လိုက်ကာ ကွပ်ပျစ်ပေါ်မှဆင်းပြီး မီးလင်းဖိုပိုင်းဝယ် ဝင်ထိုင်လိုက်ကာ. . .

"ကိုင်း. . .အခုရောက်ရှိလာကြတဲ့ ကျေးရွာခေါင်းဆောင်တွေ၊ လူမျိုးစုခေါင်းဆောင်တွေကို ကျပ်ဆင့်ခေါ်ရတဲ့အကြောင်းကတော့ အားလုံးလည်း ကြားသိပြီးဖြစ်တဲ့အတိုင်း မျက်နှာဖြူနယ်ချဲ့တွေအား ~ အသက်စွန့် အမှုတော်ထမ်းပေးဖို့ စစ်သားသစ်တွေကို ငါတို့က စုဆောင်းပေးရမယ်ဆိုတဲ့ ကိစ္စအတွက်ပဲ"

"အဲဒီကိစ္စအတွက် ဗြိတိသျှအစိုးရရဲ့ လက်ပါးစေအရာရှိ မြို့ပိုင်ဦးမြတ်သာနဲ့ ငါတို့ရဲ့ မိတ်ဆွေပွဲစားကြီး ဦးဘိုးဟန်တို့ ဦးဆောင်တဲ့ အဖွဲ့ဟာ ငါတို့ရဲ့ တောင်တန်းတွေပေါ်ကို တက်လာပြီလို့ မြို့ဆီကို လွှတ်ထားတဲ့ ငါတို့ရဲ့ အထောက်တော် ခေါင်ဆိုင်ချင်းစျေးသည်တွေ ဆီက အတိအကျ သတင်းရရှိတယ်။ ဒါကြောင့် အဲဒီကိစ္စအတွက် ငါတို့ နာဂတောင်ရိုးဒေသက လူမျိုးစုခေါင်းဆောင်တွေ စုရုံးတိုင်ပင် ဆွေးနွေးဖို့ ခုလို အစည်းအဝေး ခေါ်ရတာပဲကွယ့်"

"လွန်ခဲ့တဲ့ တောင်ယာနှစ်ခါခုတ်လောက်က ငါတို့ရဲ့ သွေးရင်း၊ သားရင်း ချင်းအမျိုးသားတွေကို ဖလမ်းနယ်ဘက်ကနေ သင်းတို့ နယ်ချဲ့မျက်နှာဖြူအစိုးရက သူတို့ရဲ့ နယ်ချဲ့အင်ပါယာကြီးကို အကာ



အကွယ်ပေးဖို့ စစ်သားသစ်တွေအဖြစ် ခေါ်သွားဖူးကြတာကို မင်းတို့ မှတ်မိကြမှာပါပဲ"

"အဲဒီဖလမ်းနယ်က ခေါ်ယူသွားတဲ့ ချင်းအမျိုးသားတွေ ဟာ ခေါ်သွားတဲ့အချိန်ကစပြီး ဖလမ်းကို လုံးဝပြန်ရောက်မလာယုံ သာမက၊ သူတို့ဟာ ခုဆိုသေသလား၊ ရှင်သလားတောင် မိဘဆွေမျိုး သားချင်းတွေက မသိရဘူး၊ သတင်းအစအန မရဘူးလို့ သိရတယ်"

"ခုတစ်ခါ ငါတို့နာဂတောင်တန်းဒေသတွေဆီ တပ်သား သစ် စုဆောင်းပေးပို့ရေး စီမံချက်ဟာ ဦးလှည့်လာခဲ့ပြီ"

"ကဲ. . .ဒီတော့ ငါတို့တွေ ဘာလုပ်ကြမလဲ၊ နယ်ချဲ့မျက်နှာ ဖြူအစိုးရအလိုကျ ရွာသားတွေထဲက စစ်သားသစ်အဖြစ် ရွေးချယ် စေလွှတ်ပေးပို့ကြမလား၊ နယ်ချဲ့အစိုးရရဲ့ လက်အောက်မှာ တာဝန် မထမ်းဆောင်နိုင်ဘူးလို့ အာခံကြမလား. . .နင်တို့ ငါတို့အားလုံး ဝိုင်းဝန်းစဉ်းစားအဖြေထုတ်ကြဖို့ ခုလိုအစည်းဝေးခေါ်ရတာပဲ"

စော်ဘွားကြီး ဦးရမ်ခို၏ စကားအဆုံးဝယ် ကျေးရွာလူကြီး များနှင့် လူမျိုးစုခေါင်းဆောင်များသည် တစ်ဦး၏မျက်နှာကို တစ်ဦး ကြည့်ပြီး မျက်မှောင်များကုပ်ကာ ငြိမ်သက်စွာ စဉ်းစားတွေဝေ နေကြ လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆာကွန်ရာရှာသူကြီးကမူ ချောင်းတစ်ချက်ဟန့်လိုက်ပြီး

"အဟမ်း...အဟမ်း...စော်ဘွားကြီး ကျွန်တော် တင်ပြ ပါရစေ"

ဟု စော်ဘွားကြီးထံ ခွင့်တောင်းလိုက်ရာ စော်ဘွားကြီး ရမ်မိုက လက်ကာပြလိုက်ပြီး...

"ဆာကွန်ရာသူကြီး အခုအစည်းအဝေးမှာ ပြောဆိုဆွေးနွေးဖို့ ကျုပ်ဆီ ခွင့်တောင်းစရာမလိုဘူး၊ လွတ်လပ်စွာ မိမိရဲ့ဆန္ဒကို ဖော်ထုတ်ဆွေးနွေးကြပါ၊ အခု အစည်းအဝေးပွဲက ကျုပ်တို့ရဲ့ တောင်ပေါ်ဒေသ လူမျိုးစုတွေအတွက် အလွန်အရေးကြီးတဲ့ ဆွေးနွေးပွဲ ဖြစ်တယ်။ ကျုပ်တို့ တောင်ပေါ် ခေါင်းဆိုင်ချင်း၊ နာဂတို့ရဲ့ သေရေး ရှင်ရေးလည်း ဖြစ်တယ်။ ဒီတော့ အားလုံး ဝိုင်းဝန်းဆွေးနွေးပြီး နယ်ချဲ့တို့ရဲ့ အလိုဆန္ဒကို လိုက်မလား၊ ဆန့်ကျင်မလား၊ ဒါကို သေချာ ဆွေးနွေးကြပါ"

ဟု အားလုံး ရဲဝံ့စွာ တင်ပြဆွေးနွေးနိုင်ရန် လမ်းဖွင့်ပေးလိုက် လေ၏။ ထိုအခါ ဆာကွန်ရာသူကြီးက ခေါင်းတစ်ချက် ညိတ်လိုက် ပြီး...

"ဟုတ်ကဲ့ပါ စော်ဘွားကြီး...ဒီကိစ္စဟာ ဘယ်လောက် အရေးကြီးသလဲဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်၊ ကျွန်တော့်ရဲ့ ဆန္ဒကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံကို မတရား ကျူးကျော် သိမ်းပိုက်ပြီး ကျွန်တော်တို့ရဲ့ အရှင်သခင် ဗမာဘုရင် သီပေါမင်းကို အဓမ္မနန်းချခဲ့တဲ့ မျက်နှာဖြူတွေရဲ့ အမှုတော်ကိုထမ်းပြီး ကျွန်ခံဖို့ ကျွန်တော်တို့ ခေါင်းဆိုင်ချင်းတွေ၊ နာဂတွေ မွေးဖွားလာတာ မဟုတ်ဘူး၊ ဒါကြောင့် ကုလားဖြူတွေ စစ်သားလာခေါ်ရင် လုံးဝ ထည့်မပေး နိုင်ဘူး၊ သူတို့ မကျေနပ်ရင်လည်း ချရုံပဲပေါ့ စော်ဘွားကြီး"

ဟု မျက်နှာနီနီကြီးဖြင့် ပြောလိုက်လေ၏။

ထိုစဉ် စော်ဘွားကြီးကတော်သည် ခေါင်းရည်အိုးကို မ,ယူလာပြီး လုံမပျိုနှစ်ဦးက ဗျပ်ခွက်တစ်ခုထဲ ထမင်းဖြူကိုပုံလိုက်ကာ ထမင်းပုံ ပေါ်သို့ ကြက်သားဟင်းအိုးကို မှောက်ထည့်လိုက်လျက် ဗျပ်ခွက်ကို မီးလင်းဖိုဝိုင်းသို့ မ,ယူလာကြလေ၏။

စော်ဘွားကြီး၏ရှေ့ဝယ် ဝါးပြွန်တံတပ်ထားသော ခေါင်းရည် အိုးကိုလည်းကောင်း၊ ကြက်သားဟင်းနှင့် ထမင်းပုံထားသည့် ဗျပ်ခွက်ကို လည်းကောင်း ချပေးလိုက်ကြလေ၏။

စော်ဘွားကြီးရမ်မိုက ခေါင်းရည်ကို ဝါးပြွန်တံဖြင့် တစ်စုပ်၊ တစ်စုပ် စုပ်ယူသောက်သုံးလိုက်ပြီးနောက် ကြီးစဉ်ငယ်လိုက် အလှ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရာ မီးလင်းဖိုဝယ် ဝိုင်းထိုင်နေကြသူများ တစ်ယောက်ပြီး တစ်ယောက် ခေါင်းရည်ကို စုပ်သောက်လိုက်ကြ၏။

ခေါင်းရည်သောက်ခြင်း တစ်ပတ်ပတ်မိက လူတိုင်းတက်စုံ သောက်ပြီးချိန်၌ စော်ဘွားကြီးရမ်ခိုက ဖျပ်ခွက်ကြီးထဲမှ ကြက်သား ဟင်းနှင့် ထမင်းကို လက်တစ်ဆုပ်နှိုက်ယူစားလိုက်လေ၏။

ထိုသို့စားရင်းသောက်ရင်းဖြင့် ဆက်လက်ဆွေးနွေးကြရာ

''ကုလားဖြူတွေကို အာခံရင် ကုလားဖြူစစ်တပ်တွေဟာ ငါတို့ကိုလာပြီး တိုက်ခိုက်မှာပဲ၊ အဲဒီအခါ ငါတို့ကကော် လက်နက်ပို ကောင်းတဲ့ သင်းတို့ကို ငါတို့နိုင်အောင် ခံချနိုင်ပါ့မလားဆိုတာ ဆင် ခြင်ဆွေးနွေးကြည့်ကြပါဦး''

ဟုစော်ဘွားကြီးက လောဆော်လိုက်ရာ ပရဲရွာသူကြီးက ညာဘက်လက်သီးဆုပ်ကို ထောင်ပြလိုက်ပြီး. . .

''စော်ဘွားကြီးခင်ဗျား စော်ဘွားကြီး ဦးဆောင်ပြီးတိုက်ပါ၊ ကျွန်တော်တို့ အဲဒီမျက်နှာဖြူတွေကို မကြောက်ပါဘူး၊ သေတစ်နေ့ မွေးတစ်နေ့ပါပဲ၊ ကုလားဖြူကျွန်အဖြစ် အညှဉ်းခံအမူတော်ထမ်းရတာ ထက်စာရင် သေတာကမှ မြတ်ပါဦးမယ်. . .ဒီကောင်တွေကို ခံချမယ်''

ဟုရဲရဲတောက်ပြောလိုက်ရာ ကျွန်ကျေးရွာ ခေါင်းဆောင်



များ။ လူမျိုးစုခေါင်းဆောင်များကလည်း မျက်နှာဖြူနယ်ချဲ့တို့၏ ဆန္ဒ ကို ငြင်းပယ်အာခံပြီး ကုလားဖြူတို့နှင့် စစ်ဖြစ်ခါမှဖြစ်စေ အသက် ရှင်တိုက်မည်ဟု အားလုံးဆန္ဒပြုပြောဆိုကြရာ စော်ဘွားကြီးရမ်ခိုမှာ ပင်ကိုယ်ကပင် သူ့ကျွန်မခံလိုသော စိတ်ဓါတ်ရှိသူပီပီ အားလုံး၏ ကုလားဖြူတို့အား အာခံရန် ရဲရဲတောက်ပြောဆိုလာသော စကားများ အား သဘောကျလျက် ပြုံးပြုံးကြီးနှင့် ဦးခေါင်းတညိတ်ညိတ်ဖြစ်နေ တော့၏။

စော်ဘွားကြီးရမ်ခိုသည် တဖျစ်ဖျစ်တောက်လောင်လျက် ရှိသော မီးလင်းဖိုကြီးအား စိုက်ကြည့်လိုက်ပြီးနောက်. .

''ကဲ. . .ဟုတ်ပြီ. . .ကုလားဖြူအစိုးရကို အာခံဖို့အားလုံး သဘောကိုက်ညီကြပြီဆိုရင် ငါတို့ထက် လက်နက်အင်အားကောင်း ပြီး ဉာဏ်နီဉာဏ်နက်များတဲ့ နယ်ချဲ့တပ်တွေကို ငါတို့ဘယ်လို ရင်ဆိုင် တိုက်ခိုက်မလဲ၊ ပြီးတော့ မကြာမီ ရက်ပိုင်းအတွင်း ငါတို့ဆီကို ရေ့ ပြေးအဖြစ် ရောက်ရှိလာမယ့် မြို့ပိုင်ဦးမြတ်သာတို့အဖွဲ့ကို ဘယ်လို ဖိရင်မလဲဆိုတာ ဆက်ဆွေးနွေးရမယ်''

ဟုအံကြိတ်ကာ ပြောလိုက်ပြီးနောက်. . .

''ငါ့ရဲ့သဘောကတော့ ရန်သူကိုရင်ဆိုင်ရင် ပြတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ချင်တယ်၊ အဲဒီမျက်နှာဖြူအစိုးရရဲ့ ကြေးတော်မျိုး၊ ကျွန်တော် မျိုး မြို့ပိုင်ကို ငါမျက်နှာ မဆိုင်လိုဘူး။ သင်းကို ငါတို့ရဲ့ ဧည့်သည် တော်အဖြစ် ငါမကြိုလိုဘူး''

ဟု လေသံတင်းတင်းကြီးဖြင့် ပြောလိုက်ရာ လူမျိုးစုခေါင်း ဆောင်တစ်ဦးက ခေါင်းရည်ကို တစ်စုပ်သောက်လိုက်ပြီးနောက်..

''ကျွန်တော်ရဲ့သဘောကတော့ အဲဒီနယ်ချဲ့လက်ပါးစေ ရှေ့ ကော်ပြေးအဖွဲ့ကို လက်ဦးမှုယူပြီး အပြတ်ရှင်းပစ်လိုက်ချင်တယ် စော် ဘွားကြီး၊ ဒါမှသူတို့မှာပါလာမယ့် လက်နက်တွေကိုလည်း ကျွန်တော် တို့ရမယ်''

ဟု ခပ်သွက်သွက်ပြောလိုက်လေ၏။ ထိုအခါ စော်ဘွားကြီး ရမ်းနိုမှာ လေးနက်စွာ စဉ်းစားလိုက်ပြီးနောက်...

''ခက်တာက...အဲဒီရှေ့ပြေးအဖွဲ့ထဲမှာ ကျုပ်တို့နဲ့ ရင်းနှီး ပြီးဖြစ်တဲ့ ပွဲစားကြီး ဦးဘိုးဟန်ပါနေတာပဲ၊ ရှေးတုန်းက သူနဲ့ ရောင်း ဝယ်ဖေါက်ကား ဆက်ဆံဖူးတဲ့ ရင်းနှီးခင်မင်မှုကို မထောက်ဘဲ ကျုပ် တို့က ရုတ်တရက် ယတိပြတ်တော့ မလုပ်သင့်ဘူးထင်တယ်''

ဟု တွေးတွေးဆဆ ပြောလိုက်ရာ ပွဲစားကြီး ဦးဘိုးဟန်နှင့် လွန်စွာရင်းနှီးသည့် ဆာကွန်ရာရွာသူကြီးက...



''ဟုတ်ပါတယ် စော်ဘွားကြီး၊ သူတို့ဟာ ရန်သူနယ်ချဲ့ တွေရဲ့ ရှေ့ပြေးအဖွဲ့ဆိုပေမယ့် သူတို့မှာလည်း မျက်နှာဖြူအစိုးရ အရာရှိအကြီးကြီးတွေက ခိုင်းလို့လာရတာ ဖြစ်နိုင်ပါတယ်၊ ပြီးတော့ သူတို့ဟာ ကျွန်တော်တို့ကို ရန်ပြုဖို့ လာသူတွေလည်း မဟုတ်ကြ ပါဘူး၊ ဒါကြောင့် သူတို့ကို ကျွန်တော်တို့က သတိပေးခြင်းမပြုဘဲ ရုတ်တရက်ကြီး တိုက်ခိုက်ဖမ်းဆီးသတ်ဖြတ်ပစ်ဖို့ မသင့်ပါဘူး''

ဟုပြောလိုက်ရာ စော်ဘွားကြီးရမ်းနိုမှာ မီးလင်းဖိုမှ မီးတောက် အား စိုက်ကြည့်လျက် အတန်ကြာအောင် စဉ်းစားတွေးတောနေပြီး နောက် တစ်စုံတစ်ရာကို ယတိပြတ် ဆုံးဖြတ်လိုက်ဟန်ဖြင့် မေးကြော ကြီးများထောင်ထလာအောင် အံကြိတ်လိုက်ပြီးမှ...

''ကဲ...ဒါဆို ဒီလိုလုပ်ကြမယ်၊ သူတို့ဟာလာရင် ကျုပ်ဆီ ကိုပဲ ဦးတည်လာမှာပဲ၊ အဲဒီလိုလာရင် ဆာကွန်ရာရွာကိုဖြတ်လာမှာ ပဲ၊ ဟုတ်တယ်မဟုတ်လား''

ဟု ဆာကွန်ရာရွာသူကြီးအား စိုက်ကြည့်ပြီး မေးလိုက်လေ ၏။

''ဟုတ်ပါတယ် စော်ဘွားကြီး၊ ဦးဘိုးဟန်တို့ ဒီခုံမားရွာကို လာတိုင်း ကျွန်တော့်ဆီ အရင်ဝင်ပြီး တစ်ညအိပ်နားခိုစမြဲပါ''

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒါဆို သင်းတို့လာရင် ဆာကွန်ရာရွာသူကြီးက သင်းတို့ရဲ့ လာရင်းကိစ္စကို သေချာမေးပါ၊ တပ်သားသစ်ပေးဖို့ ကိစ္စဆိုရင် လာရာလမ်းက ပြန်လှည့်ပါလို့ပြောပါ၊ ဒါကိုမှ ရှေ့ဆက်တိုးလာရင်တော့ ကျုပ်တို့တစ်ခုခု စီစဉ်ရလိမ့်မယ်"

"နောက်ပြီး ကျန်တဲ့လူမျိုးစုအကြီးအကဲတွေ၊ ရွာသူကြီးတွေအနေနဲ့ လက်နက်အင်အားကောင်းတဲ့ မျက်နှာဖြူနယ်ချဲ့တွေရဲ့ တပ်တွေနောက်က တက်လိုက်လာရင် ခံတပ်တွေ အဆင်သင့် တည်ဆောက်ပြီးခုခံဖို့ လက်နက်လူသူ စုရုန်းထားပါ၊ ခံတပ်တွေ၊ ကျောက်မောင်းတွေကို ဆင်ဖို့လည်း အချင်းချင်းညှိနှိုင်းပြီး စီစဉ်ပါ"

ဟု တစ်ဆက်တည်း ပြောလိုက်ရာ လူမျိုးစုခေါင်းဆောင်တစ်ဦးက...

"ကျွန်တော်တို့ရဲ့ တူမီးသေနတ်တွေအတွက် ခဲတွေ၊ သံတွေကို ခုကတည်းက ရှမ်းကုန်သည်တွေဆီ ဂန္ဓီး၊ ကမိုင်းဘက်က လှည့်မှာပြီး စုဆောင်းထားပါ့မယ် စော်ဘွားကြီး"

ဟုပြောလိုက်လေ၏။

ထိုအခါ နာဂအမျိုးသား ရွာသူကြီးတစ်ဦးက...

"ကျုပ်တို့ရွာကတော့ ယမ်းတွေရှာဖွေ စုဆောင်းပြီး ယမ်းမှုန့်ထောင်းဖို့ တာဝန်ယူပါတယ်၊ ယမ်းမှုန့်အလုံအလောက် ရပါစေ့မယ်"

ဟုအားတက်သရော ဝင်ပြောလိုက်လေ၏။

"ဟုတ်ပြီ သူတို့တပ်တွေ တက်လာရာလမ်းကဆီးပြီး ကျောက်မောင်းတွေဆင်ဖို့ ခံတပ်တွေ လျှို့ဝှက်တည်ဆောက်ပြီး ချုံခိုတိုက်ဖို့လည်း စီစဉ်ကြဦး၊ ဒီပွဲဟာ ငါတို့ရဲ့ သွေးနီစွေးကြောင်း ပြရမယ့်ပွဲပဲ"

"ငါတို့ရဲ့ သတ္တိ၊ တိုက်ခိုက်မှုစွမ်းရည်၊ စည်းရုံးမှုစွမ်းရည်နဲ့ နယ်ချဲ့ဘီလူးတွေကို ပြောင်ပြောင်မြောက်မြောက်ကြီး တွန်းလှန်ကြစို့"

ဟုစော်ဘွားကြီးရမ်ခိုက လက်သီးလက်မောင်းတန်းပြီး ပြောလိုက်ရာ...

"ဟုတ်တယ် နယ်ချဲ့တွေကို တိုက်မယ်...တိုက်မယ်"

ဟု ဝိုင်းအော်လိုက်ကြရာ တောတောင်အလုံးပင် ရဲရဲတောက်ကြွေးကြော်သံများ ပဲ့တင်ရိုက်ခတ်သွားပါ လေတော့သတည်း။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



## ကျားခံတွင်းသို့ သက်ဆင်းမည့်သူများ

ပွဲစားကြီး ဦးဘိုးဟန်မှာ ဤတစ်ခေါက် နာဂတောင်တန်းပေါ်တက်ခဲ့ရခြင်းမှာ ယခင်၊၊၂လို ရောင်းဝယ်ဖေါက်ကားသော ကုန်သည်တစ်ဦးအနေဖြင့် လာရခြင်းမဟုတ်ဘဲ ဗြိတိသျှအစိုးရ၏ ကိုယ်စားလှယ်သဘောမျိုးဖြင့် ကူကီးချင်း၊ နာဂတိုင်းရင်းသားတို့အား ဗြိတိသျှတို့၏ စစ်တပ်ဝယ်ဝင်ရောက် အမှုထမ်းပါရန် စည်းရုံးပြောဆိုဖို့ လာရခြင်းသာ ဖြစ်သဖြင့် သူ့စိတ်မှာ ခါတိုင်းလို လွတ်လပ်ပေါ့ပါးခြင်းမရှိဘဲ တာဝန်ကြီးတစ်ခုကို ရွက်လာရသလို လေးလံလျက်ရှိလေ၏။

သူထမ်းဆောင်ရမည့် တာဝန်မှာလည်း တောင်ပေါ်တိုင်းရင်း



…းတို့ သဘောကျနှစ်သက်မည့် တာဝန်မျိုးမဟုတ်ကြောင်း၊ သူ…ကောင်းကောင်းသိနေပါ၏။

သူသည် ကုန်သည်တစ်ဦးအဖြစ် အနှီတောင်ပေါ်သားတို့နှင့်…စ်အတန်ကြာ ရင်းနှီးခင်မင်စွာ ပြောဆိုဆက်ဆံဖူးသဖြင့် တောင်ပေါ်…ိုင်းရင်းသားတို့၏ စိတ်ကို သိသည့်သာဖြစ်၏။

သူတို့သည် တောင်ယာလုပ်ကိုင်စားသောက်ခြင်း၊ အမဲလိုက်…များဖွတ်ခြင်း၊ ဂျပ်ခုတ်ထည့်များ ယက်လုပ်ခြင်း စသည့် တောတွင်း…ုပ်ငန်းများ၊ တောင်ယာလုပ်ငန်းများကိုသာ ရိုးသားစွာ လုပ်ကိုင်ပြီး…သက်မွေးနေကြသူများဖြစ်၏။

မိရိုးဖလာလုပ်ငန်းများတွင်သာ ပျော်မွေ့နေကြသော အနှီ…တောင်ပေါ်သားတို့မှာ နိုင်ငံချစ်စိတ်မှု ပြင်းထန်ကြပြီး (၁၈၈၅)ခုနှစ်၊…ိုဝင်ဘာလ (၂၉)ရက်တွင် မန္တလေးနေပြည်တော်မှ မြန်မာဘုရင်…ီပေါမင်းနှင့် မိဖုရား စုဖုရားလတ်တို့အား မျက်နှာဖြူဗိုလ်ချုပ်…ရင်ဒါဂတ်နှင့် ကာနယ်စလေဒင်တို့ ဦးဆောင်သော နယ်ချဲ့တပ်က…မ်းဆီးပြီး သုရိယသင်္ဘောဖြင့် ခေါ်ဆောင်သွားကတည်းက နယ်ချဲ့တို့…ပေါ် နာကျည်းခံပြင်း ဖြစ်ခဲ့ကြသူများဖြစ်၏။

တို နာဂတောင်တန်းကြီးပေါ်၌ မှီတင်းနေထိုင်ကြသော

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဆိုင်ချင်းနှင့် နာဂတိုင်းရင်းသားတို့မှာ ချင်းပြည်နယ်မှ နယ် တော်လှန်ရေးခေါင်းဆောင်ကြီးများဖြစ်သော ကြွမ်ဘိခ်၊ ကလေးရှ စော်ဘွားဦးခက်၊ ရွှေချိုးပြုမင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက် များဝယ် သုံးခွေစွပ် တူမီးသေနတ်များကို ဆွဲကိုင်လျက် ကူညီပါ တိုက်ခိုက်ပေးခဲ့ကြဖူး၏။

လက်နက်အင်အား ကွာဟမှုကြောင့် တူမီးသေန တော်လှန်ရေးတပ်ဖွဲ့များမှာ ဗလက်ချိုက်သေနတ်၊ ရိုင်ဖယ်သေနတ် ဆွဲကိုင်သည့် ဗြိတိသျှတပ်၊ ဂေါ်ရခါးတပ်တို့ကို မယှဉ်နိုင်ဘဲ ဖယို ပြိုကွဲခဲ့ရသော်လည်း သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ နိုင် ချစ်စိတ်၊ မျိုးချစ်စိတ်၊ သူ့ကျွန်မခံလိုစိတ်များမှာ ကြိမ်မီးအုံးသကဲ့ ရင်ထဲဝယ် တငွေ့ငွေ့ရှိနေကြောင်း ပွဲစားကြီး ဦးဘိုးဟ ကောင်းကောင်းကြီးသိလေ၏။

ယင်းသို့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ရှိပြီး နိုင်ငံချစ်စိ ပြင်းထန်လှသော နာဂတောင်တန်းပေါ်မှ လူမျိုးစုများကို နယ်ချဲ့အစိုးရ အမှုတော်ထမ်းရန် စည်းရုံးပြောဆိုဖို့ဆိုသည်မှာ ဖြစ်နိုင်ဖွယ်မရှိကြော ဦးဘိုးဟာန် ခန့်မှန်းမိ၏။

သို့သော် သူ့ကို ဤတာဝန်ထမ်းဆောင်ရန် နယ်ပို



ဝန်ထောက်က ရွေးချယ်ရခြင်းမှာ သူသည် နာဂတောင်တန်းပေါ်မှ လူမျိုးစုများနှင့် ကုန်သွယ်၊ ကုန်ဖလှယ်နေသော ကုန်သည်ကြီးတစ်ဦး ဖြစ်ပြီး တော်ပေါ်သားတို့ မရှိမဖြစ်လိုအပ်သော ဆားနှင့်အခြား လူသုံး ကုန်ပစ္စည်းများကို ရောင်းဝယ်ဖေါက်ကားပေးနေသူဖြစ်၍ တောင်ပေါ် သားတို့က လေးစားအားထားသူ၊ တစ်နည်းအားဖြင့် တောင်ပေါ်သား တို့အပေါ် ဩဇာညောင်းသူဟု နယ်ပိုင်ဝန်ထောက်က ယူဆပြီး ကူကီး ချင်း၊ နာဂတိုင်းရင်းသားတို့၏ ဘာသာစကားကို လည်ပတ်ဝယ်စွာ ပြော တတ်သူမှာလည်း သူတို့မြို့ဝယ် လူကြီးလူကောင်းထဲက သူတစ်ဦး သာရှိသဖြင့် ဤတာဝန်ကိုထမ်းဆောင်ရန် အသင့်တော်ဆုံးသူမှာ သူသာဖြစ်သည်ဟု ကော်မတီဝင်လူကြီးများကရော၊ နယ်ပိုင်ဝန် ထောက်မင်းကြီး ဦးထက်ရှိန်နှင့် မြို့ပိုင်ဦးမြတ်သာတို့ကပါ ယုံကြည် ယူဆသဖြင့် ဤခရီးဝယ် သူဦးဆောင်လိုက်ပါလာရခြင်း ဖြစ်ပေ၏။

သူ့အား ဤတာဝန်ထမ်းရွက်ရန် နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်တာဝန်ပေးစဉ်က သူငြင်းပယ်ခဲ့ပါသေး၏။ သို့သော် ဝန် ထောက်မင်းက ချင်းတွင်းမြစ် အနောက်ဖက်ခြမ်းရှိ သစ်တောများမှ သစ်ထုတ်လုပ်ခွင့် ပါမစ်ကို သူ့အားပေးမည်၊ တာဝန်ကို ကျေပွန် အောင် ထမ်းရွက်ပေးပါဟု မဲဆွယ်ခဲ့သောကြောင့်လည်း ကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ပေးအပ်သောတာဝန်ကို ငြင်းပယ်ပါက သူ့သားပီတာဘဟန် မြို့ထဲ၌ တိတ်တိတ်ပုန်း ဘိန်းခန်းတစ်ခု ဖွင့်နေခြင်းအား မသိဟန်ဆောင်နေမည် မဟုတ်တော့ဘဲ ထိရောက်စွာ ဖမ်းဆီး အရေးယူတော့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခြင်းကြောင့်လည်းကောင်း ဦးဘိုးဟန်မှာ ခေါင်းညိတ်ခဲ့ရခြင်း ဖြစ်ပါ၏။

''အင်း . . . ဘာပဲဖြစ်ဖြစ် ငါ့ဘဝက ရှေ့တိုးတော့လည်း ထမ်းပိုး၊ နောက်ဆုတ်တော့လည်း လှည်းတုတ်ဖြစ်နေရပြီ၊ မထူးပါဘူး၊ ဟိုရောက်မှ မီးစင်ကြည့်ကရမှာပဲ၊ ဆာကွန်ရာ ရွာသူကြီးနဲ့ ဒိုမားစော်ဘွားကြီး ရမ်ခိုတို့ကို နှစ်လုံးပြူးသေနတ်နဲ့ မျှားရမှာပဲ''

ယင်းသို့ ဆုံးဖြတ်ချက်ချရင်း သက်ပြင်းမောရှိုက်ကာသာ တောလမ်းတောင်တက်ခရီးကို စိတ်မပါ လက်မပါဖြင့် လှမ်းနေခဲ့ရပေ၏။

မည်သို့ပင်ဖြစ်စေ တောင်ပေါ်တိုင်းရင်းသားတို့၏ ကျေးရွာများနှင့် နီးလာလေ ဦးဘိုးဟန်မှာ စိတ်လေးလာလေ ဖြစ်နေရပါတော့သတည်း။

✠ ✠ ✠



မြို့ပိုင်ဦးမြတ်သာမှာ နာဂတောင်တန်းပေါ်သို့ တစ်ခါမျှ မရောက်ဖူးသော်လည်း နာဂတောင်တန်းပေါ်ရှိ ဇိုတင်းနေထိုင်ကြသော ခေါင်းဆိုင်ချင်းတို့နှင့် နာဂလူမျိုးတို့၏ စိတ်ဓာတ်မာကြောမှုကို ကြားဖူးနားဝ ရှိပြီးဖြစ်၏။

သူတို့သည် ဗြိတိသျှအစိုးရအား သူတို့၏ အမိနိုင်ငံကို ကျူးကျော်နယ်ချဲ့စော်ကားသူများဟု အရိုးစွဲနေအောင် မှတ်ယူထားကြပြီး နေမဝင်အင်ပါယာပြည့်ရှင် ဗြိတိသျှတို့အား လက်နက်အင်အား၊ လူအင်အား မမျှ၍သာ ပြောင်တော်လှန်တိုက်ခိုက်ခြင်း မပြုသော်လည်း တတ်နိုင်သမျှ အစိုးရအဖွဲ့နှင့် ကင်းရှင်းအောင် နေသူများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို တောင်ပေါ် တိုင်းရင်းသားတို့မှာ ဗြိတိသျှအစိုးရ၏ ဝန်ထမ်းများ၊ အထူးသဖြင့် မိမိကဲ့သို့ အရာထမ်းများကို မုန်းတီးလေ့ရှိကြပြီး၊ မိမိတို့ကို နယ်ချဲ့တို့ သက်ဆိုးရှည်အောင် ဆောင်ရွက်ပေးနေကြသူများ၊ နယ်ချဲ့အစိုးရ၏ အုပ်ချုပ်မှုယန္တရားလည်ပတ်နိုင်အောင် လစာရိက္ခာ၊ ရာထူး၊ အာဏာမက်ပြီး ဆောင်ရွက်ပေးနေသူများ၊ အမိနိုင်ငံအား စော်ကားဝါးမျိုထားသည့် မျက်နှာဖြူတို့ကို ဖေါ်လန်ဖားပြီး မင်းတိုင်းကြေအမှုတော် ထမ်းရွက်ပေးနေကြသည့် ကြေးတော်မျိုး၊ ကျွန်ကော်မျိုးများဟု မှတ်ယူထားကာ လွန်စွာမုန်းတီးလျက်ရှိကြောင်း ကြားသိရဖူး၏။

ထိုသို့သော ပုဂ္ဂိုလ်တို့ထံ ဗြိတိသျှတို့၏ စစ်တပ်ထဲဝင်ပြီး ဗြိတိသျှတို့၏ နေမဝင်အင်ပါယာ ကာကွယ်ရေးအတွက် တာဝန်ထမ်းဆောင်ရန် ခေါ်ရမည့်အရေးမှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်မှန်း ဦးမြတ်သာခန့်မှန်းမိပါ၏။

တကယ်တော့ ဦးမြတ်သာကိုယ်တိုင်လည်း မြန်မာနိုင်ငံမှ နိုင်ငံသူနိုင်ငံသားတို့အနေဖြင့် နယ်ချဲ့ဂါဒီတို့၏ အသုံးချခံဖြစ်ရမည့် အရေးကို အားပေးလိုသူမဟုတ်ချေ။

သူကိုယ်တိုင် နယ်ချဲ့အစိုးရ၏ ယန္တရားတစ်ခု ဖြစ်နေရသော



လက်ရှိဘဝကို နှစ်မြို့ခြင်းမရှိချေ။

အမှန်တော့ သူသည် မြစ်ဝကျွန်းပေါ်သား တစ်ဦးသာဖြစ်ပြီး မိဘတို့၏ လက်ငုတ်လက်ရင်း လုပ်ငန်းဖြစ်သော ငါးပိ၊ ငါးခြောက်ပွဲရုံလုပ်ငန်းကို ဦးစီးပြီး စီးပွားရေးသမားကြီး ဖြစ်အောင်လုပ်ဆောင်လိုသော်လည်း၊ ပိုက်ဆံသာရှိ၍ ပညာမရှိသော ရာထူးဂုဏ်သိန်မရှိသော မိဘနှစ်ပါးက ပညာရေးတွင် ထူးချွန်သည့်သူ့အား ဘီအေဘွဲ့ယူပြီး မြို့အုပ်၊ မြို့ပိုင်ဖြစ်စေချင်၏။ သူတို့၏သားကို ဂုဏ်သရေရှိပညာတတ်အရာရှိကြီး ဖြစ်စေချင်၏။ ဒါမှမော်နိုင်ကြွားနိုင်မည်လေ။

ယင်းကြောင့်လည်း သူ့အားရန်ကုန်ကောလိပ်ဝယ် ပညာသင်ကြားစေပြီး အိန္ဒိယနိုင်ငံရှိ ကာလကတ္တားတက္ကသိုလ်သို့ပါ ပို့ကာ ဘီအေဘွဲ့ကို ရယူစေခဲ့၏။

ဘီအေဘွဲ့ကြီး ရပြီးသည်နှင့်ကို ဘီအေအုပ်ပေါင်း ပေါင်းကာ တုတ်ကောက်တစ်ချောင်းဖြင့် မြို့အုပ်လုပ်စေခဲ့သည်။

ဤသို့ဖြင့် မင်းမှုထမ်းအလုပ်ကို ဝါသနာမပါပါဘဲလျက် သူမြို့အုပ်ဖြစ်ခဲ့ရ၏။

အထူးသဖြင့် မျက်နှာဖြူ နယ်ချဲ့အစိုးရ၏ ကြိုးနီစနစ်အုပ်ချုပ်ရေးယန္တရားမှ ခွေးသွားစိပ်လေးတစ်ခုနှယ် ဖြစ်လာရသော

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝကို သူနှစ်မြို့ခြင်းမရှိခဲ့။ မလွှဲမရှောင်သာ၍သာ ကျရာဘဝမှာ ပျော်ပြီး မိဘများဖြစ်စေချင်လှသည့် အစိုးရအရာရှိဘဝကို ခံယူနေရခြင်းဖြစ်ပါ၏။

စင်စစ်သူသည် မြန်မာစစ်စစ်တစ်ဦးသာဖြစ်၍ မြန်မာလူမျိုး၊ မြန်မာနိုင်ငံအပေါ် ချစ်သောစိတ်ရှိသူသာဖြစ်၏။ ရှေးအတိအတော ကပင် ညီနောင်ရင်းများနှယ် လက်တွဲခဲ့ကြသော တိုင်းရင်းသား လူမျိုးတို့ကိုလည်း ချင်ခင်သူသာဖြစ်၏။

ပြီးတော့ သူ၏မူရင်းပင်ကိုယ်စိတ်ဓါတ်မှာ တရားမျှတခြင်းကိုမြတ်နိုးပြီး မတရားပြုမှုမှန်သမျှကို စက်ဆုတ်ကာ အားနည်းသူဘက်မှ ရပ်တည်လိုသောစိတ်၊ ဒုက္ခရောက်သူကို ကူညီလိုသော 'စိတ်ရှိသူဖြစ်သဖြင့် သူ မြို့အုပ်၊ မြို့ပိုင်အဖြစ် တာဝန်ကျရာ ဒေသတိုင်းဝယ် နိုင်ငံသူနိုင်ငံသားတို့အပေါ် စာနာထောက်ထားစိတ်ဖြင့် ဆက်ဆံခဲ့သည်သာဖြစ်၏။

ထို့ကြောင့်လည်း မြို့ပိုင်ဦးမြတ်သာ၊ မြို့ပိုင်ကြီး ဦးမြတ်သာဟု နာမည်တစ်လုံးရခဲ့ပြီး၊ ရောက်ရာအရပ်ဒေသဝယ် လူချစ်လူခင်ပေါသူဖြစ်ခဲ့ရ၏။

သူသည် မိမိတို့၏ သွေးသားရင်း နာဂတောင်တန်းမှ တိုင်းရင်းသားတို့နှင့် ပလဲနံပသင့်သူသာဖြစ်ချင်ပြီး ရန်သူဖြစ်ချင်သူမဟုတ်၊ ထိုတိုင်းရင်းသားတို့ မကြိုက်သောအလုပ်ကို လုပ်လိုသူမဟုတ်။



ထို့ကြောင့်လည်း ထိုတိုင်းရင်းသားတို့ နှစ်သက်ဖွယ် မရှိသော ဗြိတိသျှတို့အတွက် တပ်သားစုဆောင်းပေးပါရန် စည်းရုံးပြောဆိုဖို့ အရေးဝန်လေးလျက် ရှိချေ၏။ သို့သော် နောက်ဆုံးဝယ်. . .

'အင်းလေ. . .ဘာပဲဖြစ်ဖြစ်၊ သူ့ဆန္ဒစားရင်တော့ ရဲရတော့မှား[illegible]ပေါ့' ဟုပြောကာ [illegible]က်ပြင်းချရင်း ခရီးနှင်လျက် ရှိပါတော့သတည်း။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

စိုင်းဒေါင်းနက်မှာ ဝန်ထောက်မင်း ဦးထက်ရှိန်ကိုယ်တိုင်က ငွေနှင့်အောင်ပေးပြီး ခိုင်းစေသဖြင့် ဤခရီးဝယ် လိုက်ပါလာရခြင်း ဖြစ်ပေ၏။ သူသည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်သွားလာပြီး အလုပ်မျိုးစုံလုပ်ကာ လူမျိုးစုံနှင့် ပေါင်းဖူးသဖြင့် လူအသီးသီးတို့၏ အထားကို သိသူဖြစ်ရကား၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်သော ခေါင်ဆိုင်ချင်းနှင့် နာဂတို့အား နယ်ချဲ့အစိုးရ၏ ပစ်မှုထမ်းရန် သိမ်းသွင်းရမည့်ကိစ္စမှာ ဖြစ်နိုင်ဖွယ်မရှိမှန်း သိသော်လည်း ကြေးစား သမားတစ်ဦးပီပီ အခကြေးငွေ နှင့်နေအောင်ရသဖြင့် စကားပြန်အဖြစ် လိုက်ပါလာခဲ့ခြင်းဖြစ်ပေ၏။

ယင်းအပြင် သူ့၌ အထူးလျှို့ဝှက်တာဝန်တစ်ခုလည်း ပါရှိ



တာပေ၏။ ယင်းတာဝန်ကိုပေးသူမှာ ဝန်ထောက်မင်းဦးထက်ရှိန်၏ အား ဗညားရှိန်ဖြစ်ပြီး သူထမ်းဆောင်ရမည့် အထူးလျှို့ဝှက်တာဝန် ကား၊ တောတောင်နက်နက်ထဲဝယ် အခွင့်သာပါက လူရဲ၏ဇီဝိန် ကိုခြွေရန်ဖြစ်ပေ၏။

ယင်းတာဝန်ကို ကျေအောင် ဆောင်ရွက်နိုင်လျှင် ရွှေငါး ချုပ်သားဆုချမည်ဟု ဗညားရှိန်က ပြောလိုက်သဖြင့် သူသည် ဝန် ထောက်မင်းခိုင်းသောအလုပ်ထက် ဝန်ထောက်မင်း၏သား ခိုင်းသော အလုပ်ကို တာဝန်ကျေပိရိစွာလုပ်ဆောင်ရန် ပိုမိုစိတ်အားထက်သန် ချက်ရှိတော့၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



လူရဲသည်ကား သူတစ်ခါမျှ မရောက်ဖူးသည့် နာဂတော
တန်းကြီးပေါ်သို့ စတင်တက်လာရကတည်းက စိတ်ကြည်လင် လ
ဆန်းလျက်ရှိပြီး မြင်သမျှရှုခင်း၊ ရှုကွက်မှန်သမျှသည် သူ့အတွ
အသစ်အဆန်း ဖြစ်နေ၏။

သူသည် တွေ့သမျှ သားကောင်ငယ်တို့အား သူ၏အမဲ
ဝန်ချက်စတာ ရိုင်ဖယ်ဖြင့် လက်တည့်စမ်းလိုက်ချင်သော်လည်း ဖ
ကြီးမြို့ပိုင်ဦးမြတ်သာက တောင်ပေါ်တိုင်းရင်းသား လူမျိုးစု
သေနတ်သံကြားပြီး အထိတ်တလန့်ဖြစ်မှာ၊ မယုံသင်္ကာဖြစ်မှာ စိုးရိ
သဖြင့် သေနတ်ကို အသက်သေ[ ]ကြုံမှသာ အသုံးပြုရန် မှာကြ
ထားလေရာ သူ့မှာသေနတ်တကိုင်ကိုင်ဖြင့်သာ မချင့်မရဲဖြစ်နေရ



သူသည် တောတောင်နှင့် သားကောင်တို့အပေါ် စိတ်ညွှတ်
[ ]နှုံးသဖြင့် သူ၏သူငယ်ချင်း မောင်ညိုမှာ ကြားလိုက်သော သတိပေး
[ ]ကားကိုပင် မေ့ချင်ချင်ဖြစ်လျက်ရှိပါတော့သတည်း။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

မြို့ပိုင် ဦးမြတ်သာတို့အဖွဲ့သည် နှစ်ရက်နှင့်တစ်ည တောင်တက်ခရီးနှင်ခဲ့ပြီးနောက် ဆာကွန်ရာရွာသို့ ရောက်ရှိလာကော့၏။

ယင်းရွာမှာ ကညင်ပင်များ ဖုံးအုပ်နေသော တောင်စွယ်တစ်ခုပေါ်ဝယ် တည်ရှိသဖြင့် ရုတ်တရက်ဆို ရွာမှာ ပျောက်လျက်ရှိပြီ၊ ရွာနားရောက်မှ သစ်ပင်သစ်ခက်တို့အကြား ဘွားခနဲပေါ်လာသလို တွေ့ရသည့် ခေါင်ဆိုင်ချင်းတို့၏ ရွာပင်ဖြစ်ပေ၏။

"ကဲ . . . ကျုပ်တို့တော့ ဆာကွန်ရာရွာကို ရောက်ပြီ မြို့ပိုင်မင်းရေ"

ဟု ပွဲစားကြီးဦးဘိုးဟန်က လှည့်ပြောလိုက်ပြီးနောက် ကုန်းမြင့်ပေါ်သို့ ထိုးတက်လျက်ရှိသော လှည်းသွားလမ်းအတိုင်း ရှေ့မှ



ဦးဆောင်တက်ခဲ့ရာ ရွာအဝင်အဝ သစ်ခက်မုခ်ဝသို့ ရောက်ရှိသွားတော့၏။

ပွဲစားကြီးဦးဘိုးဟန်မှာ သစ်ခက်မုခ်ဝအောက်ဝယ် တွေတွေကြီးရပ်လျက်ရှိပြီး သူ၏မျက်လုံးများက ဆာကွန်ရာရွာအား မယုံနိုင်သလို ငေးကြောင်ကြောင်ကြည့်လိုက်၊ ဟိုဟိုသည်သည်သို့ ကျိုးကန်းတောင်းမှောက်ကြည့်လိုက်ဖြင့် ဂဏှာမငြိမ် ဖြစ်သွားရှာလေ၏။

"အင်း . . . တစ်ရွာလုံး တိတ်ဆိတ်လို့ပါလား၊ ခါတိုင်း ငါ ဒီရွာရောက်ရင် ကလေးတွေက ကစားနေရာက ဟော ကုန်သည်ကြီးလာပြီ . . . မြို့ကကုန်သည်ကြီးလာပြီလို့ ဝမ်းသာအားရ အော်ပြီး ငါ့ဆီ ပြေးလာလေ့ရှိတယ်"

"အဲဒီအခါ ငါက မြို့ကယူလာတဲ့ သကြားလုံးတွေ၊ ချောကလက်တွေ ဝေပေးလိုက်ရ သူတို့သိပ်ပျော်ပြီး ငါ့ကိုပိုင်းပတ်လို့ ကခုန်ကြတော့တာပဲ"

"အဲဒီအခါ ရွာရဲ့လုံမပျိုတွေကလည်း အိမ်တွေထဲက ပြေးထွက်လာကြပြီး ဘဘသမီးဖို့ မှန်ပါလား၊ ပေါင်ဒါပါလား၊ မျက်နှာချေရောယူခဲ့ရဲ့လား၊ သမီးယက်ထားတဲ့ ဂျပ်ခုပ်အင်္ကျီနဲ့ လဲမယ်နော် . . . တစ်ယောက်တစ်ပေါက် ပေါက်ပေါက်ဖေါက်သလို ဝိုင်းပြောကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



''အဲဒီအခါ ရွာလူကြီးတွေကလည်း ရွာထဲက ထွက်လာကြပြီး ငါ့ကိုပျူပျူငှာငှာ ခရီးဦးကြိုကြတော့တယ်''

''ခုတော့ အဲဒါတွေအားလုံး ဘယ်ပျောက်ကုန်ပြီလဲ၊ တစ်ရွာလုံးလည်း တိတ်ဆိတ်လို့ပါလား၊ ကေန္တရွာမှာ ကပ်ရောဂါကျရောက်ပြီးများ တစ်ရွာလုံးပြုတ်ပြုတ်ပြုန်းရောလား၊ ဒါမှမဟုတ်ကူးစက်တတ်တဲ့ ရောဂါတစ်ခုခု ရွာမှာဖြစ်ပွားလို့ ရွာကိုစွန့်ပြေးကြလေသလား''

''ကြည့်ပါဦး ဒါဟာအရင်က စည်ကားပြီး ပျော်စရာကောင်းလှတဲ့ ဆာကွန်ရာရွာပါလို့ပြောရင် ယုံသူရှိမှာတောင် မဟုတ်ဘူး၊ ကျိုးနဲ့ဖုတ်ဖုတ် တစပြင်လို ဖြစ်နေပါရော့လား''

ဟုပွဲစားကြီး ဦးဘိုးဟန်မှာ ယောက်ယက်ခတ်စွာ ဟိုတွေး၊ သည်တွေး တွေးနေရင်းမှ ရွာထဲသို့ သတိထားပြီး ဦးဆောင်ဝင်လာရာ တစ်ရွာလုံး တိတ်ဆိတ်လျက် အိမ်တံခါးအားလုံး ပိတ်ထားသည်ကိုတွေ့ရလေ၏။

''ဟုတ်ပါပြီ...ဒီရွာမှာ တစ်ခုခုတော့ ဖြစ်နေပြီ''

ဟု ဦးဘိုးဟန်က တွေးရင်း သူ၏မျက်လုံးအကြည့်က ရွာလယ်ရှိ ရွာသူကြီး၏ အကြီးဆုံးအိမ်ကြီးဆီ ရောက်သွားရာ သူ၏



...က်လုံးများက ထိတ်လန့်တကြား ဝိုင်းစက်ပြူးကျယ်သွားတော့၏။

သူ၏အမူအရာကိုကြည့်ပြီး အံ့အားသင့်သွားသူမှာ သူ၏...ားမှပါလာသော မြို့ပိုင်ဦးမြတ်သာပင်ဖြစ်၏။

''ဦးဘိုးဟန် ဘာဖြစ်လို့လဲဗျ''

ဟုမြို့ပိုင် ဦးမြတ်သာက မေးလိုက်ရာ ဦးဘိုးဟန်က ရွာ...ကြီး၏ အိမ်ရှေ့တံခါးဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး...

''အဲဒီအိမ်ဟာ ဒီ ဆာကွန်ရာရွာရဲ့ သူကြီးဘွေဖဲရဲ့ အိမ်ပဲ...ပိုင်မင်း၊ သူ့အိမ်ရဲ့ အိမ်ရှေ့တံခါးရွက်မှာ သစ်ရွက်သစ်ခက်စိမ်း...ွ ချိတ်ဆွဲထားတယ် မြို့ပိုင်မင်း''

''အဲဒီတော့ ဘာဖြစ်လဲဗျ...အဲဒီတံခါးဝက သစ်ရွက်စိမ်း...ွ မြင်တာနဲ့ ခင်ဗျားက မျက်လုံးမျက်ဆံပြူးသွားရသလား''

''ဟာ...ပြူးရတာပေါ့ မြို့ပိုင်မင်း၊ မြို့ပိုင်မင်းမှ ဒီတောင်...းသသားတို့ရဲ့ ဓလေ့စရိုက်ကို မသိသေးဘဲ''

''အဲဒီလို အိမ်ရှေ့တံခါးမှာ သစ်ရွက်စိမ်းချိတ်ထားရင်...းမဟုတ်တဲ့ ဘယ်တစိမ်းတရံစာမှ အိမ်ထဲကို ပေးမဝင်နိုင်ဘူး...ဲ့ သဘောပဲ မြို့ပိုင်မင်း''

ဟုပွဲစားကြီး ဦးဘိုးဟန်က ရှင်းပြမှ မြို့ပိုင်ဦးမြတ်သာမှာ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားပြီး ဆက်မေးလိုက်ပြန်လေ၏။

"သူတို့က ကျွန်တော်တို့ကို အဝင်စေချင်ဘူးပေါ့ ဟုတ်လာ ဘာကြောင့် ပေးမဝင်ချင်ရတာလဲဗျ"

"ဒီလို မြို့ပိုင်မင်းရဲ့၊ ခေါင်ဆိုင်ချင်းတွေရဲ့ ထုံးစံက သူတို့ အိမ်ထဲမှာ လျှို့ဝှက်ယာဇ်ပွဲရှိရင်ဖြစ်စေ၊ အိမ်သူအိမ်သားတစ်ယော ယောက် နာမကျန်းကြီးစွာ ဖြစ်နေရင်ဖြစ်စေ၊ သူစိမ်းကို မဝင်လ စေချင်တဲ့သဘောနဲ့ သစ်ရွက်စိမ်းတွေ ထိုးထားတာပဲ မြို့ပိုင်မင်း"

"ဪ. . . ဒါဆို အဲဒီသစ်ရွက်စိမ်းတွေက ညွှန်းသည် မလိုလားဘူးဆိုတဲ့ သူတို့ရဲ့ သင်္ကေတတစ်မျိုးပဲကိုး"

သူတို့သည် စကားပြောရင်း ရွာသူကြီး၏ အိမ်ရှေ့နားဆီ ရပ်နေကြပြီး အထမ်းသမားနှစ်ဦးကလည်း ထင်းရှူးသေတ္တာကြီး မြေပြင်ဝယ်ချကာ နားလိုက်စဉ် ခပ်လှမ်းလှမ်းရှိ အိမ်တစ်လုံ ရှေ့တံခါးချပ်သည် ပွင့်လာပြီး ခြေတန်ရှည်ရိုးရာ အိမ်ထ အသက်(၆၀)နီးပါးခန့်ရှိ အဘိုးအိုတစ်ဦး ဆင်းသက်လာကာ သူ ရပ်ကြည့်နေရာသို့ တစ်လှမ်းချင်း လျှောက်လာပြီးလျှင်. . .

"ဦးဘိုးဟန်တို့ ရောက်လာပြီကိုး. . . ရွာသူကြီးက ဦးဘိုး တို့ ရောက်လာရင် ကျုပ်တို့အိမ်မှာ တည်းခွင့်ပြုလိုက်လို့ အမိန့်ချ



ပါတယ်. . . ဒါကြောင့် ကျုပ်ရဲ့အိမ်ဆီလိုက်ခဲ့ကြပါ"

ဟုပြောကာ သူ၏အိမ်ဆီသို့ ဦးဆောင်ခေါ်သွားတော့၏။

လာရောက်ခေါ်ငင်သော အဘိုးအို၏နောက်သို့ ဦးဘိုးဟန် တို့လူစု တိတ်ဆိတ်စွာ လိုက်ပါသွားရလေ၏။

ခြေတန်ရှည်အိမ်ပေါ်သို့ ရောက်လေလျှင် အိမ်ရှေ့ခန်းတွင် ဖျာခင်းပေးပြီး. . .

"အားလုံးထိုင်ကြ. . .နားကြပါ. . .ပြီးရင် ဟောဟိုက အခန်းမှာ လဲလျောင်း အနားယူနိုင်ပါတယ်၊ အဲဒီအခန်းထဲမှာ ညှော် သည်တွေ ချက်ပြုတ်စားသောက်ဖို့ အိုးခွက်၊ မီးဖိုနဲ့အတူ ရွှေဖရုံသီး၊ ဆန်နဲ့ အမဲခြောက်တွေ အသင့်ရှိပါတယ်"

ဟုပြောလိုက်ရာ မြို့ပိုင်ဦးမြတ်သာက အဘိုးအိုအား မော့ ကြည့်ရင်း. . .

"ကျုပ်တို့ ဒီဆာကွန်ရာရွာသူကြီး ဘွဲဖဲနဲ့ တွေ့ချင်တယ် သူဒီရွာမှာမရှိဘူးလား"

ဟုမေးလိုက်ရာ အဘိုးအိုက ဖျာပေါ်ဝယ်ထိုင်နေကြသော မြို့ပိုင်ဦးမြတ်သာတို့၏ ဝိုင်းအလယ်သို့ ခေါင်ရည်အိုးလာချပေးပြီး နောက် ခပ်အေးအေးလေသံဖြင့် ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တို့ရွာသူကြီးက ဧည့်သည်များကို တွေ့ပါလိမ့်မယ်၊ ဒါပေမယ့် သူ့အိမ်ကိုတော့ ဧည့်သည်တို့ကို ခေါ်မှာမဟုတ်ပါဘူး၊ အကြောင်းကိစ္စတစ်ခုကြောင့် ဘယ်ဧည့်သည်ကိုမှ သူ့အိမ်ထဲဝင်ခွင့် ပြုမှာ မဟုတ်ဘူး၊ ဧည့်သည်တို့ကို ညကျမှ ရွာလယ်က မီးဖိုဝိုင်းမှာလာတွေ့ပါလိမ့်မယ်''

ဟုပြောပြီးသည်နှင့် အိမ်ပေါ်မှ ဆင်းသွားသည်မှာ ပြန်ပေါ်မလာတော့ပေ။

ပွဲစားကြီးဦးဘိုးဟန်မှာ သက်ပြင်းချလိုက်ပြီးလျှင်...

''မြို့ပိုင်မင်းရေ...ဒီရွာကလူတွေ တစ်ခုခုဖြစ်နေသလိုပဲ၊ ထူးခြားမှုတော့ အတော်ဖြစ်နေတယ်ဗျ၊ ကျွန်တော်ခါတိုင်း ဒီရွာကို ရောက်ရင် ရွာသူကြီးအစ ဖော်ဖော်ရွေရွေနဲ့ ကြိုတယ်၊ ကျွန်တော်တို့ ရွာသူကြီးရဲ့ အိမ်မှာပဲ အမြဲတည်းခိုရတယ်''

''ဒီအိမ်ရှင် အဘိုးကြီးရဲ့နာမည်က နော်ဂမ်ပါ၊ သူနဲ့လည်း ကျွန်တော်ရင်းနှီးတာပါပဲ၊ ဒါပေမယ့် သူကိုယ်တိုင်က ဆက်ဆံတာ အေးစက်စက်နဲ့ စိမ်းနေတယ်''

ဟု ခပ်ဖြည်းဖြည်းပြောလိုက်ပြီးနောက် တစ်စုံတစ်ရာကို ပြောသင့်မပြောသင့် ချင့်ချိန်နေပြီးမှ စိတ်ထဲဝယ်ထင့်နေသော လေး



င်နေသော စကားကို ဖွင့်ပြောရန် ဆုံးဖြတ်လိုက်ပြီး...

''မြို့ပိုင်မင်း...သူတို့ရဲ့ ကြိုဆိုပုံတစ်မျိုး ဖြစ်နေတာဟာ ကျွန်တော်တို့အခုလာတဲ့ကိစ္စနဲ့များ ပတ်သက်နေမလားမသိဘူး၊ ဆိုလိုတာက ကျွန်တော်တို့ဟာ သူတို့အမျိုးသားတွေကို ဗြိတိသျှစစ်တပ်ထဲဝင်ဖို့ လာစည်းရုံးမယ်ဆိုတာကို သူတို့ကြိုသိပြီး...''

''အဲဒီကိစ္စကို လက်မခံနိုင်လို့ ခပ်စိမ်းစိမ်း ဆက်ဆံနေသလားမသိဘူး၊ တကယ်တော့ သူတို့ဟာ ဗြိတိသျှ အစိုးရအပေါ် လုံးဝကျေနပ်တာ မဟုတ်ဘူးဗျ''

ဟု ဘွင်းဘွင်းကြီး ဖွင့်ပြောလိုက်ရာ မြို့ပိုင်ဦးမြတ်သာမှာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး...

'ဟုတ်တယ်ဗျ၊ ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ဘာပဲ ဖြစ်ဖြစ်ပေါ့ဗျာ၊ ကျွန်တော်တို့မှာ အထက်က ပေးအပ်တဲ့တာဝန်ကို ီးစင်ကြည့်ကပြီး ထမ်းရမှာပဲဗျ''

ဟုပြောလိုက်လေ၏။

ပွဲစားကြီး ဦးဘိုးဟန်လည်း သက်ပြင်းကြီးချလိုက်ပြီးနောက် အထမ်းသမားနှစ်ဦးဘက်လှည့်ကာ...

''ဟေ့ ... ဖိုးကာနဲ့မောင်လုံး ညစာချက်ဖို့လုပ်ကြ၊ နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အတော်စောင်းနေပြီ၊ ညစာစားပြီးမှပဲ နားကြ၊ အိပ်ကြပေတော့''

ဟုပြောလိုက်ကာ သူကမူ ဖျာပေါ်ဝယ်လှဲအိပ်လိုက်ပြီး ရုံးရွက်များမိုးထားသည့် အိမ်ခေါင်မိုးအားမော့ကြည့်ကာ ရှေ့ဆက်ရမည့်ခရီးအတွက် ရင်လေးစွာ တွေးနေမိတော့၏။

မြို့ပိုင်ဦးမြတ်သာတို့လူစုမှာ ညမှောင်ရီသန်းစဝယ် ကညင်ဆီမီးတိုင်၏ အလင်းအောက်မှာပင် ညစာကို စားသုံးလိုက်ကြ၏။

ညစာစားပြီးချိန်ဝယ် အိမ်ရှင်အဘိုးအို နော်ဂမ်မှာ လှေကားမှတက်လာပြီးနောက်...

''ဧည့်သည်များကို ရွာလယ်က မီးဖိုဝိုင်းမှာ ရွာသူကြီး စောင့်နေပါတယ်၊ လိုက်တွေ့ကြပါ''

ဟုခေါ်ရာ မြို့ပိုင်ဦးမြတ်သာတို့လည်း ထမင်းလုံးစီနေရာမှ ထလိုက်ကြပြီး အိမ်ပေါ်မှ ဆင်းခဲ့ကြတော့၏။ ရွာသူကြီးနှင့် တွေ့ဆုံရန်ရွာလယ်မီးဖိုဝိုင်းသို့ မြို့ပိုင်ဦးမြတ်သာ၊ ပွဲစားကြီးဦးဘဟန်နှင့် လူရဲ၊ စိုင်းဒေါင်းနက်တို့သာ လာခဲ့ကြပြီး အထမ်းသမားနှစ်ဦးမှာမူ တည်းခိုအိမ်မှာပင် ကျန်ရစ်ခဲ့လေ၏။

လူရဲနှင့် စိုင်းဒေါင်းနက်တို့မှာ ခရီးလမ်းတစ်ခုလုံးဝယ် ကစ်ဦးကိုတစ်ဦး စကားပြောခြင်းမရှိဘဲ ခပ်တန်းတန်းသာ နေလာခဲ့ကြ၏။



သူတို့လူစု ရွာလယ်ရှိ မြေကွက်လပ်ဝယ် ဖိုထားသော မီးဖိုဝိုင်းသို့ ရောက်ရှိသွားသောအခါ အသားညိုညို၊ အရပ်မြင့်မြင့်နှင့် ကြံ့ခိုင်သော ကိုယ်ကာယရှိပြီး အသက်ငါးဆယ်ခန့်ရှိသော ရွာသူကြီးဘွေဖဲမှာ ရွာသားလေးငါးဦးနှင့်အတူ ငြိမ်သက်စွာထိုင်နေသည်ကို တွေ့ရလေ၏။

''သူကြီးခင်ဗျား... ကျန်းမာပါစေ''

ဟု ဦးဘိုးဟန်က နှုတ်ဆက်လိုက်ရာ သူကြီးဘွေဖဲက ဦးဘိုးဟန်အားမော့ကြည့်ပြီး...

''ကျန်းမာပါတယ်... ဦးဘိုးဟန်... ထိုင်ကြပါ... ဧည့်သည်တွေနဲ့လည်း မိတ်ဆက်ပေးပါဦး''

ဟုလေသံအေးအေးဖြင့် ပြောလိုက်လေရာ ဦးဘိုးဟန်မှာ အားတက်သွားပြီး...

''ဒါဟာ မြို့ပိုင်မင်း ဦးမြတ်သာပါပဲ သူကြီး''

ဟုမြို့ပိုင်နှင့် မိတ်ဆက်ပေးလိုက်လေ၏။ ထိုအခါ သူကြီးဘွေဖဲမှာ မြို့ပိုင်ဦးမြတ်သာအား သေချာစွာလှည့်ကြည့်လိုက်ပြီး..

''ဩော်... မြို့ပိုင်မင်းကိုယ်တိုင် ရောက်လာတာကို၊ ဒါ[illegible] မကြာခင် ဝန်ထောက်ဘို့၊ အရေးပိုင်တို့ အင်္ဂလိပ်စစ်ဗိုလ်[illegible]တို့ပါ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲ့ဌာနကို လာကြတော့မယ် ထင်ပါရဲ့"

ဟု ပြောလိုက်ရာ ထိုလေသံမှာ အတန်ငယ်မာနေသဖြင့် ဦးဘိုးဟန်၏စိတ်မှာ ထင့်ခနဲဖြစ်သွားရပြန်၏။

"သူကတော့ မြို့ပိုင်မင်းရဲ့သား လူရဲပါ"

"သူက စိုင်းဒေါင်းနက်တဲ့၊ ဝန်ထောက်မင်းရဲ့ လူယုံ ဆိုပေါ့တော့"

ဟု ခေါင်ဆိုင်ချင်း ဘာသာစကားဖြင့် ပြောလိုက်၏။

ထိုစဉ် ခေါင်ဆိုင်ချင်း အမျိုးသမီးတစ်ဦးသည် ပါးစုပ်တံ စိုက်ထားသော ခေါင်ရည်အိုးကိုယူလာပြီး သူကြီး၏ရှေ့၌ အသာချပေးလိုက်သလို နောက်အမျိုးသမီးတစ်ဦးကလည်း သစ်သားပန်းကန်ပြား ခွက်နှစ်ခုကို ကိုင်လာပြီး ခွက်တစ်ခုထဲ၌ နွားနောက်သားခြောက်ကို ထောင်းကာ ဆီဖြင့်စိမ်ထားလျက် နောက်ခွက်တစ်ခုထဲဝယ် မီးအုံးထားသော ပိန်းဥများ ထည့်ထားလေ၏။

ထိုအမျိုးသမီးကလည်း သစ်သားဗန်းခွက်နှစ်ခုကို သူကြီး၏ ရှေ့မှာပင် အသာချပေးလိုက်ပြန်၏။

သူကြီးဘွေဖဲသည် ခေါင်ရည်အိုးကို မ,ယူကာ တစ်ကျိုက် စုပ်သောက်လိုက်ပြီးနောက် မြို့ပိုင် ဦးမြတ်သာသို့ ခေါင်အိုးကို ကမ်း



ပေးကာ တည်ခင်းလိုက်လေ၏။

မြို့ပိုင်ဦးမြတ်သာလည်း တိုင်းရင်းသားတို့၏ဓလေ့ကို လိုက်နာသည့်အနေဖြင့် ခေါင်ရည်ကို တစ်ကျိုက်စုပ်သောက်လိုက်ကာ ခေါင်အိုးကို ဦးဘိုးဟန်ထံ ဆက်လက်ကမ်းပေးလိုက်လေ၏။

တဖန် သူကြီးဘွေဖဲက နွားနောက်သားခြောက်နှင့် ပိန်းဥမီးအုံးကို တစ်ဖဲ့စီနှိုက်စားပြီး ဦးမြတ်သာထံ တည့်ခင်းကမ်းပေးလိုက်သည်။

ဦးမြတ်သာလည်း နွားနောက်သားခြောက်နှင့် ပိန်းဥမီးအုံးကို တစ်ဖဲ့စီမြည်းပြီး ဦးဘိုးဟန်ထံ သစ်သားခွက်ကို ဆက်လက် ကမ်းပေးလိုက်တော့၏။

ခေါင်ရည်နှင့် အမြည်းဘို့ကို ဝိုင်းလည်အောင် စားသောက်ပြီးနောက် သူကြီးဘွေဖဲသည် ချောင်းတစ်ချက်၊ နှစ်ချက်ဟန့်လိုက်ပြီးလျှင်. . .

"အဟမ်း. . .အဟမ်း. . .ကဲ. . .ဦးဘိုးဟန်. . .ခင်ဗျား အခု လာတာဟာ အရင်ကလို ကုန်သွယ်ဖို့ကိစ္စတော့ ဟုတ်ဟန်မတူဘူး၊ မြို့ပိုင်နဲ့ ဝန်ထောက်ရဲ့ လူယုံပါလာတယ် ဆိုကတည်းက မျက်နှာကြီး အစိုးရရဲ့ကိစ္စနဲ့ လာတာပဲဖြစ်ရမယ် ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟုလေသံအေးအေးဖြင့် မေးလိုက်လေ၏။

"ဟုတ်ပါတယ် သူကြီး၊ မြို့ပိုင်မင်း လိုက်လာရတဲ့ကိစ္စက တော့ ဗြိတိသျှသခင်တို့ရဲ့ စစ်တပ်ထဲမှာ လိုအပ်နေတဲ့ တပ်သားသစ် တွေအတွက် သူကြီးတို့ရဲ့ တောင်ပေါ်ရွာတွေကနေ တပ်သားသစ်တွေ လွှတ်ပေးဖို့ကိစ္စအတွက်ပါ"

"အခုဆို ကမ္ဘာစစ်ကြီးဖြစ်နေပြီး ဗြိတိသျှသခင်တို့ဟာ ကမ္ဘာ့ အရပ်ရပ်မှာရှိတဲ့ သူတို့ရဲ့ နေမဝင်အင်ပါယာကြီးကို ကာကွယ်မှု လုပ်နေရလို့ တပ်သားစစ်သည် အင်အားမလုံမလောက် ဖြစ်နေပါ တယ်၊ စစ်သည်တွေ တအားထပ်လိုနေပါတယ် သူကြီး"

"ဒါကြောင့် သူကြီးတို့ အကြီးအကဲတွေက စစ်သားသစ် အဖြစ် ဗြိတိသျှစစ်တပ်ထဲ ဝင်နိုင်မယ့် ကျန်းမာသန်စွမ်းတဲ့ လူငယ် လူရွယ်တွေကို စာရင်းပေးဖို့ပါပဲ"

"သူတို့အတွက် စားရေးရိက္ခာနဲ့ လစာကို ဗြိတိသျှသခင် တို့က လုံလောက်အောင် ပေးမယ့်အပြင် တပ်သားသစ် စုဆောင်း ပေးတဲ့ သူကြီးတို့လို အကြီးအမှူးတွေကိုလည်း နှစ်လုံးပြူးသေနတ် တစ်လက်စီ ကျည်အလုံအလောက်နဲ့ လက်ဆောင်ပေးချီးမြှင့်ပါဦး မယ်"



"အခုလည်း သူကြီးတို့အတွက် ဆား၊ သန္တာပုတီးနဲ့ အထည် အလိပ်တွေ လက်ဆောင်အဖြစ် ပါလာပါတယ်ခင်ဗျ"

ဟု အချိုသာဆုံးသော လေသံဖြင့် ပြောလိုက်လေ၏။

သူကြီးဘွေဖဲသည် မီးဖိုမှ ရဲရဲတောက်နေသော မီးတောက်အား စိုက်ကြည့်နေပြီးနောက် ...

"အဟမ်း... အဟမ်း... ဦးဘိုးဟန် ကျုပ်ရှည်ရှည်ဝေးဝေး မပြောလိုဘူး၊ ကျုပ်တို့ နာဂတောင်တန်းပေါ်က လူမျိုးစုတွေဟာ မျက်နှာဖြူအစိုးရဆီက ဘာလက်ဆောင်ပစ္စည်း ဆုလာဘ်ကိုမှ မလိုချင် ဘူး။ သင်တို့ပေးမယ်ဆိုတဲ့ လက်ဆောင်တွေကိုလည်း ပြန်ယူသွားပါ၊ ကျုပ်တို့ဟာ ကျုပ်တို့နိုင်ငံကို မတရားကျူးကျော်ပြီး ကျွန်လာပြုတဲ့ မျက်နှာဖြူတွေကို အားမပေးနိုင်ဘူး၊ သူတို့ကို ဗြိတိသျှသခင်လို့လည်း မခေါ်နိုင်ဘူး၊ သင်ခေါ်တာကြားရတာတောင် နားခါးလှတယ်"

"သင့်ကို အပြတ်ပြောလိုက်မယ်၊ ကျုပ်တို့တွေဟာ ကုလားဖြူ တပ်ထဲ ကျုပ်တို့ရဲ့သွေးသားတွေကို ဘယ်တော့မှ ထည့်မှာမဟုတ်ဘူး၊ ကာယ်ခေါင်ဆိုင်ချင်းနဲ့ နာဂလူရွယ်ကမှလည်း အင်္ဂလိပ်တပ်က စစ်သားလုပ်ချင်မှာ မဟုတ်ဘူး၊ ဒီတော့ ဒီကိစ္စကို ဒီမှာပဲရပ်ပြီး သင်တို့လာရာလမ်းက ပြန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ယတိပြတ်ပြောလိုက်တော့၏။

ပွဲစားကြီးဦးဘိုးဟန်လည်း တံတွေးတစ်ချက် မျိုလိုက်ပြီး နောက် . . .

''သူကြီးဘွေဖဲ . . . သူကြီးရဲ့ဆန္ဒကို သိရပေမယ့် ဒီနာဂ တောင်တန်းမှာရှိတဲ့ ကျေးရွာအကြီးအကဲတွေရဲ့ အကြီးအကဲဖြစ်တဲ့ ဒုံမားစော်ဘွားကြီး ရမ်လိုနဲ့ ကျုပ်တို့တွေ့ပြီး ဗြိတိသျှဆရာသခင်တို့ရဲ့ ဆန္ဒရည်ရွယ်ချက်ကို ရှင်းပြချင်ပါသေးတယ်''

ဟု ဖွတ်ပြောရင်း စိုင်းဒေါင်းနက်ကို မသိမသာ မျက်လုံး စွေကြည့်လိုက်၏။ သူ့အနေဖြင့် ဆာကွန်ရာရွာသူကြီး၏ ငြင်းပယ်စကား ကြားရုံဖြင့် လာရာလမ်းကို လှည့်ပြန်ဖို့ ဆုံးဖြတ်လို့မဖြစ်ချေ။ ထိုသို့ လွယ်လွယ်နှင့် လက်လျှော့လိုက်ပါက စိုင်းဒေါင်းနက်က ဝန်ထောက် မင်းအား ဦးဘိုးဟန် ဝတ်ကျေတမ်းကျေပြောသည်ဟု စွပ်စွဲတိုင်တန်းမှာ စိုးရသည်မဟုတ်လား။

ထို့ကြောင့်လည်း ဦးဘိုးဟန်သည် ရွာသူကြီး ဘွေဖဲအား ခေါင်းဆိုင်ချင်းဘာသာစကားဖြင့် ပြောလိုက်ပြီးနောက် မြို့ပိုင်ဦးမြတ်သာ ဘက်လှည့်ကာ မြန်မာစကားဖြင့် ရှင်းပြလိုက်ပြန်၏။

မြို့ပိုင်ဦးမြတ်သာက ခေါင်းညိတ်လိုက်ပြီး . . .



''ဟုတ်တယ် ဦးဘိုးဟန် ကျုပ်တို့ ဒုံမားစော်ဘွားကြီးဆီ သွားလို့မဖြစ်ဘူး . . . ဒီကလှည့်ပြန်လို့ မဖြစ်ဘူး''

ဟုပြတ်သားစွာ ပြောလိုက်လေ၏။

ပွဲစားကြီး ဦးဘိုးဟန်သည် ရွာသူကြီး ဘွေဖဲဘက်သို့ မျက်နှာ လှည့်လိုက်ပြန်ပြီး . . .

''ရွာသူကြီးခင်ဗျာ . . . မြို့ပိုင်မင်းကလည်း အရေးပိုင်မင်းနဲ့ ဝန်ထောက်မင်းတို့ရဲ့ အမိန့်အရ ဒုံမားစော်ဘွားကြီးရဲ့ သွားတွေ့ရဦး မယ်လို့ ပြောနေပါတယ်၊ ဒါကြောင့် ကျုပ်တို့မနက်ကျရင် ဒုံမား ရွာဆီခရီးဆက်ရပါလိမ့်မယ်''

ဟုပြောလိုက်ရာ ဆာကွန်ရာရွာသူကြီး ဘွေဖဲ၏ မျက်နှာ ကြီးမှာ မီးဖိုမှမီးရောင်အောက်ဝယ် ရဲရဲနီသွားပြီး . . .

''ကောင်းပြီ ဦးဘိုးဟန်၊ သင်တို့တားလို့ မရလည်းသွားပေါ့၊ ဒုံမားစော်ဘွားကြီးရမ်ခိုကတော့ သင်တို့ကို ဒီရွာကနေ တားခိုင်းပြီး ပြန်လှည့်သွားစေဖို့ ကျုပ်ကိုမိန့်မှာထားတာပဲ၊ ဒါကိုမှ သင်တို့မယုံ ရင် ကျွန်းရဲတွင်းထဲ ဆင်းလိုကဆင်းပါ၊ ကျုပ်ရဲ့တာဝန်မဟုတ်တော့ ဘူး။ သင်တို့ထိုက်နဲ့သင်တို့ကံပေပဲ''

ဟုယတိပြတ်ပြောပြီးနောက် . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ညဥ့်နက်ပြီ ... ကျုပ်အိပ်တော့မယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ထိုင်ရာမှ ထသွားလေရ ခေါင်းဆိုင်ချင်းလူရွယ်တို့လည်း ထလိုက်သွားကြတော့၏။

သူကြီးဘွေဖဲနှင့် ဆွေးနွေးပြောဆိုသမျှကို ဦးဘိုးဟန်က မြို့ပိုင်ဦးမြတ်သာအား ဘာသာပြန်ကာ ရှင်းပြပြီးနောက် ...

"ခေါင်းဆိုင်ချင်းနဲ့ နာဂတို့ရဲ့ ဆန္ဒကတော့ ယတိပြတ်ဖြစ်နေ မြို့ပိုင်မင်း၊ ဒီတော့ မနက်ဖြန်ကျရင် မြို့ဆီပြန်ပြီး သူတို့ရဲ့ သဘော ထားကို နယ်ပိုင်ဝန်ထောက်မင်းဆီ တင်ပြမလား၊ ဒါမှမဟုတ် ခရီး ဆက်မလား"

ဟု မေးလိုက်ရာ မြို့ပိုင်ဦးမြတ်သာက သက်ပြင်းရှိုက်လိုက် ပြီးနောက် ...

"ကျုပ်တို့ကတော့ တာဝန်အတွက် ရှေ့ခရီးကို ဆက်ရမှာ ဦးဘိုးဟန်"

ဟု ယတိပြတ်ပြောလိုက်ရတော့၏။

✠ ✠ ✠



## အမှောင်ထဲမှရန်စွယ်

နောက်တစ်နေ့ နံနက်စောစောမှာပင် အိပ်ရာမှထကြပြီး မြို့ပိုင်ဦးမြတ်သာတို့အဖွဲ့မှာ ခရီးဆက်ခဲ့ကြတော့၏။ နှင်းမှုန်များ ဝေကာ အေးစက်တိတ်ဆိတ်နေသော တောနက်ကြီးတဲသို့ တိုးလာ ခဲ့ကြရာမှ တောင်ကြောနှစ်ခုကိုကျော်ပြီးချိန်ဝယ် တိုင်းရင်းသား ရွာ တစ်ရွာအနီးသို့ ရောက်လာတော့၏။

"အဲဒါ ခုံခရွာပဲ မြို့ပိုင်မင်း၊ ရွာသူကြီးနဲ့ ကျွန်တော် အတော် ရင်းနှီးပါတယ်"

ဟုဦးဘိုးဟန်ကပြောပြီး သစ်ခက်မုခ်ဦးကို ကျော်ဖြတ်ကာ ရွာထဲဝင်လာခဲ့ကြရာ တစ်ရွာလုံးမှာ တိတ်ဆိတ်လျက်ရှိပြီး ရွာရှိအိမ် တိုင်းမှာ တံခါးများပိတ်ထားလျက် သူကြီး၏အိမ်ရှေ့မှာလည်း သစ်

www.burmeseclassic.com

www.burmeseclassic.com



စိမ်းများ ချိတ်ဆွဲထားသည်ကိုသာ တွေ့ရလေ၏။

အိမ်တိုင်းလိုလို၏ ရှေ့တွင်တော့ သစ်သားထောင်းဆုံအသ
များကို တွေ့ရ၏။

"အင်း. . .ကျွန်တော်တို့ လာမယ်ဆိုတာသိလို့ သူတို့ရ
မဆိုင်လိုတာနဲ့ သူတို့ရဲ့ဆန္ဒကို သစ်ရွက်စိမ်းတွေနဲ့ပြပြီး ရှောင်ရှ
ကြတာပဲဖြစ်မယ် မြို့ပိုင်မင်း"

ပွဲစားကြီး ဦးဘိုးဟန်က စိတ်မသက်မသာအသံကြီးဖြင့် ပြေ
လိုက်ရာ. . .

"ကဲ. . .ဦးဘိုးဟန် ကျုပ်တို့ကို မလိုလားတဲ့ ဒီကျေးရွာ
တွေမှာ တည်းမနေနဲ့တော့ဗျာ၊ ပါတဲ့ရိက္ခာခြောက်တွေနဲ့ပဲ တောထ
မှာချက်ပြုတ်စားပြီး ကျုပ်တို့ရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ဒုံမားရွ
ဆီပဲ ဦးတည်သွားကြမယ်"

မြို့ပိုင်ဦးမြတ်သာက ဆုံးဖြတ်ချက် ချမှတ်လိုက်လေလျှ
အထမ်းသမားတို့လည်း နားမနေတော့ဘဲ ရွာပြင်သို့ ပြန်ထွက်ခဲ့ကြ
တော့၏။

သူတို့လူစုရွာမှ ထွက်ခဲ့ပြီးမကြာမီမှာပင် ဝါးကုလားခေါက်
မှုတ်သံရှည်တို့ကို ဆက်ကာ ဆက်ကာ ကြားလာရလေ၏။



ရှေးဦးစွာ ကုလားခေါက်မှုတ်သံကို သူတို့ဖြတ်သန်းခဲ့ရာ
ခုံခရွာဆီမှ ကြားလိုက်ရပြီး နောက်ထပ် ကုလားခေါက်မှုတ်သံကို
တောနက်ထဲမှ ကြားရကာ ဆင့်ကာဆင့်ကာ တောနက်ထဲတွင်
တောင်ကြောတစ်လျှောက် မှုတ်သံများ ထွက်ပေါ်လာသည်ကို သတိပြု
နားစွင့်မိလိုက်ကြလေ၏။

"အဲဒါ ဘာသံလဲ ဦးဘိုးဟန်"

ဟု လူရဲက ဦးဘိုးဟန်အား မေးလိုက်ရာ ဦးဘိုးဟန်မှာ
မျက်စေ့မျက်နှာပျက်နေခြင်းကို အနိုင်နိုင်ထိန်းလိုက်ရင်းမှ. . .

"ခေါင်းဆိုင်ချင်းတွေနဲ့ နာဂတွေ တောထဲ အမဲလိုက်ထွက်တဲ့
အခါ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အခုလို ဝါးကုလားခေါက်မှုတ်ပြီး အချက်ပြ
ကြလေ့ရှိတယ် မောင်လူရဲရဲ့"

ဟု ရှင်းပြရင်း စိုင်းဒေါင်းနက်၏ မျက်နှာကို လှမ်းကြည့်
လိုက်ရာ စိုင်းဒေါင်းနက်က နှုတ်ခမ်းကို မဲ့ပြလိုက်ကာ. . .

"အခြေအနေကတော့ သိပ်ဟန်ပုံမရဘူး ဦးလေးဟန်၊
တောင်ပေါ်သားတွေက ကျွန်တော်တို့ကို ဝိုင်းပြီး မောင်းမထုတ်ရုံပါပဲ
လား၊ ဒုံမားရောက်ရင်ရော အခြေအနေကောင်းပါ့မလား"

ဟု မဲ့ကာရွဲ့ကာ မေးခွန်းထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မီးစင်ကြည့်ကရမှာပဲ စိုင်းနက်ရေ၊ ခေါင်ဆိုင်ချင်းတွေနဲ့ နာဂတွေက သူတို့ဆုံးဖြတ်ထားပြီးရင် ပြောင်းလေ့မရှိကြဘူး။ ဒါပေမယ့် ကျုပ်တို့ကလည်း သူတို့အားလုံးရဲ့ အကြီးအကဲ ဒုံမားစော်ဘွားကြီး ရမ်မိုနဲ့ တွေ့ဆုံပြီး ငြိတိသျှသခင်တို့ရဲ့ ကမ်းလှမ်းမှုကို ပြောပြချင်သေးတာကိုး၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ဒုံမားရွာအရောက် ခရီးဆက်ရမှာပဲ"

သူတို့ တစ်နေကုန် ခရီးဆက်ခဲ့ကြပြီးနောက် နေစောင်းသွားချိန်ဝယ် စခန်းချရပ်နားကာ ညစာ ချက်ပြုတ် စားသောက်ကြပြီးနောက် တောထဲမှာပင် ရွက်ဖျင်တဲငယ်နှစ်လုံးထိုးပြီး အိပ်စက်လိုက်ကြ၏။

ရွက်ဖျင်တဲတစ်လုံးဝယ် မြို့ပိုင်ဦးမြတ်သာနှင့် လူရဲတို့ သားအဖအိပ်ပြီး၊ နောက်ရွက်ဖျင်တဲဝယ် ပွဲစားကြီးဦးဘိုးဟန်နှင့် စိုင်းဒေါင်းနက်တို့ အိပ်ကြကာ၊ အထမ်းသမားနှစ်ဦးမှာမူ မီးပုံ၏နံဘေးဝယ် ပုဆိုးခြုံပြီး အိပ်စက်ကြလေ၏။

ထိုညက အေးစက်လှပြီး တစ်တောတစ်တောင်လုံးမှာ ဆီးနှင်းပေါက်တို့ သစ်ရွက်သစ်ကိုင်းတို့ပေါ်သို့ တဖြောက်ဖြောက်ကျသံသာ မင်းမူလျက်ရှိတော့၏။



လူရဲမှာ ညဉ့်ဦးယံကတည်းက နှစ်ချိုက်စွာ အိပ်ပျော်သွားရာမှ သန်းခေါင်ယံကျော်ချိန်ဝယ် ဖြတ်ခနဲ နိုးလာလေ၏။ သန်းခေါင်ယံဝယ် တရေးနိုးကာ ဆီးထသွားလေ့ရှိသည်မှာ သူ၏အကျင့် ဖြစ်လေ၏။

ဆာကွန်ရာရွာမှာ တည်းစဉ်ကလည်း တရေးနိုးထပြီး တောလိုက်လက်နှိပ်ဓါတ်မီး၏ အကူအညီဖြင့် အိမ်၏နောက်ဘက်ရှိ ဝက်ခြံပေါ်ကက်ကာ အပေါ့သွားခဲ့ရသေးသည် မဟုတ်ပါလား။

ယခုလည်း သူ၏အကျင့်အတိုင်း တရေးနိုးလာတော့၏။

ထို့ကြောင့် သူသည် အိပ်ပျော်နေရာမှ အသာထပြီး ရွက်ဖျင်တဲထဲမှ ငြင်သာစွာထွက်လိုက်၏။ သူ၏ဖခင်နိုးသွားမည် စိုးသဖြင့် ငြ...နှင်းက သစ်ကိုင်းခြောက်များကို ရှောင်ပြီး ရွက်ဖျင်တဲတို့နှင့် ဝေးရာ ချောက်ကမ်းပါးဆီ ဦးတည်လှမ်းလာခဲ့၏။

ဦးဘိုးဟန်တို့၏ ရွက်ဖျင်တဲမှာမူ ငြိမ်တိတ်လျက်ရှိပြီး မီးဖိုအနီးဝယ် ပိုးလိုးပက်လက် စက်တော်ခေါ်နေကြသော အထမ်းသမားနှစ်ဦးမှာ ခေါင်ရည်မူးမူးနှင့် တခေါခေါဟောက်ကာ လောကကြီးနှင့်အဆက်ပြတ်လျက်ရှိလေ၏။

လူရဲသည် ချောက်ကမ်းပါးအနီးသို့ ရောက်လာသ...

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကိုရပ်လိုက်ပြီး အပေါ့်သွားရန် ပြင်ဆင်လိုက်၏။ ထိုစဉ် ချောက်အောက်ဖက်တစ်နေရာမှ ကြိုးကွင်းတစ်ခုသည် အမှောင်ထဲဝယ် ဝေ့ခနဲလွင့်တက်လာပြီး လူရဲ၏ကိုယ်ကို စွပ်မိလိုက်တော့၏။

အိပ်မှုံစုံမွှား ဖြစ်နေသော လူရဲမှာ ဖျတ်ခနဲသတိဝင်လာစဉ် ကြိုးကွင်းကို ဆောင့်ဆွဲခံလိုက်ရပြီး မှောင်ပိန်းလျက်ရှိသော ချောက်ကြီးထဲသို့ ဇောက်ထိုးပစ်ကျသွားတော့၏။

အသည်းအေးခနဲ ဖြစ်သွားပြီးနောက် လူရဲမှာ သူချောက်ထဲသို့ ကျသွားပြီဖြစ်ကြောင်း သတိမူမိသဖြင့် လက်နှစ်ဖက်ကို အားကုန်ရမ်းကာ တစ်ခုခုကို ဆုပ်ကိုင်မိလို ဆုပ်ကိုင်မိငြား ကြိုးစားသော်လည်း လေကိုသာ လက်အစုံက ထိတွေ့မိလျက် ချောက်ထဲသို့ ဦးစိုက်ကျွမ်းပြန်ကျလျက်ရှိတော့၏။

ထိုစဉ် သူ၏ကိုယ်၌ ရစ်ပတ်ထားသော ကြိုးမှာလည်း သူ၏ခန္ဓာကိုယ်နှင့်အတူ တန်းလန်းပါလာရာ ထိုကြိုးစသည် ချောက်ကြီး၏ အောက်နားရှိ ဆူးခြုံတစ်ခုနှင့် ကံအားလျော်စွာ ငြိသွားလျက် သူ၏ကိုယ်မှာ ဆောင့်ဆွဲခြင်းခံလိုက်ရသလိုဖြစ်ကာ တုံ့ခနဲဖြစ်သွားပြီး ဆူးခြုံအောက်ဝယ် ကြိုးတန်းလန်းနှင့် ဖြစ်နေတော့၏။

နှင်းလွှာထုကို မဝံ့မရဲ ထိုးဖြတ်လျက်ရှိသော တပို့တွဲလ၏



လဆန်းလရောင်အောက်ဝယ် ဝန်းကျင်မှ အခြေအနေကို လူရဲ အကဲခတ်ကြည့်လိုက်ရာ သူသည် ချောက်၏ အောက်ခြေနားသို့ ရောက်လုလုဖြစ်နေပြီး ချောက်၏အောက်ခြေမှာ သစ်ပင်ခြုံပုတ် လုံးဝမရှိဘဲ ကျောက်တုံးကြီးများသာ ရှိနေသောအဖြစ်ကို မှုန်မှုန်မွှားမွှား လရောင်အောက်ဝယ် တွေ့ရရာ သူသာ ချောက်အောက်သို့ တိုက်ရိုက်ကျသွားပါက သူ၏ခန္ဓာကိုယ်မှာ ကျောက်တုံးကြီးများနှင့် အရှိန်ပြင်းစွာ ဆောင့်မိပြီး စိစိညက်ညက်ကြေသွားနိုင်ကြောင်း သတိပြုမိလိုက်သဖြင့် ကျောထဲစိမ့်ခနဲဖြစ်သွားရ၏။

ကံအားလျော်စွာဖြင့် ချောက်၏နံဘေးကျောက်နံရံအကြိုအကြားဝယ် ကပ်ပေါက်နေသော ဆူးခြုံနှင့် သူ၏ခန္ဓာကိုယ်အား ရစ်နှောင်ယားသော ကြိုးကွင်း၏ကြိုးစတို့ငြိကာ ကြိုးတန်းလန်း ဖြစ်လျက် ခန္ဓာကိုယ်တွဲလောင်းကျပြီး ယခုအထိ အသက်ရှုခွင့်ရနေခြင်းဖြစ်၏။

"တော်ပါသေးရဲ့ ကံကောင်းလို့"

သူတွေးနေစဉ်မှာပင် ဆူးခြုံ၌ ငြိနေသော ကြိုးစသည် သူ၏ခန္ဓာကိုယ်အလေးချိန်ကြောင့် တစတစ လျှောကျကာ သူသည် ခြေလွတ်လက်လွတ်ဖြင့် ကျောက်တုံးကြီးများပေါ်သို့ ပစ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ကျောက်တုံးကြီးများနှင့် သူ့ခန္ဓာကိုယ်ဆောင့်မိလေရာ..

"အား...လား...လား"

ဟု ညည်းညူလိုက်ရပြီး ကျောက်တုံးကြီးများပေါ်မှတဆင့် မြေကြီးပေါ်သို့ ဘုတ်ခနဲလိမ့်ကျသွားရပါတော့၏။

သူ၏ခါး အတော်အောင့်သွားပြီး ခေါင်းကိုအတန်ငယ် ခိုက်မိသွားသဖြင့် မူးနောက်နောက်ဖြစ်သွားရာ သူရုတ်တရက် မထနိုင်ချေ။

ထို့ကြောင့်လည်း မြေပြင်မှာပင် ပက်လက်လှန်လှဲရင်း သူ စတင်ပြုတ်ကျခဲ့ရာ ကမ်းပါးစွန်းကို မော့ကြည့်နေလိုက်မိတော့၏။ လရောင်မလင်းသည့်သို့ လင်းသည့်သို့ မှုံဝါးဝါးဖြစ်နေသော ဆောင်း ညဦးယံ၏ ကောင်းကင်ပြာမှိုင်းမှိုင်းကို နောက်ခံပြုလျက် မြင့်မားလှ သော ချောက်ကမ်းပါးစွန်းမည်းမည်းကို ငေးကြည့်ရင်း သူ့ကို ဘယ်သူ သတ်ဖြတ်ရန် ကြိုးစားသလဲဟု တွေးဆလျက်ရှိပါတော့သတည်း။

✠ ✠ ✠



ပျောက်သောလမ်းမှာစမ်းတဝါး

ခေါင်းမူးနောက်နေသဖြင့် မျက်လုံးအစုံကို မှိတ်ကာထား လိုက်စဉ်မှာပင် မျက်ခွံတို့က လေးလံသည်ထက် လေးလံလာပြီး မှုန့်မရဖြစ်ကာ လူရဲမေ့းခနဲအိပ်ပျော်သွားတော့၏။

သူသတိရပြီး ပြန်လည်နိုးလာတော့ ချောက်ကမ်းပါးအောက် မြေသို့ နေ၏အလင်းရောင်တို့ပင် ကျရောက်လျက်ရှိချေပြီ။ သူက ကျင်လျက်ရှိသော ခန္ဓာကိုယ်ကို ဂရုမပြုအားပဲ လဲလျောင်းနေရာ အားယူထလိုက်သည်။ ပြီးတော့ သူပြုတ်ကျသည့် ချောက်ကမ်း ပါးပေါ်သို့ မော်ကြည့်လိုက်၏။

ချောက်ကမ်းပါးထိပ်အား သူမျှော်လင့်သည်ထက် ပိုမိုမြင့်မား လျက်ရှိပြီး ချောက်ကမ်းပါးနံရံ၌ ကပ်ပေါက်နေသော သစ်ပင်များ

www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းသစ်ခက်သစ်ရွက်များကြောင့် ချောက်ကမ်းပါးအပေါ်မှ လူ… သူ့ကိုမြင်နိုင်ဖို့မလွယ်သကဲ့သို့ သူကလည်း လူလုံးကွဲအောင်မြင်နိုင်… ရန်မလွယ်ချေ။

ပထမတော့ သူကသူ၏ဖခင်မြို့ဝန် ဦးမြတ်သာတို့ အဖွဲ့… အား အသံပြုဟစ်ခေါ်ရန် စဉ်းစားလိုက်သေး၏။

သို့သော် သူ၏နားထဲဝယ် တောနက်၏နေရာအချို့မှ… ဝါးကုလားခေါက်မှုတ်သံရှည်ကို ဟိုနေရာသဲ့သဲ့၊ သည်နေရာသဲ့သဲ့… ကြားနေရသဖြင့် သူဟစ်ခေါ်ခြင်းသည် ရန်သူကိုဖိတ်ခေါ်သလို ဖြစ်… မည်ဟု သူယူဆလိုက်မိသဖြင့် အသံကျယ်ကျယ် မပြုရဲတော့ချေ…

"အင်း…ညက ငါ့ကိုသတ်ဖြတ်ဖို့ ကြိုးစားသူဟာ ငါတို့… လူစုကို ပိုင်းသလိုလုပ်နေတဲ့ တောင်ပေါ်သားတွေထဲက တစ်ယောက်… ယောက်ပဲလား၊ သူတို့ရဲ့ ဝါးကုလားခေါက်မှုတ်သံဟာ မရိုးဘူး၊ သူတို… ဟာ တောရဲ့နေရာမျိုးစုံကနေ ငါတို့အဖွဲ့ကိုစောင့်ကြည့်ပြီး တစ်… ယောက်ချင်းအမှည့်ခြွေခြွေသတ်ဖြတ်မှာလား မသိဘူး"

"ဒီတော့ ငါဟာငါ့အဖေတို့ကို ဟစ်ခေါ်တာထက် ငါ့ဘာသာ… ဒီချောက်ထဲက တတ်နိုင်အောင် ကြိုးစားတာက ပိုကောင်းမယ်"

ယင်းသို့တွေးတောဆင်ခြင်ပြီးနောက် လူရဲသည် သူ့အ…



မရဏာချောက်ထဲ ဆွဲချခဲ့သော ကြိုးအားခွေကာ ယူလိုက်ပြီး သူ၏ ခါးမှ အမဲလိုက်ဓားမြှောင်ကို သားရေဓားအိတ်အားဖွင့်ကာ ထုတ်ယူ လိုက်လျက် ညာလက်ဝယ် ဆုပ်ကိုင်ထားလိုက်၏။

သူ၏ဝင်ချက်စတာ အမဲပစ်ရိုင်ဖယ်နှင့် ကျည်ခါးပတ်ကတော့ ချောက်ကမ်းပါးထိပ်က ရွက်ဖျင်တဲငယ်ထဲ၌ ကျန်ရစ်ခဲ့ပြီး ညကအပေါ့ ထသွားစဉ်က သူဆွဲကိုင်ခဲ့သော လက်နှိပ်ဓါတ်မီးကတော့ ချောက်၏ အောက်ခြေတစ်နေရာဝယ် တစ်စစီကွဲကြေလျက်ရှိချေပြီ။ အမဲလိုက် ဓားမြှောင်မှာမူ နှိပ်ကြယ်သီးဖြင့် ပိတ်၍ရသော သားရေဓားမြှောင် အိတ်ထဲထည့်ထား၍ သူ၏ကိုယ်နှင့်မကွာ ကျန်ရှိနေခြင်းဖြစ်၏။

သူသည် ဘယ်ဘက်ပုခုံးဝယ် ကြိုးကိုခွေကာလွယ်လိုက်ပြီး ညာလက်၌ အမဲလိုက်ဓားမြှောင်ကို ဆွဲကိုင်လျက် လွန်စွာမတ်စောက် မြင့်မားသော ချောက်ကမ်းပါးပေါ်သို့တက်ရန် လမ်းကြောင်းကိုရှာဖွေ ရင်း ထိုနေရာမှ တစ်လှမ်းချင်းထွက်လာတော့၏။

လူရဲမှာ တောနက်ထဲသို့ သွားလာဖူးသူမဟုတ်သဖြင့် တော ၏အထာကို မကျွမ်းလှဘဲ တောတိုးရင်းတိုးရင်း လမ်းစပျောက်သွား ရာမှ လျှိုတစ်ခုအဝိုင်းလိုက်လာမိသည်တွင် စမ်းချောင်းငယ်တစ်ခုကို တွေ့ပြီး ရေငတ်လှပြီဖြစ်၍ ထိုစမ်းဝယ်ရေအေးအေးကို …သောက်

www.burmeseclassic.com

www.burmeseclassic.com



ကာမျက်နှာသစ် ခြေလက်ဆေးလိုက်ပြီးနောက် သူခရီးဆက်ခဲ့ရာ မျက်စေ့လည်သွားပြီး တောတိုးရင်းတိုးရင်း ဘယ်ရောက်၍ဘယ် ပေါက်မှန်းမသိတော့ချေ။

"ဟာ...ငါတော့ မျက်စေ့လည်သွားပြီ...ငါပြုတ်ကျခဲ့တဲ့ ချောက်ကမ်းပါးကို မျှော်ကြည့်လို့လည်း မတွေ့တော့ပါလား"

သူသည် တောထဲတိုးရင်း နံဘေးဝန်းကျင်ရှိ တောင်မြင့်ကြီး များကိုမော့ကြည့်ကာ သူညကကျခဲ့ရာ ချောက်ကမ်းပါးကို ရှာဖွေ သော်လည်း လုံးဝမတွေ့တော့ပေ။

သို့ဖြင့် လူရဲမှာ်စမ်းတဝါးဝါးနှင့်သာ လျှိုကြီးအတွင်း လျှောက် သွားရာမှ နေအတော်မြင့်လာချိန်ဝယ် ဗိုက်ထဲမှတကျုတ်ကျုတ်မြည် ကာ ဆာလောင်လှသဖြင့် ရင်ထဲမှလှုပ်လှုပ်ခုန်ကာ ခေါင်းမူးဝေလာ တော့ရာ သစ်အယ်ပင်ကြီးတစ်ပင်၏ ခြေရင်းဝယ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

သူ၏ခန္ဓာကိုယ်မှ ဒဏ်ရာဒဏ်ချက်များက နာကျင်လှပြီး ဝမ်းဗိုက်ကလည်း လွန်စွာဆာလျက်ရှိပြီး နောက်ဆုံးပမ်းလျှန်မ်းနယ် လွန်းသဖြင့် သူမှေးခနဲ အိပ်ပျော်သွားပါတော့သတည်း။

✠ ✠ ✠



"ကျုပ်...ကျုပ်ရဲ့သား ဘယ်ရောက်သွားသလဲ၊ ကျုပ်ရဲ့ သားလူရဲကို မတွေ့ပါလား"

နံနက်လင်းသည်နှင့် အိပ်ရာမှ နိုးထလာသော မြို့ပိုင် ဦးမြတ် သာမှာ သားဖြစ်သူကို ရှက်ဖျင်တဲထဲဝယ် မတွေ့ရာ တပို့တပါးသွား သလားဟု ခေတ္တစောင့်ကြည့်နေသေးသော်လည်း သူနိုးထပြီး နာရီ ဝက်ကျော်သည်အထိ သားဖြစ်သူကို မတွေ့ရာ ဟိုလူမေး သည့်လူ မေးနှင့် ဟိုဟိုသည်သည် လိုက်ရှာခဲ့ပြီးဖြစ်၏။

သို့သော် လူရဲ၏အရိပ်အယောင်မျှ မတွေ့ရသဖြင့် လွန်စွာ စိတ်ပူသွားရတော့၏။

"အထမ်းသမားတွေရော ကျုပ်ရဲ့သားလူရဲကို တွေ့မိလိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးသလား''

''မတွေ့မိဘူး မြို့ပိုင်မင်း''

''ဟုတ်တယ်...ကျွန်တော်လည်း မတွေ့မိဘူး မြို့ပိုင်မင်း သူအဲဒီရွက်ဖျင်တဲထဲမှာ အိပ်ပျော်နေတုန်းလို့ ထင်ခဲ့တာ''

ဟု ပွဲစားကြီး ဦးဘိုးဟန်ကပါဝင်ပြော၏။ စိုင်းဒေါင်းနက်မှာမူ နေမြင့်သည်အထိ နှစ်ချိုက်စွာအိပ်မောကျနေသဖြင့် သူ့ကို မေးကြည့်စရာမလိုတော့။

အထမ်းသမားများနှင့် ပွဲစားကြီး ဦးဘိုးဟန်တို့ကလည်း ဟိုနားသည်နားသွားကာ လူရဲ၏နာမည်ကိုခေါ်ပြီး လိုက်လံရှာဖွေရာ သူတို့အတန်ကြာရှာဖွေနေစဉ် စိုင်းဒေါင်းနက်နိုးလာလေ၏။

ထိုအခါမှ စိုင်းဒေါင်းနက်က လူရဲပျောက်သွားမှန်း သိကာ သူပါ အပူတပြင်းလိုက်လံ ရှာဖွေပေးတော့၏။

သူတို့အဖွဲ့သည် ထိုနေ့တစ်နေ့လုံး လူရဲကို ရှာဖွေခြင်းဖြင့်သာ အချိန်ကုန်ခဲ့ပြီး ထိုညအဖို့ ထိုနေရာမှာပင် ဆက်လက်စခန်းချ ခဲ့ရပါတော့၏။

✠ ✠ ✠



နာဂတောင်တန်းပေါ်မှ လပြည့်ညသည် နှင်းမှုန်တို့ သိပ်သိပ်သည်းသည်း လွှမ်းခြုံနေမှုကြောင့် လပြည့်ဝန်းကို ပီပီပြင်ပြင် မမြင်တွေ့ရသော်လည်း နှင်းထုနှင့် တိမ်လွှာတို့မှာ လ၏အလင်းကြောင့် ဝါကွမ်းဆိုင်တို့သို့နှယ် ဝင်းပလျက်ရှိချေ၏။

တပို့တွဲလပြည့်နေ့၏ ဆောင်းညဥ့်လေပြေအေးစက်စက်သည် ဝန်းကျင်အနှံ့သို့ အေးစိမ့်မှုကို မညှာမတာ သယ်ဆောင်ဖြန့်ဝေလျက်ရှိသော်လည်း စော်ဘွားကြီးရမ်ခို၏ အိမ်ကြီးထဲတွင်မူ မီးတောက်ကောင်းလှသော မီးပုံကြီး၏အနွေးဓါတ်ကြောင့် စုရုံးရောက်ရှိနေကြသော လူမျိုးစုခေါင်းဆောင်များ၊ ကျေးရွာအကြီးအကဲများမှာ နွေးနွေးထွေးထွေးနှင့် နေသာထိုင်သာ ရှိနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် စော်ဘွားကြီး ရမ်ခို၏ ဆင့်ခေါ်မှုကြောင့် ဤဒုံးမားရွာသို့ ရောက်ရှိနေကြခြင်းဖြစ်ပြီး စော်ဘွားကြီးကတော် တည့်ခင်းကျွေးမွေးသော ဖွဲကြမ်းခေါင်ရည်အိုးကြီးသုံးလုံး၊ ကြက်ဖြူသားဟင်းနှင့် ဝက်ကောင်လုံးကင်တို့က ဖွယ်ဖွယ်ရာရာ အလျှံပယ်ရှိလှလွန်းရကား အစည်းအဝေး တက်ရောက်လာသူတို့မှာ လွန်စွာ သဘောခွေ့လျက်ရှိလေ၏။

လူစုံတက်စုံဖြစ်ချိန်ဝယ် စော်ဘွားကြီးရမ်ခိုက ခေါင်ရည်အိုးနားသို့ရောက်ရှိလာကာ သူပါဝိုင်းထိုင်လိုက်ပြီး ခေါင်ရည်ကို စမြည်းလိုက်၏။ ထို့နောက် ကြီးစဉ်ငယ်လိုက် ခေါင်ရည်ကို ဝါးပြွန်တံဖြင့် စုပ်သောက်လိုက်ကြပြီးနောက် ကြက်ဖြူသားဟင်းနှင့် ဝက်ကင်တို့ကိုပါ စော်ဘွားကြီးမှ စတင်လျက် အသီးသီး မြည်းလိုက်ကြတော့၏။

ဤသို့ဖြင့် ဝိုင်းတစ်ပတ်လည်သွားချိန်ဝယ် စော်ဘွားကြီးကအစည်းအဝေးကို စတင်လိုက်တော့သည်။

"ငါတို့ဟာ ကုလားဖြူတွေကို အာခံဖို့ ဆုံးဖြတ်လိုက်ပြီးကတည်းက ခံတပ်တွေ၊ ကျောက်မောင်းတွေ လျှို့ဝှက်တည်ဆောက်ခဲ့ကြတာ ခုဆိုအတော်ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ပြီးပါပြီ စော်ဘွားကြီး...ကုလားဖြူတပ်တွေ



တက်လာနိုင်မယ့် လမ်းကြောင်းသုံးသွယ်စလုံးမှာ ကျောက်မောင်းတွေဆင်ပြီးပါပြီ...လျှို့ဝှက်ခံတပ်တွေလည်း တည်ဆောက်ပြီးပါပြီ"

"ခဲယမ်းမီးကျောက်တွေရော ပြည့်စုံပြီလား"

"ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုးစားစုဆောင်းပြီးပါပြီ စော်ဘွားကြီး တူမီးသေနတ်အလက် ငါးရာလည်း အဆင်သင့်ပါပဲ"

"ဟုတ်ပြီ...ငါတို့ဘက်က လူအင်အားကရော ဘယ်လောက်ရှိသလဲ"

"လူအင်အား တစ်ထောင်ကျော် စုမိနေပါပြီ စော်ဘွားကြီး တူမီးသေနတ်မရှိသူတွေက ဝါးချွန်တွေ၊ လှံတို၊ လှံရှည်တွေ၊ ဓားရှည်တွေ ဆွဲကိုင်ပြီး လေးမြှားတွေလည်း အသင့်ပြင်ထားပါတယ်"

စော်ဘွားကြီး ရမ်ခိုမှာ ဦးခေါင်းကို တညိတ်ညိတ်ပြုရင်း

"အင်း...အားရလှသကွယ်...မျက်နှာဖြူအစိုးရရဲ့ တောင်းဆိုနိုင်းစေမှုကို ငါတို့ယတိပြတ်ငြင်းပယ်လိုက်တာနဲ့ သူတို့ဟာ ငါတို့ကို တိုးစစ်ဆင်ချေမှုန်းလာမှာပဲကွယ်"

"သို့ပေတဲ့ ငါတို့ကတောကျွမ်းပြီး သူတို့ကတောမကျွမ်းဘူး၊ သူတို့ကလက်နက် ပိုကောင်းပေမယ့် ငါတို့ကချုံခိုပြီး လက်ဦးမှု ရယူတိုက်ခိုက်ရင် သင်းတို့မခံနိုင်ပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုအားတက်ဝင့်ကြွားစွာ ပြောလိုက်စဉ် လူမျိုးစုခေါင်းဆောင်တစ်ဦးက ခေါင်းရည်ကို စုပ်သောက်လိုက်ပြီးနောက်...

"စော်ဘွားကြီး ကုလားဖြူတို့ရဲ့ရှေ့ပြေး ပွဲစားကြီး ဦးဘိုးဟန်နဲ့ မြို့ပိုင်တို့ရော ဆာကွန်ရာရွာကနေ လှည့်ပြန်သွားကြပြီလား ခင်ဗျ"

ဟုမေးလိုက်ရာ စော်ဘွားကြီး၏ ပြုံးနေသော မျက်နှာမှာ ချက်ချင်းတည်သွားပြီး...

"ဟယ်...ပြောချင်ပါဘူး၊ သင်းတို့ဟာ အတော်ခေါင်းမာတာပဲ၊ ဆာကွန်ရာ သူကြီးဘွေဖဲက သင်းတို့ကိုလှည့်ပြန်ဖို့ပြောတာကို လှည့်မပြန်ဘဲ ငါ့ဆီအရောက်လာနေပြီတဲ့လေ၊ သင်းတို့အတော်သတ္တိကောင်းနေပုံရတယ်"

ဟုအံကြိတ်ကာ ပြောလိုက်တော့၏။

"ဒါဆိုလည်း စော်ဘွားကြီး...သူတို့ကို အပြတ်ရှင်းပစ်လိုက်ပေါ့၊ သင်းတို့က သင်းတို့ရဲ့နောက်မှာ မျက်နှာဖြူစစ်တပ်ကြီးရှိတယ်၊ သင်းတို့ကို ကျွန်တော်တို့က လက်ဖျားနဲ့တောင် မထိဝံ့ဘူးလို့ သွေးနားထင်ရောက်နေပုံရတယ်၊ သင်းတို့ကို လမ်းကဖြတ်တိုက်ပြီး ခေါင်းဖြတ်ပစ်လိုက်ရအောင် စော်ဘွားကြီး၊ ဒါမှနယ်ချဲ့ရဲ့ လက်ပါးစေတွေ နောင်ကိုအတင့်မရဲမှာ"



ဟုလူမျိုးစုခေါင်းဆောင်က ဒေါသမာန်တကြီးဖြင့် ပြောလိုက် စော်ဘွားကြီးရမ်ခိုမှာ အတန်ကြာတွေတွေကြီး စဉ်းစားနေပြီးမှ

"နေဦး...မြို့ပိုင်နဲ့ ဘိုးဟန်တို့အဖွဲ့ကို လမ်းကဖြတ်ပြီး တိုက်ကြနဲ့ဦး၊ မဆိုင်သူတွေ သေကုန်ဦးမယ်၊ သူတို့အဖွဲ့မှာ လူငှား တွေပါတယ်လို့သိရတယ်၊ လူငှားတွေဟာ အခယူပြီး အငှားလိုက်ရ တွေမို့ သူတို့မှာ အပြစ်မရှိဘူး၊ သူတို့ကိုအချောင်မသေစေချင်ဘူး"

"ငါအဓိက လိုချင်တာက မြို့ပိုင်နဲ့ ဘိုးဟန်တို့ပဲ၊ ဒီတော့ င်းတို့ငါ့ရှေ့မှောက်ရောက်အောင် လာပါစေဦး၊ ငါ့ရှေ့ရောက်မှ င်းတို့ဆီက ကုလားဖြူတွေ ငါတို့ကို ထိုးစစ်ဆင်နိုင်မဆင်နိုင် အစ် ာက်မေးချင်သေးတယ်၊ မြို့ဆီလွှတ်ထားတဲ့ ငါတို့ရဲ့ အထောက် က်တွေဆီက ကြားရတာတော့ ကုလားဖြူတွေဟာ ကမ္ဘာ့အရေးမှာ ဖြူဆိုက်နေတယ်ဆိုပဲ၊ ကမ္ဘာ့ရဲ့နေရာအနှံ့မှာ သူတို့စစ်ပွဲတွေ နေရတော့ တိုက်ရပြုရခက်ခဲတဲ့ ငါတို့တောင်ပေါ်တောနက်ထဲ ယ်တမ်းလာချင်မှ လာမှာပါ၊ ဒါကိုသဲကွဲအောင် ငါမေးချင်သေး ယ်"

"သင်းတို့ကို ငါစစ်မေးပြီးမှ မင်းတို့စိတ်ကြိုက်စီရင်ပေတော့"

စော်ဘွားကြီး ရမ်ခိုက အပြီးသတ်ဆုံးဖြတ်ချက်ကို ချမှတ်

www.burmeseclassic.com

www.burmeseclassic.com



မိန့်ဆိုပြီးနောက် ခေါင်းရည်ဝိုင်းမှ ထသွားရာ...

''ကောင်းပါပြီ စော်ဘွားကြီး၊ စော်ဘွားကြီး အနား အိပ်စက်ပါတော့''

ဟုကျေးရွာခေါင်းဆောင်များ၊ လူမျိုးစုအကြီးအကဲများ စော်ဘွားကြီးရမ်းမိုအား လေးစားစွာနှုတ်ဆက်လိုက်ပြီးနောက် ခေါ ရည်ဝိုင်းကို ပျော်ပျော်ကြီး ဆက်လက်ဆင်နွှဲနေကြပါတော့၏။

တပို့တွဲလ၏ လပြည့်ဝန်းသည်ကား တိမ်မြူလွှာတို့ကို ထွ ဖေါက်ပြီး လွတ်လွတ်ကျွတ်ကျွတ်ကြီး လင်းချင်းဝင်းပသွားချေပြီ

အေးစက်သော ဆောင်းညဥ့်ယံဝယ် နာဂတောင်တန်း တစ်ခုလုံးဆိတ်ဆိတ် ငြိမ်ကာအိပ်မောကျလျက် ရှိသော်လည်း ဒုံး ရွာကြီးမှ စော်ဘွားကြီးရမ်းမို၏ အိမ်ဂေဟာကြီးထဲတွင်မူ နယ် ဆန့်ကျင်ရေးစိတ်ဓာတ် တက်ကြွလျက်ရှိသော ကူကီးချင်းနှင့်နာ အမျိုးသားတို့မှာ မကြာမီ သူတို့ရှေ့မှောက်ရောက်ရှိလာတော့မည့် မျက်နှာဖြူအစိုးရ၏ အထူးကိုယ်စားလှယ် မြို့ပိုင်နှင့် ပွဲစားကြီး ဦး ဟန်တို့ကို အဘယ်ပုံ စီရင်ပစ်မည်ဖြစ်ကြောင်း ဆွေးနွေး တိုင်ပင်လျက်ရှိကြပါတော့သတည်း။

✠ ✠ ✠



BURMESE CLASSIC .com

## တ်မိမယ်နှင့်တွေ့ဆုံခြင်း

လူရဲမှာ တောထဲဝယ် တဝဲလည်လည်ဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေရာမှ နှစ်ရက်မြောက်သောနေ့ဝယ် အဟာရပြတ် ား အင်ကုန်ခမ်းကာ ခြေလက်တို့ မသယ်ချင်လောက်အောင် ဖြစ်လာ ပြီး သစ်ကိုင်းပင်ကြီးတစ်ပင်၏ ပင်စည်ကိုကျောမှီကာ ခြေပစ်လက်ပစ် ထိုင်ချအနားယူနေလိုက်ရတော့၏။

သူလျှောက်လာရာ ခရီးဝယ် စမ်းချောင်းလည်း ထပ်မတွေ့ တော့သဖြင့် ရေကလည်းငတ်လှပြီ ဗိုက်ဆာတာတော့ ပြောမနေနဲ့ တော့၊ ဝမ်းထဲအူထဲက တကျွတ်ကျွတ်ဖြစ်နေသည်။ သူသည်ဝေဒနာ မျိုးစုံခံစားနေရလျက်မှ ဖခင်ကြီး မြို့ပိုင်ဦးမြတ်သာအတွက် ပူပန် လိုက်သေးသည်။ သူပျောက်သွားသဖြင့် ဖခင်ကြီးခေါင်းတော

www.burmeseclassic.com

www.burmeseclassic.com



အောင်ရှာနေမလား၊ တောတောင်ထဲမှာ သားရဲချောင်းသလို ချောင်းနေပုံရသော တောင်ပေါ်သားတို့၏ လက်ချက်ဖြင့် အသက်အန္တရာယ်များ ကြုံနေရပြီလားဟု သူတွေးပူလျက်ရှိလေ၏။

ထို့နောက် သူသည် အာခြောက်လှသဖြင့် တံတွေးကို မျိုချရင်း မျက်လုံးအစုံကို မှိတ်ကာ သစ်တိုပင်ကြီး၏ ပင်စည်ကိုမှီလျက် စိတ်ကို လျှော့ချလိုက်စဉ် သူ၏နားထဲ၌ စမ်းရေစီးသံလိုလို ခပ်သဲ့သဲ့ ကြားလိုက်ရသဖြင့် သူ၏စိတ်အာရုံများ ဖျတ်ခနဲနိုးကြားလာတော့၏။ သူရေအလွန်ငတ်နေသဖြင့် အယောင်ယောင်အမှားမှားဖြင့် စမ်းရေစီးသံလိုလို ကြားမိခြင်းလားတော့မသိ။

မည်သို့ဖြစ်စေ ရေစီးသံကြားရာကို သူ့စိတ်ဖြင့် မှန်းမိသောကြောင့် ထိုနေရာသို့ ကြိုးစားသွားကြည့်ရန် အာသီသဆန္ဒပြင်းစွာ ဖြစ်ပေါ်လာလေ၏။

နောက်ဆုံးဝယ် သူသည် ခြေပစ်လက်ပစ်ထိုင်နေရာမှ အားယူထလိုက်ပြီး စမ်းရေစီးသံသဲ့သဲ့ ကြားရာအရပ်သို့ ဒယီးဒယိုင်ဖြင့် လျှောက်လှမ်းလာပါတော့၏။

သူခြေလှမ်း တစ်လှမ်းလှမ်းလိုက်တိုင်း စမ်းရေစီးသံကို ပိုပြီးပီပြင်စွာကြားလာရသလိုဖြစ်ရာ စိတ်အားတက်သွားပြီး ခြေလှမ်းကို



ခပ်သွက်သွက်လှမ်းနိုင်သမျှလှမ်းကာ ဆူးတော၊ ချုံတောမရှောင် တိုးလျက် ကမူးရှူးထိုးဖြင့် လျှောက်လာခဲ့ချေပြီတည်း။

"ဟာ...ဟုတ်ပါပြီ၊ ဒါစမ်းချောင်း စမ်းချောင်းတစ်ခုရဲ့ ရေစီးသံပဲ၊ တဝေါဝေါနဲ့ ရေတံခွန်က ရေကျသံမျိုးပဲ"

ရေသံကြားမှ ရေပိုငတ်သလိုဖြစ်လာကာ ရှေ့၌ကာဆီးနေသော ဆူးရစ်ချုံကြီးတစ်ချုံကို အတင်းတိုးဇွတ်ကျော်ဖြတ်လိုက်ရာ ပြီးစွာအေးမြသော ရေငွေ့ပါသည့် လေညှင်းအထိအတွေ့ကို လန်းဆန်းစွာ ခံစားလိုက်ရပြီးနောက် ကျောက်တုံးမဲမဲချောချောကြီးပေါ်သို့ သူဟတ်ထိုးရောက်ရှိသွားတော့၏။

ထိုကျောက်တုံးကြီးကို သူကျော်ပြီး ကြည့်လိုက်မိသည့် [illegible]မှာပင် သူ့လည်ချောင်းတစ်ခုလုံး ပိုမိုခြောက်သွေ့သွားကာ ရေပိုငတ်သလို ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် သူမိုးကြည့်လိုက်သည့် ကျောက်တုံးချောချောမည်းမည်းကြီး၏ အောက်ဖက်ဝယ် ကြည်လင်အေးမြနေသော ရေအိုင်ကြီးတစ်အိုင်ရှိနေပြီး ထိုအိုင်ထဲသို့ လူနှစ်ရပ်ခန့်မြင့်သည့် ကျောက်တုံးကျောက်စွယ်တို့ကြားမှ ရေတံခွန်ငယ်တစ်ခု တဝေါဝေါကျဆင်းလျက်ရှိကာ ထိုရေတံခွန်မှကျသော ရေကြည်ကြည်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို နှစ်သက်စွာ ခံယူလျက် လွတ်လပ်စွာ ရေချိုးနေသော မိန်းမ ပျိုလေးတစ်ဦးကို ဘွားခနဲ တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပါသတည်း။

တိုင်းရင်းသူမိန်းမချောလေးမှာ လွန်စွာနုပျိုလှပပြီး အသား အရေစိုပြေဝင်းပလွန်းရကား၊ ဂျပ်ခုတ်ထည်လေးသာ အရှက်လုံယုံ ဝတ်ကာ ရေချိုးနေသော သူမ၏အသွင်က နတ်မိမယ်လေးအလား ထင်မှတ်မှားရသဖြင့် လူရဲ အာခေါင်ပိုခြောက်သွားရခြင်း ဖြစ်ပါ၏။ မိန်းမပျိုလေးကို မင်သက်မိစွာ ငေးကြည့်နေရင်းမှ လူရဲမှာ ရေငတ် လွန်းရကား ကြည်လင်သော ရေအိုင်ဆီ ရောက်ချင်ဇောဖြင့် ရှေ့သို့ ကိုယ်ကို တိုးလိုက်စဉ် လုံးချောနေသော ကျောက်တုံးမည်းမည်းကြီး ပေါ်မှ လျှောခနဲကျော်ပြီး ရေအိုင်ထဲသို့ ဖောက်ထိုးပစ်ကျသွားပါ တော့သတည်း။

"ဗွမ်း"

ခနဲအသံနှင့်အတူ မိုးပေါ်မှပြုတ်ကျလာသလို လူယောကျ်ား တစ်ယောက် သူမ၏အနီးသို့ ရုတ်တရက် ဆိုင်းမဆင့်၊ ဗုံမဆင့် ပြုတ်ကျလာသဖြင့် မိန်းမပျိုလေးမှာ... "အမေ့" ဟု လန့်အော်လိုက်မိ ပါတော့၏။

✠ ✠ ✠



ရေငတ်သူ ရေအိုင်ထဲပြုတ်ကျကာမှ သတိလစ်သွားရာ လူရဲ၏ ကိုယ်မှာ ရေထဲသို့ နစ်မြုပ်သွားသည့်တွင် မိန်းမချောလေးသာ သတိ ချက်ချင်းဝင်လာပြီး ဆွဲမထူခြင်းမပြုပါက လူရဲ၏အဖြစ်က ရေတိမ် နစ်ရမည့်ကိန်းပင်။

"ဒီ.. ဒီမှာ.. ဟေ့လူ..ဟေ့လူ"

"ဒီမှာ... ရှင်ဘာဖြစ်လာတာလဲ... ရှင်ဘယ်ကလဲ"

ခေါင်ဆိုင်ချင်း မိန်းမချောလေးက ခေါင်ဆိုင်ချင်းဘာသာ စကားနှင့်ရော မြန်မာစကားနှင့်ပါ တတွတ်တွတ်မေးရင်း လူရဲ၏ ကိုယ်ကြီးကို ရေအိုင်၏ ကမ်းပါးဆီသို့ မနိုင့်တနိုင် တွဲယူလာလေ၏။

ထို့နောက် သူမသည် လူရဲ၏ကိုယ်ကို လက်တစ်ဘက်ဖြင့် ထိန်းကိုင်ရင်း လက်ဝါးလေးတစ်ဘက်ဖြင့် လူရဲ၏ ပါးတစ်ဘက်ကို ခပ်ဆတ်ဆတ်လေးပုတ်လျက် ...

"ဒီမှာ .. ဒီမှာ"

ဟု တတွတ်တွတ်ခေါ်နေရာ ပါးကို လေးငါးချက်ခန့် ပုတ်အပြီးဝယ် လူရဲမှာ သက်ပြင်းရှည်ကြီးချပြီး သတိပြန်လည်လာ တော့၏။

သို့သော် သူ၏မျက်ခွံများမှာ လွန်စွာလေးလံနေသဖြင့် ရှင်

www.burmeseclassic.com

www.burmeseclassic.com



ချည်းဖွင့်မရဘဲ ခြောက်သွေ့လျက်ရှိသော အာခေါင်က အက် တော့မလောက်ဖြစ်လာရာ ပါးစပ်မှ မပွင့်တပွင့် ညည်းတွားလိုက် ပါတော့၏။

''ရေ...ရေ...ရေ''

''အို...သူ ရေသိပ်ဆာနေပုံရတယ်၊ သူ့ရဲ့နှုတ်ခမ်းတွေလည် အက်ကွဲလို့ပါလား''

ကောင်မလေးမှာ လွန်စွာအားနည်းနေပုံရပြီး တစ်ကိုယ်လုံ ဒဏ်ရာဒဏ်ချက်များဖြင့် ရေလည်းအလွန်ဆာနေပုံရသော လူရဲ ဖြစ်အင်ကိုရိပ်မိသွားကာ ရေအိုင်ထဲမှ ရေကြည်ကြည်အေးအေးလေ ကို လက်ခုပ်တစ်ဖက်နှင့် ခပ်ယူလိုက်လျက် လူရဲ၏ပွင့်ဟဟလေးဖြစ် နေသော နှုတ်ခမ်းနှစ်လွှာကြားသို့ သွန်းလောင်းပေးလိုက်လေ၏။

လူရဲမှာ မျက်လုံးကို စုံမှိတ်ထားလျက်မှ လည်ချောင်းအတွင် သို့ စီးဆင်းလာသော လွန်စွာအေးမြသည့် ရေစင်ကို အငမ်းမရ သောက်မျိုချနေမိတော့၏။

အတန်ငယ် သောက်မျိုပြီးတော့ သူ့တစ်ကိုယ်လုံးလန်းဆန် သွားပြီးလျှင် အားအင်တို့ ပြန်လည်ပြည့်ဖြိုးလာသလိုခံစားရကာ သူ၏ ဦးနှောက်သည်လည်း ပကတိကြည်လင်လာပြီဖြစ်၏။



ထိုသောအခါ သူ၏လက်ရှိ ပစ္စုပ္ပန်အခြေအနေကို သူပြန် ယပ်လိုက်မိလေတော့၏။

''အင်း...ငါအခု ရေအေးအေးလေး သောက်နေရတယ်၊ ရေကို ဘယ်သူတိုက်နေတာလဲ၊ ပြီးတော့ ငါ့ရဲ့ကိုယ်ကိုလည်း ယောက်ယောက်က ဖေးမဖက်ပွေ့ထားတယ်၊ ဘယ်သူက ဖက် ပွေ့ထားတာပါလိမ့်''

''ဟုတ်ပြီ...ငါ...ငါ ကျောက်တုံးပေါ်က မလိမ့်ကျခင် ရေအိုင်ထဲမှာ မိန်းမချောလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ကိုငေးကြည့်ရင်း ငါသတိလက်လွတ်ဖြစ်ပြီး ကျောက်တုံးပေါ်ကနေ ကျသွားခဲ့တယ်၊ ငါဟာရေထဲပြုတ်ကျသွားတာပဲ ဖြစ်မယ်၊ ဘာ လို့လည်းဆိုတော့ ငါ့ရဲ့တစ်ကိုယ်လုံးဟာ အေးခနဲဖြစ်သွားလို့ပဲ၊ နောက်တော့ ငါသတိလစ်သွားခဲ့တယ်''

''ဒါပေမယ့် အခုတော့ ငါသတိပြန်ရလာပြီး ငါသိပ်သောက် ချင်တဲ့ ရေအေးအေးကို သောက်နေရပြီ။ အင်း...ဒါဆို ငါ့ကိုရေ ကိုက်နေတာ ငါရေအိုင်ထဲမှာ တွေ့ခဲ့ရတဲ့ ကောင်မလေးပဲ ဖြစ်မယ်။ ဟုတ်ပြီ ဒါဆို ငါ့ကိုလက်နဲ့ ပွေ့ဖက်ထားသူကလည်း သူလေးပဲ ဖြစ်မှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း သူ့ရင်သည် နွေးခနဲဖြစ်သွားပြီး မျက်လွှာအစုံကို အသာဖွင့်ကြည့်လိုက်ရာ ပြာလွင်သော မိုးကောင်းကင်ကို နောက်ခံထားလျက် လန်းဆန်းလှပလွန်းသော မိန်းမချောလေး၏ မျက်နှာနုဖတ်ဖတ်လေးကို တွေ့လိုက်ရသဖြင့် သူ့ကိုယ်သူ အိပ်မက်များမက်နေသလားဟု တွေးရင်း မိန်းမချောလေးကို အငေးသား ငေးမောကြည့်နေလိုက်မိတော့၏။

ထိုစဉ် မိန်းမချောလေးက သူ၏မျက်ဝန်းများကို စိုက်ကြည့်လိုက်ပြီးနောက် လှပစွာပြုံးလိုက်ကာ . . .

"ဩော် . . . ရှင်သတိရလာပြီကိုး"

"ရှင် ကောင်းကောင်းသတိရလာပြီပေါ့ ဟုတ်လား"

ဟု ခေါင်ဆိုင်ချင်းဘာသာနှင့်ရော မြန်မာဘာသာနှင့်ပါ နူးညံ့ချိုသာစွာ မေးလိုက်လေ၏။

လူရဲက ရေအိုင်ထဲ၌ ကိုယ်အောက်ပိုင်းရှိနေပြီး ကိုယ်အထက်ပိုင်းက ကန်စပ်မှ ကျောက်တုံးကြီးတစ်တုံးဝယ် မှေးမှီလျက်ရှိရာမှ သူ၏ကိုယ်ကို ပြန်မတ်လိုက်ရာ မိန်းကလေးဟာလည်း ဖက်တွယ်ဖေးမထားသည့်လက်ကို အသာပြန်ရုတ်လိုက်လေ၏။

လူရဲက ကောင်မလေးကို ကျေးဇူးတင်စွာကြည့်ရင်း . . .



"မင်းက မြန်မာစကားတတ်တာပဲကိုး၊ ဒါပေမယ့် မင်းဟာ ချင်းမလေးပဲ မဟုတ်လား"

ဟု စကားကိုအားယူ၍ ပြောလိုက်ရ၏။

"ဟုတ်ပါတယ် . . . ကျွန်မရဲ့နာမည်က ကော်နိုပါ ရှင်က မြန်မာပဲမဟုတ်လား"

ဟုပြောလိုက်ရင်း ကျောက်တုံးကြီးတစ်တုံးပေါ်၌ တင်ထားသော ရှုံနီဟာဘက်လေးအား လှမ်းယူလိုက်ကာ စိုပြေဝင်းဝါနေသော သူမ၏ ရင်လွှာမို့မို့ကို ပတ်ခြုံထားလိုက်လေ၏။

ဂျပ်ခုတ်ထည်အောက်မှ သူမ၏လှပသော ကိုယ်လုံးဖွံ့ဖွံ့လေးဝယ် ရေစက်ရေပေါက်တို့လှပစွာ သီးနေရာ လန်းဆန်းသည့် သူမ၏အလှကမြို့ကြီးသူများ ရှုံးလောက်ပါပေ၏ဟု လူရဲတွေးထင်လိုက်မိ၏။

"ဒီမှာ ရှင့်နာမည် ပြောပါဦး၊ လူကိုငေးနေတော့တာပဲ၊ ရှင်ကြည့်ရတာလည်း ဖြူဖျော့ဖျော့နဲ့ အတော်အားနည်းနေသလိုပဲ၊ ကဲ . . . လာ . . . လာ . . . ရေထဲကတက်ကြစို့"

သူမက ခပ်သွက်သွက်လေးပြောပြီး ကျောက်တုံးများပေါ်သို့ ကိုယ်ကိုအားယူကာ တက်သွား၏။ ဂျပ်ခုတ်ထည်အောက်မှ ဝင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



လက်လက်ထွက်ပေါ်လာသော သူမ၏ခြေသလုံးသား ပြည့်ဝန်းဝန်း တို့က မွေးညှင်းရှိန်းရှိန်းတို့နှင့် စိုဝင်းလှပလို့နေလေ၏။

''ကဲ...လာလေ...ဩော်...ဒီလူတော့ခက်ပြီ၊ ငေးတော ငိုင်တိုင်နဲ့ပါလား၊ လာ ..လာ...ရှင့်ရဲ့လက်ပေး ရှင့်ကြည့်ရတာ ဒီရေအိုင်ထဲမှာ ကျော ချရင်း ကျောက်ရုပ်ဖြစ်သွားမယ့် ပုံပါလား''

စိတ်မြန်သော သူမက သူ့လက်မောင်းကိုဆွဲယူကာ ကျောက် တုံးပေါ်သို့ အတင်းဆွဲတင်နေသဖြင့် လူရဲကလည်း ရှိသမျှအားအင် တို့ကိုစုစည်းကာ အိုင်နံဘေးမှ ကျောက်တုံးကြီးပေါ်သို့ ကိုယ်ကိုလှို့ တက်လိုက်ရ၏။

ကော်နီဆိုသော ချစ်စဖွယ်ကျူကီးချင်းမလေးက လူရဲ၏ ခန္ဓာ ကိုယ်ကြီးကို မနိုင့်တနိုင်ဆွဲမကာ ကျောက်တုံးကြီးပေါ်မရောက်ရောက် အောင် ကူတင်ပေးရှာလေ၏။

သူတို့နှစ်ယောက်သား အတော်လေး ကြိုးစားလိုက်မှ နေခြည်နွေးနွေးဖြာကျနေသော ကျောက်တုံးပေါ်သို့ လူရဲရောက်ရှိသွား တော့၏။

လူရဲက ကျောက်တုံးကြီးပေါ်ဝယ် အမောပြေရင်း လှဲနေရာ မှ မျက်လုံးနှစ်လုံးကိုမှိတ်ကာ ပါးစပ်မှ ခပ်တိုးတိုးလျှလျှ ပြောလိုက်



ပါ၏။

''တို့ ... တို့ရဲ့နာမည်က လူရဲပါ၊ တို့ တောထဲ မျက်စေ့ လည်နေတာ သုံးရက်လုံးလုံးရှိပြီ၊ ဘာ ဘာမှမစားရလို့ အားပြတ် နေတယ်၊ မင်း.. မင်းကို ကျေးဇူးတင်ပါတယ်...ကော်နီ''

ဟု ပြောရင်း သတိလစ်မလို ဖြစ်သွားသဖြင့် မနည်း အားတင်းထားလိုက်ရလေ၏။ ကော်နီမှာ ရေတွေရွှဲစိုနေသော လူရဲ၏ ခန္ဓာကိုယ်တစ်ခုလုံးကိုရော လူရဲ၏ သန့်စင်ချောမောသော်လည်း လွန်စွာ အားနည်းဖြူဖျော့နေသည့် အညိုအမည်းစွဲနေသော မျက်နှာနုနုလေး ကိုရော ကရုဏာသက်စွာ သေချာကြည့်ရင်း ...

''ဩော် ... ရှင်အတော် ဒုက္ခရောက်လာတာပါလား၊ နေပါဦး ရှင်က တစ်ယောက်တည်း ဒီတောထဲ ဘယ်လိုလုပ် ရောက်နေ တာလဲ''

ဟု စူးစမ်းသလို မေးလိုက်ရာ လူရဲမှာ မည်သို့ဖြေရင် ကောင်းမလဲဟု အာရုံကို ကြိုးစားစုစည်းကာ တွေးဆလိုက်ရ၏။

''အင်း ... ဒီကောင်မလေးဟာ ခေါင်ဆိုင်ချင်းမလေးပဲ၊ တကယ်တော့ ငါဟာ အခုလို ခေါင်ဆိုင်ချင်းတွေရဲ့လက်ထဲ ကျရောက် နေတဲ့ သဘောပဲ၊ ငါ့အဖေရဲ့အဖွဲ့နဲ့ ခေါင်ဆိုင်ချင်းတွေ အဆင်မပြေရဲ့လား

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ အဆင်မပြေခဲ့ရင် ငါ့ကိုပါ သူတို့ရန်ပြုမှာစိုးရတယ်၊ မြို့ပိုင်ရဲ့သားလို့ သိသွားရင် ပိုဆိုးလိမ့်မယ်၊ မဖြစ်ဘူး...ငါဟာ တောလည်ရင်း ရောက်လာတဲ့မုဆိုးလို့ လိုးလွဲပြောမှဖြစ်မယ်၊ ဟုတ်တယ် ဒါမှ အန္တရာယ်ကင်းမှာ''

ဟု စိတ်ထဲဝယ် သုံးသပ်ရရှိသဖြင့် ကောင်မလေးကို ညာပြောလိုက်ရတော့၏။

''တို့... တို့ဟာ အပျော်တမ်း မုဆိုးတစ်ယောက်ပါ၊ ခန္တီးဘက်ကနေ မုဆိုးတစ်စုနဲ့ တောလည်လိုက်လာရင်းက ဆင်...ဆင်ရိုင်းနဲ့တိုးပြီး ထွက်အပြေး ချောက်ကြီးထဲပြုတ်ကျပြီး ကံ...ကံကောင်းလို့မသေခဲ့သူပါ ကော်နီ့ ဒါပေမယ့် အစာရေစာပြတ်ပြီး တောထဲမှာပဲ တဝဲလည်လည်နဲ့ ဘဝဆုံးတော့မလိုဖြစ်နေတုန်း မင်း...မင်းနဲ့ဘုရားမလို့တွေ့... တွေ့''

ဟုပြောရင်း သူ့ခေါင်းက ရီဝေဝေဖြစ်ကာ သတိလစ်လုလုဖြစ်လာတော့၏။ ကောင်မလေးက သူ့ကိုဂရုဏာသက်စွာကြည့်ရင်း

''ဩော်...ရှင်ဟာ ဘာဘော် ဒုက္ခရောက်လာတာပဲကို။ ကံကောင်းလို့ သေကံမရောက်သက်မပျောက်တာပါလား၊ ကဲ... ကဲ ရှင်အားတင်းပြီး ကော်နီရဲ့ အိမ်ကိုလိုက်ခဲ့ ကော်နီက ဟောဒီ



နားက ဒုံမားရွာမှာနေတယ်''

ဟုပြောရင်း ကောင်မလေးက သူ့ကို အတင်းဆွဲထူ၏။ လူရဲလည်း ဒီတစ်ခါတော့ သူမသေတော့ဘူးဟု အားတင်းကာ ယောက်ျားတို့ဖြင့် ထလေ၏။ ခဏအကြာတွင်တော့ လူရဲမှာ ဒယီးဒယိုင် ခြေလှမ်းများဖြင့် ခေါင်းဆိုင်ချင်းမလေး ဖက်တွဲဖေးမခေါ်ရာသို့ တရွေ့ရွေ့ပါလာတော့သည်။

တော်ပါသေး၏။ ကော်နီတို့၏ လက်ရွေးပျဉ်ချပ်ကြီးများကာရံကာ ဂုံးရွက်များ ထူထပ်စွာ မိုးထားသောအိမ်က ရွာအစွန်တောစပ်မှာရှိပေလို့။

ကော်နီတို့ အိမ်နားနီးရောက်တော့ ကော်နီ၏ မောင်ငယ်လေးအိမ်ပေါ်မှ ပြေးဆင်းလာပြီး ခေါင်းဆိုင်ချင်းဘာသာစကားဖြင့် မေးသည်။

"အစ်မ.. ဒီလူဘယ်ကလဲ... ဒဏ်ရာတွေနဲ့ပါလား"

"ဟုတ်တယ် မောင်လေး.. သူ့ကို ကူတွဲစမ်း... သူထမင်းမစားရတာ သုံးရက်လုံးလုံးရှိပြီ"

ဟု ခပ်သွက်သွက်ပြောလိုက်ပြီးနောက် လူရဲ လှေကားမှတက်နိုင်အောင် မောင်နှမနှစ်ယောက် ကူဆွဲတင်ပေးကြရာ၏။

လွန်စွာ ပင်ပန်းနွမ်းလျလျက်ရှိသော လူရဲလည်း ရှိသမျှအား

www.burmeseclassic.com

www.burmeseclassic.com



ကိုတင်းကာ လေှကားမှ တစ်ထပ်ချင်းတက်လာပြီးနောက် အိမ်ပေါ်သို့ အရောက်ဝယ် ကညင်ခေါက် ကြမ်းခင်းပေါ်သို့ ခန္ဓာကိုယ်ကို ပစ်လှဲချလိုက်သည့် ခဏမှာပင် စိတ်လျှော့လိုက်သဖြင့် လုံးဝသတိလစ်သွားပါတော့သတည်း။

✠ ✠ ✠

BURMESE CLASSIC .com



လူရဲသတိပြန်ရလာတော့ သူ့ကိုယ်မှာ နွေးနွေးထွေးထွေး ဖြစ်နေကြောင်း သတိမူလိုက်မိ၏။ သူကအတန်ကြာ အိပ်ပျော်ခဲ့သဖြင့် အတော်လေး အားပြည့်သလို ဖြစ်လာသောကြောင့် သူ၏ အနီးဝန်းကျင်ကို အားယူကြည့်လိုက်မိသည်။

သူသည် မီးလင်းဖိုတစ်ဖို၏ အနီးတွင် လဲလျောင်းလျက်ရှိပြီး မီးလင်းဖိုမှ အပူငွေ့သည် သူ့အားနွေးနွေးထွေးထွေး ဖြစ်စေကြောင်း သတိပြုမိလေ၏။

ထိုစဉ် ကော်နီက စွပ်ပြုတ်ထည့်ထားသော သစ်သားခွက်တစ်ခုကို သူ့ထံယူလာကာ သူ့ကိုပြုံးကြည့်ရင်း . . .

"လူရဲနိုးလာပြီလား၊ ရှင်သတိလစ်သွားတာလား၊ အိပ်ပျော်

www.burmeseclassic.com

www.burmeseclassic.com



သွားတာလားတော့ မသိဘူး၊ အတော်ကြာတယ်၊ စောစောက ကျွန်မ ရဲ့အဖေတောင် ရှင့်ကိုလာကြည့်သွားသေးတယ်''

ဟုရင်းနှီးသော အသံလေးဖြင့် ပြောလိုက်ရာမှ သူ့အနား ဝယ် အသာထိုင်လိုက်ပြီး သစ်သားခွက်ကို ကြမ်းပြင်ပေါ်သို့ ချကာ

''ကဲ. . .ရှင်သိပ်ဆာနေတယ် မဟုတ်လား၊ နွားနောက်သား ခြောက်နဲ့ ပြုတ်ထားတဲ့ စွပ်ပြုတ်လေးသောက်လိုက်ဦး၊ ရှင့်ရဲ့ အစာ အိမ်က အစားအစာနဲ့ မထိတွေ့ရတာ သုံးရက်လုံးလုံးရှိပြီဆိုတော့ ရုတ်တရက် အစာကြမ်းတွေ မစားနဲ့ဦး၊ ပြီးမှထမင်းနဲ့ ကြက်ဖြူသား ဟင်းကိုကျွေးမယ်''

ဟု ဆရာမကြီးလေသံဖြင့် ပြောလိုက်ကာ လူရဲထထိုင်နိုင် စေရန် ကူညီပေးမလိုက်ရှာ၏။

လူရဲလည်း အစာအဟာရနှင့် ပြတ်လပ်နေသဖြင့် လွန်စွာ ဆာလောင်လျက်ရှိရကား ဟန်ပင်မဆောင်နိုင်ဘဲ သစ်သားဇွတ်ခွက် ထဲမှ စွပ်ပြုတ်ရည်ကို အငမ်းမရ သောက်လိုက်မိတော့၏။

''ဖြည်း. . .ဖြည်း. . .ဖြည်း. . .ဖြည်း. . .ရှင်သီးသွားဦးမယ်၊ ရှင်အဲလို အလောတကြီး စားသောက်မယ်ဆိုတာသိလို့ စွပ်ပြုတ်ကို ခပ်နွေးနွေးဖြစ်အောင် လုပ်ထားတာ သိပ်ပူရင်ရှင်တော့ လျှာကျက်



သွားမှာပဲ''

ဟုကော်နီက ခပ်ပြုံးပြုံးလေးပြောရင်း နွားနောက်သားတုံး ကို အားရပါးရ ကိုက်စားနေသည့် လူရဲအား သဘောကျပီတိ ဖြစ်စွာ ကြည့်နေလေ၏။

လူရဲလည်း စွပ်ပြုတ်တစ်ခွက်လုံး ကုန်သွားပြီး အရသာ ရှိလှသောနွားနောက်သားတုံးများကို စားလိုက်ရသဖြင့် အတော် အား ရှိသွားလေတော့၏။

ထိုသို့အားပြည့်သွားမှ သူကအိပ်ခန်းဝန်းကျင်ကို မျက်စေ့ ဝေ့ကာကြည့်လိုက်ရာ အိမ်၏နံရံတစ်ဖက်နားဝယ် သူ၏ဘောင်းဘီ အင်္ကျီတို့အား လျှော်ကြိုးတန်းတစ်ခုဖြင့် လှမ်းထားကြောင့် တွေ့ ရလေရာ မျက်လုံးပြူးသွားပြီး သူ့ကိုယ်သူငုံ့ကြည့်လိုက်မိလေ၏။

''ဟိုက်. . .ငါ. . .ငါ့ကိုယ်အောက်ပိုင်းမှာ အဝတ်ဖြူကြီး ပြီး ဂျပ်နုတ်အင်္ကျီပွပွကြီးကိုလည်း ဝတ်ပေးထားပါလား''

သူ့တစ်ကိုယ်လုံး ဖိန်းရှိန်းသွားပြီး ကောင်မလေးကို မလုံမလဲ ကြည့်လိုက်မိရာ သူ၏အဖြစ်ကို ရိပ်မိပုံရသော ကော်နီက ရှက်ပြုံး ချစ်စဖွယ်ပြုံးလိုက်ရင်း. . .

''ဟင်း. . .ဟင်း. . .ရှင်ဘာမှမပူပါနဲ့၊ ရှင့်ကို ကျွန်မရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့မော်ဒလေးတို့က အဝတ်အစား လဲပေးထားတာပါ...ဟင်း''

ဟုဆိုကာ သွားတက်လေးများပေါ်အောင် ရယ်နေတော့ရာ သူ့မှာပို၍ ရှက်ကိုးရှက်ကန်း ဖြစ်သွားရပြီး အလိုက်ကန်းဆိုးမသိစွာ သူ့ကိုကြည့်ပြီး ရယ်နေသည့် ကောင်မလေး၏ ပါးမို့မို့နီထွေးထွေး လေးကိုသာ လက်ညှိုး၊ လက်မတို့ဖြင့် ဆွဲဖျစ်လိုက်ချင်တော့၏။

ထို့နောက် သူမသည် ချက်ချင်းအရယ်ရပ်သွားပြီး...

''ဒီမှာ ရှင့်ကိုပြောရဦးမယ်၊ အခုကျွန်မတို့ရွာမှာ အရေး တကြီးကိစ္စတစ်ခု ပေါ်နေတယ်၊ ဗြိတိသျှအစိုးရနဲ့ ကျွန်မတို့အမျိုး သားတွေ ပြဿနာဖြစ်နေတယ်လို့ အဖေပြောတယ်''

''အဲဒီလိုရွာမှာ သေရေးရှင်ရေး ပြဿနာဖြစ်ပြီး ရှုပ်ထွေး နေတုန်း မျက်နှာစိမ်းဖြစ်တဲ့ ရှင်ရောက်လာတာကို ကျွန်မရဲ့အဖေ ရွာသူရွာသားတွေက မနှစ်မြို့မသင်္ကာဖြစ်မှာစိုးလို့ ရှင့်ကိုခန္တီး လောကဓါတ်ကျောင်းမှာ ကျွန်မကျောင်းတက်တုန်းက သူငယ်ချင်း ဖြစ်ခဲ့သူလို့ ပြောထားတယ်သိလား၊ ရှင်ဟာ ဗြိတိသျှအစိုးရနဲ့ လုံး ပတ်သက်သူမဟုတ်ဘူး၊ အပျော်တမ်းမှုဆိုးတစ်ယောက်ပဲ ဖြစ်တယ် လို့ ပြောထားတယ်''

ဟုလေးနက်သောလေသံဖြင့် ပြောလိုက်၏။



ထိုအခါမှ ကော်နီမြန်မာစကားကို ကောင်းစွာပြောတတ် နေခြင်းမှာ ခန္တီးဝယ်ကျောင်းတက်ဖူးခြင်းကြောင့် ဖြစ်ကြောင်း သဘော ပေါက်သွားပြီး အရည်အချင်းရှိကာ ဉာဏ်ရည်ထက်မြက်ပုံရသော မိန်းမချောလေးကို သဘောကျစွာ တစိမ့်စိမ့်ကြည့်လိုက်ရင်းမှ တစ်စုံ တစ်ရာကို သတိရသွားလျက်...

''ဩော်...ဒါထက် ဒီရွာကဘာရွာလဲ''

ဟုမေးလိုက်ရာ...

''ဒုံမားရွာ''

ဟု ကောင်မလေးက တစ်လုံးချင်းပြောလိုက်လေ၏။ ဒုံမား ရွာဟူသောအသံကြောင့် လူရဲ၏ရင်ထဲခနွေးခနဲ ဖြစ်သွားပြီး သူ၏ ဖခင်တို့အဖွဲ့ ဦးတည်လာခဲ့သည့် ရွာကြီးပါလားဟူသောအသိက သူ့ နှလုံးသံကို မြန်စေခဲ့ပြီး သူ့ဖခင်အတွက် စိုးရိမ်စိတ်က သူ့တစ်ကိုယ် လုံးကို တုန်လှုပ်သွားစေလေ၏။ ဖခင်ကြီးတို့သည် ရွာသို့ရောက်လာပြီ လားဟု ပူပန်စွာသိချင်သွား၏။

သို့သော် သူတစ်စုံတစ်ရာ အလောတကြီး မေးလိုက်ပါက စကားအများပါသွားမည်စိုး၍ နှုတ်ပိတ်မနေလိုက်ရကာ ကောင်မလေး ကတော့ ဘယ်လိုလှည့်ပတ်မေးရမလဲဟု တွေးဆနေလိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ဝယ် ကော်နီက နေရာမှထသွားပြီး သစ်သားဗျတ်ခွက်ထဲ၌ ထမင်းထည့်ကာ အပေါ်မှ ကြက်ဖြူသားဟင်းကိုပုံပြီး ခေါင်ရည်တစ်အိုးနှင့်အတူ ပြန်လည်ရောက်ရှိလာလျက်...

''ကဲ... ခေါင်ရည်သောက်ပြီး ထမင်းစားလိုက်ဦး ပြီးမှ နားနားနေနေ ပြန်အိပ်လိုက်''

ဟုကြင်နာစွာပြောလိုက်ရာ သူ၏ရင်ထဲဝယ် စေတနာဖြူစင်လှသော ကူကီးချင်းမလေးကို လွန်စွာကျေးဇူးတင်သွားပါတော့၏။

လူရဲမှာ စားသောက်ပြီးသော်လည်း အိပ်၍မရသေးချေ။ သူလွန်စွာသိချင်နေသော အရာအတွက် စိတ်ဝယ်ယောက်ယက်ခတ်လျက်ရှိလေ၏။ နောက်ဆုံးမအောင့်အည်းနိုင်သဖြင့် စကားတောက်လိုက်မိတော့၏။

''စောစောက ကော်နီပြောတဲ့အထဲမှာ ကော်နီတို့ရွာမှာ အရေးတကြီးကိစ္စပေါ်နေတယ်ဟုတ်လား၊ အဲဒါ ဘာဖြစ်တာလဲဟင်''

ကောင်မလေးက .ထမင်းခွက်ကို သိမ်းဆည်းနေရင်းမှ..

''ရွာကိုမြို့က မြို့ပိုင်မင်းလာမယ်တဲ့၊ သူကဗြိတိသျှအစိုးရရဲ့ ကိုယ်စားလှယ်ပဲတဲ့၊ ဗြိတိသျှအစိုးရက သူတို့နယ်ချဲ့တွေအတွက် အသေခံတိုက်ပေးဖို့ စစ်သားသစ်တွေအဖြစ် ကော်နီတို့ နာဂတောင်



တန်းက တိုင်းရင်းသားလူငယ်လူရွယ်တွေကို ပို့ပေးရမယ်လို့ တောင်းဆိုခိုင်းလိုက်တယ်ဆိုပဲ''

''အဲဒီကိစ္စအတွက် ကော်နီတို့ နာဂတောင်တန်းဒေသရဲ့ ရွာလူကြီးတွေ၊ လူမျိုးစု အကြီးအကဲတွေ၊ တောင်တန်းသားအားလုံးပါ လုံးဝလက်မခံနိုင်ဘဲ ဒေါသူပုန်ထနေတယ်''

''အဲဒီမြို့ပိုင်နဲ့အဖွဲ့ဟာ မကြာခင်ရောက်လာတော့မှာမို့ ဘယ်လိုပြဿနာဖြစ်မလဲတော့ မသိဘူး၊ ဒီရွာရဲ့ အကြီးအကဲစော်ဘွားကြီး ရမ်ခိုရဲ့အိမ်မှာတော့ ကျေးရွာအကြီးအကဲတွေ၊ လူမျိုးစုအကြီးအကဲတွေ စုဝေးတိုင်ပင်နေကြတာပဲ''

ဟုလေးနက်သောစကားသံဖြင့် ခပ်ဖြည်းဖြည်း ပြောပြနေ၏။

လူရဲက သက်ပြင်းကို ခိုးရှိုက်လိုက်ပြီး...

''ကော်နီက ဘယ်လိုဖြစ်လာမယ်လို့ ထင်သလဲ''

ဟုသွေးတိုးစမ်း မေးလိုက်လေ၏။

ကော်နီက သူ့မျက်နှာအား တည့်တည့်ကြည့်လိုက်ပြီး...

''အဲဒီနယ်ချဲ့မျက်နှာဖြူရဲ့ လက်ပါးစေမြို့ပိုင်အတွက် ပြန်လမ်းမရှိဘူးလို့ ထင်တာပဲ''

ဟုခပ်တိုးတိုးပြောလိုက်ရာ လူရဲ၏ရင်ထဲဝယ် [illegible]ပျက်

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်သွားပြီး သောကလှိုင်းအဟုန်က ရင်လွှာတစ်ခုလုံးသို့ ပြင်းစွာ ရိုက်ခတ်သွားတော့၏။

လူရဲမှာ သူ၏မျက်နှာလွှန်စွာ ပျက်သွားသည်ကို ကူကီးချင်း မလေး ရိပ်မိသွားမည်စိုးသဖြင့် ကညင်ခေါက်အခင်းပေါ် လှဲအိပ်ချ လိုက်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်မိပါတော့သတည်း။

✠ ✠ ✠



မလှပ်သာမရှန်းသာ

နေ၏အလင်းသည် နာဂတောင်တန်းပေါ်ဝယ် မှိန်ဖျော့စပြု ပြီ၊ ဆည်းဆာရီမရောက်မီမှာပင် တောလမ်းခရီးကြမ်းကို ဖြတ်သန်း ခဲ့ကြသော မြို့ပိုင်ဦးမြတ်သာ၊ ပွဲစားကြီး ဦးဘိုးဟန်၊ စိုင်းဒေါင်းနက် နှင့် အထမ်းသမားနှစ်ဦးမှာ ဒုံမားရွာကြီး၏ သစ်ခက်မုခ်ဦးသို့ ရောက် ရှိလာပါတော့၏။

မြို့ပိုင်ဦးမြတ်သာမှာ တောစခန်းဝယ် ထူးဆန်းစွာ ပျောက် ဆုံးသွားသော သားဖြစ်သူအတွက် ရတက်ကြီးစွာပွေ့ကာ နှစ်ရက် လုံးလုံးအနိုးဝန်းကျင်အနှံ့ ရှာဖွေနေရသဖြင့် ရည်မှန်းသည့်ရက်ထက် လေးရက်နောက်ကျပြီး ဒုံမားသို့ရောက်ရှိလာရခြင်း ဖြစ်ပေ၏။

သူတို့အုပ်စုရွာထဲသို့ ဝင်လာဂတော့ ကလေးများနှင့်အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးများမှာ ခပ်လှမ်းလှမ်းမှ ကြည့်နေကြပြီး ရွာလူကြီးတစ်ဦးက ရွာထဲမှ အပြုံးမျက်နှာဖြင့် လှမ်းထွက်လာကာ...

''ဟော ဦးဘိုးဟန်ပါလား...ညည်းသည်တွေပါသကိုး၊ လာကြ ဗျာ၊ နှစ်ကူးပွဲကျင်းပဖို့ ကျုပ်တို့ရွာမှာ လူစုံစည်းဝေး ရောက်ရှိနေ တုန်း ဦးဘိုးဟန်တို့ ရောက်လာတာ အတော်ပဲ''

ဟုရွှန်းရွှန်းဝေပြောဆို ဖိတ်မန္တက ပြုလိုက်ရာ စိတ်လေ လေးဖြင့် လာခဲ့ရသော ပွဲစားကြီး ဦးဘိုးဟန်မှာ သူ့မိတ်ဟောင်း၊ ဆွေဟောင်းကြီး ဆပ်ရှယ်၏ ပဋိသန္ထာရစကားကြောင့် ဟင်းခနဲ သက်ပြင်းချကာ စိတ်အေးသွားရပြီး...

''စော်ဘွားကြီးရော ရှိလားဗျ''

ဟု ပြန်မေးလိုက်ရင်း စော်ဘွားကြီး ရမ်ခို၏အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်ရာ အိမ်ပေါက်ဝဝယ် တံခါးဖွင့်ထားပြီး မည်သည့် သစ်ရွက်သစ်ခက်စိမ်းကိုမျှ မတွေ့ရသဖြင့် ပို၍စိတ်အေးသွားရတော့ ၏။

''စော်ဘွားကြီး ရှိပါတယ် ဦးဘိုးဟန်...ကဲ...ညည်းသည် တွေပါ ခေါ်ပါဦး''

ဟုပြောကာ စော်ဘွားကြီး၏ အိမ်ထံသို့ရှေ့မှ လျှောက်သွား



ရာ ဦးဘိုးဟန်က မြို့ပိုင်ကြီး ဦးမြတ်သာဘက်သို့ လှည့်ကြည့်လိုက် ပြီး...

''မြို့ပိုင်မင်းရေ စော်ဘွားကြီးရမ်ခိုကတော့ ဆာကွန်ရာ ရွာသူကြီး ဘွေဖဲလိုမဟုတ်ဘူးဗျ...နွေးနွေးထွေးထွေးပဲ ကြိုပုံရ တယ်၊ နေရာတော့ကျပြီ ထင်တယ်ဗျို့''

ဟုဝမ်းသာအားရ ပြောလိုက်ကာ ဆပ်ရှယ်၏ နောက်မှ ကောက်ကြွစွာလိုက်ပါသွားလေတော့၏။

စော်ဘွားကြီး၏ အိမ်ပေါ်သို့ ရောက်တော့ စော်ဘွားကြီးကို မတွေ့ရချေ။ စော်ဘွားကြီး တောင်ယာခင်းမှ ပြန်မရောက်သေးဟု ဦးဘိုးဟန်က စိတ်ဝယ်ယူဆလိုက်ကာ ပြုံး၍ကြိုနေသော စော်ဘွား ကြီးကတော်အား ပြန်ပြုံးပြလိုက်ပြီး ကူကီးချင်းဘာသာစကားဖြင့် ပင်ပြောလိုက်၏။

''စော်ဘွားကြီးကတော်...နေကောင်းရဲ့နော်''

''ကောင်းပါတယ် ဦးဘိုးဟန်...လာ...ခါတိုင်းတည်းနေကျ ဒီအနောက်ဆောင်က အခန်းမှာ လွတ်လွတ်လပ်လပ်တည်းကြ ရှင်တို့ရဲ့ စော်ဘွားကြီးတော့ နတ်ဆရာရဲ့ အိမ်သွားနေလေရဲ့''

ဟု ပြုံးရွှင်စွာပြောရင်း ချက်ပြုတ်စားသောက်ရန် အိုးခွက်

www.burmeseclassic.com

www.burmeseclassic.com



များ၊ နွားနောက်သား၊ ဝက်သားနှင့်ဆန်၊ မျောက်ဥ၊ ပိန်းဥတို့အပြ ရေကျည်တောက်များကိုပါ ထုတ်ပေးလေ၏။

''စော်ဘွားကြီးကတော် . . . ဒါဟာမြို့ပိုင်မင်းပဲ စော်ဘွ ကြီးနဲ့တွေ့ရအောင်လာ ာပဲ''

ဟုမိတ်ဆက်ပေးလိုက်ရာ စော်ဘွားကြီးကတော်က မြို့ပို ဦးမြတ်သာအား ပြုံးကြည့်လိုက်ပြီး ကူကီးချင်းဘာသာစကားဖြင့်

''မြို့ပိုင်မင်း ကြွရောက်လာတာကို ဝမ်းသာပါတယ်''

ဟု ပြောလိုက်ပြီးနောက် အိမ်ရှေ့ဘက်သို့ ပြုံးပြုံး ပြုံးပြ ဖြင့် ထွက်သွားတော့၏။

မြို့ပိုင်ဦးမြတ်သာလည်း ထိုအခါမှ ရင်အေးသွားရက ကညင်ခေါက် အခင်းပေါ်ဝယ် စိတ်ချလက်ချ ထိုင်လိုက်ရင ဒန်းဟေးလ် စီးကရက်ဗူးကိုထုတ်ကာ နတ်သမီးမီးခြစ်ဖြင့်ခြစ်ပြ စီးကရက်ကို စိတ်အေးလက်အေးသောက်လျက် အမောအပမ်းဖြေ လိုက်လေ၏။

အထမ်းသမား နှစ်ဦးဘ ့ ည်းမှု ချက်ရေးပြုတ်ရေးကို စီမံလျက် ရှိပြီး စိုင်းဒေါင်းနက်က စော်ဘွားကြီးကတော် လာရောက်တည်ခင ချပေးသော ခေါင်ရည်ကို တရှိုက်မတ်မတ်စုပ်သောက်လျက် ရှိလေ၏။



ပွဲစားကြီး ဦးဘိုးဟန်မှာမူ ကညင်ခေါက် အခင်းပေါ်သို့ ပါလာသောစောင်ကို ဖြန့်ခင်းပြီး အနီး၌တွေ့ရသည့် ဒါးပိုးဝါးခြမ်း ခေါင်းအုံးကို ဆွဲယူအုံးလိုက်လျက် ခြေပစ်လက်ပစ် အနားယူနေ တော့၏။

ဒုံမားရွာသို့ စိတ်အေးချမ်းသာစွာ ရောက်ရှိတော့မှ ပျောက် ဆုံးသွားသော သားပြစ်သူ လူရဲအတွက် မြို့ပိုင်ကြီး ဦးမြတ်သာမှာ တနုံ့နုံ့ဖြင့် စိုးရိမ်ပူပန်သောကပွားလျက် ရှိတော့သည်။

''အင်း . . . ငါ့သားလေး တပို့တပါးထသွားရင်း ကျားပဲဆွဲ သွားလေသလား၊ ဘယ်လိုဖြစ်ပြီး ပျောက်သွားမှန်းမသိဘူး၊ ငါတို့ စခန်းချတဲ့ နေရာအနံ့ရှာတာလည်း နှစ်ရက်လုံးလုံးပဲ၊ ဦးဘိုးဟန်က တော့ မနက်စောစောအိပ်ရာအထမှာ မျက်နှာသစ် ကိုယ်လက်သန့်စင် ဖို့ စမ်းချောင်းရှိရာ ရှာဖွေရင်း မျက်စေ့လည်သွားပုံရတယ်လို့ ပြော တာပဲ၊ အင်း . . . ဒီကကိစ္စမြန်မြန်ဖြတ်ပြီး ပြန်မှပဲ သားကိုထပ်ရှာရ မှာပဲ''

ဟုတွေးကာ စိတ်ဝယ်မချမ်းမမြေ့ ဖြစ်လျက်ရှိတော့၏။

ဤသို့ဖြင့် သူတို့လူစု ချက်ပြုတ်စားသောက်ပြီးချိန်ဝယ် နေလုံး.လုံးဝကွယ်ကာ ညဥ့်အမှောင်က သိပ်သည်းစွာ အစပျိုးနေပြ

www.burmeseclassic.com

www.burmeseclassic.com



အိမ်အလယ်မှ မီးဖိုဝယ် မီးရှိန်ပိုတောက်လာချိန်၌ ပွဲစား ဦးဘိုးဟန်က သူတို့လူစုကို မီးဖိုဆီသို့ ခေါ်သွားကာ မီးဖိုကို ပတ် လိုက်ကြ၏။

ထိုစဉ် စော်ဘွားကြီး ရမ်နိုမှာ အိမ်ပေါ်သို့ တက်လာ ဦးဘိုးဟန်၏ အနီးဝယ် ထိုင်ချလိုက်ကာ မြေဆေးတံကြီးကို ခဲလျ ရှိတော့၏။

"စော်ဘွားကြီး ကျန်းမာရဲ့နော်"

ဟု ဦးဘိုးဟန်က နှုတ်ဆက်စကားဆိုလိုက်ရာ စော်ဘွား ရမ်နိုက ဆေးတံခဲလျက်မှ ခေါင်းညိတ်ပြလိုက်ပြီး မျက်နှာစိမ်းနှစ် ဖြစ်သော မြို့ပိုင်ကြီး ဦးမြတ်သာနှင့် စိုင်းဒေါင်းနက်တို့အား မျက် စွေကြည့်လိုက်လေ၏။

"ဒါက မြို့ပိုင်မင်း ဦးမြတ်သာပါ စော်ဘွားကြီး၊ သူကတေ နယ်ပိုင်ဝန်ထောက်မင်း ဦးထက်ရှိန်ရဲ့ လူယုံ စိုင်းဒေါင်းနက်ပါ"

ဟု ခေါင်ဆိုင်ချင်းဘာသာစကားဖြင့် ပွဲစားကြီး ဦးဘိုးဟန် မိတ်ဆက်ပေးလိုက်ရာ စော်ဘွားကြီးက မြို့ပိုင်ကြီးအား တစ်ချ စိုက်ကြည့်လိုက်ပြီးနောက် သူ၏မျက်နှာကြည့်ကို မီးလင်းဖိုမှ မီးတောက်ဆီသို့ လွှဲလိုက်လေ၏။



ထိုစဉ် ရပ်ရွာလူကြီးများနှင့် လူမျိုးစုအကြီးအကဲများ အလျှို လျှိုဖြင့် အိမ်ပေါ်သို့ တက်လာရာ ခဏအကြာဝယ် တစ်အိမ်လုံး ပြည့်သွားလေ၏။

ထိုအခါမှ စော်ဘွားကြီးရမ်နိုသည် မြေဆေးတံကြီးကို ပါး စပ်မှ ချွတ်လိုက်ပြီး ဦးဘိုးဟန်အား ငဲ့ကြည့်ကာ...

"ဦးဘိုးဟန်...မြို့ပိုင်မင်းကို ခင်ဗျားခေါ်လာတာဟာ ကျုပ် တို့ရဲ့ မိတ်ဖြစ်ဆွေဖြစ် တွေ့ဆုံဖို့လို့ ကျုပ်ယူဆတယ် ဟုတ်ရဲ့လား"

ဟုလေသံအေးအေးဖြင့် မေးလိုက်လေ၏။

"ဟုတ်ပါတယ် စော်ဘွားကြီး မိတ်ရင်းဆွေရင်းလို တွေ့ဆုံ ထွေးနွေးဖို့အတွက်ပါ"

ဟုဦးဘိုးဟန်က အလိုက်သင့်ပြောလိုက်ရာ စော်ဘွားကြီး ရမ်နိုက ပြုံးလိုက်ပြီး...

"မိတ်ဖြစ်ဆွေဖြစ် နွေးနွေးထွေးထွေး တွေ့ဆုံတယ်ဆိုတာ ပြီးချမ်းပြီး မင်္ဂလာရှိပါတယ်ဗျာ...ဟုတ်ရဲ့နော်"

ဟုမေးလိုက်ပြန်ရာ ဦးဘိုးဟန်က အလိုက်အထိုက် ဖြေရ ပြန်၏။

"ဟုတ်ပါတယ် စော်ဘွားကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ...ငြိမ်းချမ်းပြီး မင်္ဂလာရှိတဲ့ ဒီပွဲမှာ မလိုအပ်ဘဲ ခင်ဗျားတို့ရဲ့ သေနတ်တွေကို လက်ကမချ ကိုင်ဆွဲထားတာကတော့ သိပ်သဘာဝမကျဘူးဗျ"

ဟုခပ်ပြုံးပြုံးပြောလိုက်ပြန်ရာ ဦးဘိုးဟန်မှာ ခပ်အမ်းအမ်းဖြစ်သွားပြီး...

"ဟာ...ဘာရယ်လို့မဟုတ်ပါဘူး...စော်ဘွားကြီး"

ဟုကမန်းကတမ်း ပြောလိုက်ပြီးမှ စော်ဘွားကြီးက လက်နက်စွဲကိုင်ပြီး ဆွေးနွေးတာကို မကြိုက်ကြောင်း၊ သူတို့၌လည်း ဘာလက်နက်မျှမပါဘဲ လက်ချည်းဗလာ လွတ်လပ်စွာဆွေးနွေးပါကြောင်း မြို့ပိုင်ဦးမြတ်သာအား မြန်မာစကားဖြင့် ရှင်းပြလိုက်လေ၏။

"အေးဗျာ...ဒါဆိုလည်း ကျုပ်တို့သေနတ်တွေကို ကျုပ်တို့တည်းတဲ့အခန်းမှာပဲ သွားထားလိုက်ပါ"

ဟုမြို့ပိုင် ဦးမြတ်သာက ပြောပြီး သူ၏သေနတ်ကိုကမ်းပေးလိုက်သဖြင့် ဦးဘိုးဟန်မှာ နေရာမှထပြီး သူ၏သေနတ်ရော မြို့ပိုင်၏သေနတ်ပါယူကာ အတွင်းခန်းဝယ် သွားထားလိုက်ရ၏။

ဦးဘိုးဟန် ပြန်လာပြီးနောက် မူလနေရာဝယ် ပြန်ထိုင်လိုက်ချိန်၌ စော်ဘွားကြီး ရမ်ခိုက ပြုံးနေသော မျက်နှာကိုတည်လိုက်ပြီး



"ကဲ...ဦးဘိုးဟန် ခင်ဗျားတို့ အခုကျုပ်တို့ဆီလာတာ ဘာကိစ္စလဲ ရှင်းရှင်းပြောပါဘိ"

ဟုလေသံမှန်မှန်ဖြင့် ပြောလိုက်လေ၏။

"ဒီလိုပါ စော်ဘွားကြီး ဗြိတိသျှအစိုးရမှာ အခုတပ်သားသစ်တွေ အလိုရှိနေပါတယ်၊ အဲဒီတပ်သားတွေရဖို့ စော်ဘွားကြီးတို့က ကူညီမှုပေးဖို့ လာပြောကြတာပါ"

"အဲဒီ တပ်သားသစ်တွေအတွက် စားရေးရိက္ခာလစာကို ဗြိတိသျှသခင်တို့က အပြည့်အဝ ဖူလုံအောင် ပေးမှာပါ"

"တပ်သားသစ်တွေ ပို့ပေးနိုင်ရင် စော်ဘွားကြီးတို့ကိုလည်း နှစ်လုံးပြူးသေနတ်တွေ ဆုလာဘ်အဖြစ် ပေးအပ်ချီးမြှင့်မှာပါ၊ အခုလည်း စော်ဘွားကြီးအတွက် သား၊ သန္တာပုတီးတွေနဲ့ ပိတ်အုပ်တွေ လက်ဆောင်အဖြစ်ပါ,ပါတယ် စော်ဘွားကြီး နောက်ပြီး"

ဟု ဆက်တိုက်ကြီး ပြောနေစဉ် စော်ဘွားကြီးရမ်ခိုက လက်ကာပြလိုက်ပြီး...

"တော်ပြီ...တော်ပြီ ဦးဘိုးဟန်၊ ခင်ဗျားတို့ဘာကိစ္စအတွက် ရောက်လာသလဲဆိုတာကို ကျုပ်ရဲ့အထောက်တော်တွေက တဆင့်ကျုပ် သိပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်အနုသိချင်တာက ခင်ဗျားတို့ရဲ့ မျက်နှာဖြူအစိုးရ တောင်းဆိုတဲ့ တပ်သားသစ်တွေကို ကျုပ်တို့က မပေးဘူးဆိုရင် ဘယ်လိုဖြစ်လာမလဲဆိုတာပဲ''

ဟုခပ်ပြတ်ပြတ်မေးလိုက်တော့၏။

ထိုအခါ ဦးဘိုးဟာန်သည် တွေဝေနဲ့ဖြစ်သွားပြီးမှ မြို့ပိုင် ဦးမြတ်သာဘက်သို့လှည့်ကာ စော်ဘွားကြီး၏ မေးခွန်းကို မြန်မာလို ပြောပြလိုက်လေ၏။

မြို့ပိုင်ဦးမြတ်သာက မျက်မှောင်ကုပ်လိုက်ပြီး လေသံခပ် မှန်မှန်ဖြင့် ပြောလိုက်လေ၏။

''ဗြိတိသျှအစိုးရက သူတို့ရဲ့တောင်းဆိုမှုကို မဖြည့်ဆည်းနိုင် ဘူးလို့ ငြင်းလိုက်ရင် သူတို့ကို အာခံတယ်လို့ ယူဆမှာပဲ၊ အဲဒီလို ဆိုရင်တော့ သူတို့ဟာ စစ်တပ်နဲ့ ဒီတောင်တန်းပေါ်တက်လာပြီး အာခံသူတွေကို တိုက်ခိုက်လိမ့်မယ်လို့ ပြောလိုက်ပါ ဦးဘိုးဟာန်''

ဦးဘိုးဟာန်လည်း စော်ဘွားကြီး ရမ်ခိုဘက်သို့လှည့်ကာ မြို့ပိုင်ကြီးပြောသည့်အတိုင်း ဘာသာပြန် ပြောပြလိုက်လေ၏။

ထိုအခါ စော်ဘွားကြီး ရမ်ခို၏ မျက်နှာသည် ရုတ်ချည်း တင်းမာသွားပြီး သူ၏မျက်လုံးများမှာ မီးလင်းဖိုမှ မီးရောင်အဟတ်



ယ် ဖျတ်ဖျတ်တောက်ပလျက်ရှိသော သူက ဦးဘိုးဟာန်၏မျက်နှာကို တစ်လှည့်၊ မြို့ပိုင်ဦးမြတ်သာ၏ မျက်နှာကို တစ်လှည့် စူးစူးဝါးဝါး ကြည့်လိုက်ပြီး . . .

''ဦးဘိုးဟာန် ဒီအဖြေပဲရမယ်ဆိုတာ ကျုပ်က သိပြီးသားပါ၊ ါကြောင့်လည်း ခင်ဗျားတို့ကို ဆာကွန်ရာရှာကပဲ လှည့်ပြန်ကြဖို့ ဆာကွန်ရာသူကြီး ဘွေဖဲကို ကျုပ်ပြောခိုင်းခဲ့တယ်၊ ဆာကွန်ရာသူကြီး ကလည်း ခင်ဗျားတို့ကို သေချာပြောပြပြီး ဒီအထိမလာဖို့ တားမြစ် ခဲ့တယ်''

''ဒါပေမယ့် ခင်ဗျားတို့က ခင်ဗျားတို့ရဲ့နောက်မှာ ဗြိတိသျှ မျက်နှာဖြူတွေရဲ့ တပ်ကြီးရှိတယ်ဆိုပြီး ကျုပ်ကို ပမာမခန့်လုပ်လို့ ဒီနေရာအထိ ရောက်လာခဲ့တယ်''

''ဒီတော့ ကျုပ်တို့ကလည်း ခင်ဗျားတို့ရဲ့ နယ်ချဲ့အစိုးရကို ရမစိုက်ဘူးဆိုတာပြဖို့ သူတို့ရဲ့ အထူးကိုယ်စားလှယ်ဖြစ်တဲ့ ခင်ဗျား တို့ကို ဖမ်းရလိမ့်မယ်''

ဟု ပြတ်သားစွာ ပြောလိုက်ပြီးနောက်

''သူတို့ကို ဖမ်းလိုက်တော့''

ဟု သူ၏ ခေါင်းဆိုင်ချင်း၊ နာဂစစ်သည်များကို အမိန့်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ခေါင်ဆိုင်ချင်း၊ နာဂငါးဦးသည် ချက်ချင်း မတ်တပ်ရပ်ပြီ
လေးများဖြင့် မြို့ပိုင်ကြီးတို့လူစုကို ချိန်လိုက်ကာ အခြား ခေါင်ဆိုင်ချင်း
နာဂတို့က မြို့ပိုင်ဦးမြတ်သာတို့၏ ခါးမှ ဓားမြှောင်များနှင့် ဓားရှည်
တို့ကို သိမ်းယူလိုက်ပြီး သန်မာထွားကြိုင်းသူတို့က ဦးမြတ်သာ
ဦးဘိုးဟန်နှင့် စိုင်းဒေါင်းနက်တို့၏ လက်တို့ကို ချုပ်ကိုင်ဖမ်းဆီးလိုက်
တော့၏။

✠ ✠ ✠



## ...နှန်ဆည်းဆာ

လူရဲ၏လက်မောင်း၊ ကျောနှင့် မျက်နှာတို့မှာ ဒဏ်ရာ
...က်ချက်များကို ကော်နီက သူမတို့၏ ရိုးရာတိုင်းရင်းလိမ်းဆေးများ
...မ်းပေးခြင်း၊ ဆားကို အဝတ်စဖြင့်ထုပ် အပူပေးပြီး ယင်းကြပ်ထုပ်ဖြင့်
...ှင်းသာစွာ ဘိုးပေးခြင်းတို့ကို ပြုလုပ်ပြုစုပေးနေစဉ် ကော်နီ၏
...ာင်ငယ်သည် အိမ်ပေါ်သို့ ပြေးတက်လာပြီး . . .

"အစ်မ မြို့ပိုင်ကြီးတို့ ရွာထဲဝင်လာပြီဗျ"

ဟု အားပါးတရ အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ လူရဲ၏
...ျပ်ခနဲ ခုန်သွားရတော့၏။

"ဟုတ်လား မောင်လေး ... သူတို့က လူဘယ်နှစ်ယောက်လဲ
...လိပ်စစ်သားတွေရော ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကော်နီက မေးလိုက်ရာ ကောင်လေးက ခေါင်းခါ လိုက်ပြီး . . .

''မပါဘူး အစ်မ . . . သူတို့က အားလုံးငါးယောက် ဘာဘဦးဘိုးဟန်ရယ်၊ မြို့ပိုင်ဆိုတဲ့ လူခန့်ခန့်ကြီးရယ်၊ နောက် အသ ဖြူဖြူ အရပ်အမြင့်ကြီးနဲ့လူရယ်၊ အထမ်းသမားနှစ်ယောက်ရယ် သူတို့ စော်ဘွားကြီးရဲ့အိမ်ထဲ ဝင်သွားကြပြီ''

ဟု ပြောလိုက်ရာ လူရဲမှာ သူ၏ သိချင်စိတ်ကို မအော အည်းနိုင်တော့ဘဲ ခေါင်ဆိုင်ချင်းဘာသာစကားဖြင့် ကောင်လေး တစ်စုံတစ်ရာမေးမည် ပြုပြီးမှ သတိရကာ မနည်းဘရိတ်အုပ်လိုက် လေ၏။ သူက သူချင်းဘာသာစကားတတ်ကြောင်း ကော်နီတို့ ရွာ ရွာသားများအား မသိစေလိုပေ။ ဒါမှသာ သူမတို့ သူမသိစေလိုသော အကြောင်းများကို ချင်းလိုပြောပါက သူသိနိုင်မည် မဟုတ်ပါလာ သူချင်းဘာသာစကား တတ်မှန်းသိလျှင် သူမသိစေလိုသော အကြောင်းများကို သူ့ရှေ့၌ လွပ်လပ်စွာ ပြောကြတော့မည်မဟုတ် သို့ကြောင့် မေးချင်သည်မှာ ပါးစယ်ယားနေသော်လည်း ထိန်းချုပ် မနည်းဘရိတ်အုပ်နေရလေ၏။

''အစ်မ ကျွန်တော်ထမင်းစားတော့မယ်၊ ပြီးရင် စော်ဘွား



ကြီးရဲ့ အိမ်နားသွားကြည့်ချင်တယ်ဗျ၊ သူတို့တိုက်ပွဲတွေပဲ ဖြစ်မလား၊ ကာဖြစ်မလဲမသိဘူး သွားကြည့်ချင်တယ်''

ဟုပြောလိုက်ရာ ကောင်လေး၏ခေါင်းကို ကော်နီက လက်ဖြင့်ပုတ်ခတ်လိုက်ပြီး . . .

''နင်တော့ တော်တော်စပ်စု၊ နင်တို့ကလေးတွေကို မောင်း ထုတ်လိုက်လိမ့်မယ်၊ ကဲ . . . ကဲ . . . စားမှာဖြင့်စား၊ အဖေတော့ စော် ဘွားကြီးအိမ်မှာပဲ ခေါင်ရည်ဝိုင်းဖွဲ့ပြီး စားမယ်ထင်တယ်''

ဟု ကူကီးချင်းလိုပြောနေရာမှ လူရဲဘက်သို့ လှည့်ကြည့် လိုက်ပြီး မြန်မာစကားသုံးကာ . . .

''လူရဲ မောင်ရိုသန်းတော့မယ်၊ အညောင်းပြေ အညာပြေ လမ်းထွက် လမ်းလျှောက်ဦးမလား''

ဟုမေးလိုကရာ လူရဲမှာ ဝမ်းသာသွားလျက် ဆတ်ခနဲ ခေါင်း ညိတ်လိုက်ပြီး . . .

''လျှောက်ချင်တယ် ကော်နီ . . . ကော်နီရောလိုက်မယ် မဟုတ် လား''

ဟုမေးလိုက်ရာ ကောင်မလေးက ခေါင်းညိတ်လိုက်ပြီး အိမ် ပေါ်မှ ဦးဆောင်ဆင်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လူရဲလည်း ခပ်ဖြည်းဖြည်းထကာ အိမ်ပေါ်မှ တစ်လှမ်းချ ခပ်ယိုင်ယိုင်ဖြင့် လှမ်းဆင်းရာ ကော်နီ၏ မောင်ငယ်က ထမင်းစားရ သူ့ကိုအကဲခတ်ကြည့်လျက်ရှိလေ၏။ လူရဲသည် ကော်နီ၏ ပြု ကုသမှု၊ အဟာရပြည့်ဝစွာစားသုံးရမှု၊ အနားရမှုတို့ကြောင့် အားအ ပြည့်ဝနေပြီဖြစ်သော်လည်း သူ့၌အကြံရှိသဖြင့် လူမမာဟန်ဆော ကာလှုပ်လီလှုပ်လဲ့ လှုပ်ရှားပြနေခြင်း ဖြစ်လေ၏။

အိမ်ရှေ့သို့ လူရဲရောက်ရှိသွားလေလျှင် ကော်နီက ရွာ ပိုင်းမှ အကြီးမားဆုံး အိမ်ကြီးဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး...

"ဟောဟို စော်ဘွားကြီးရဲ့ အိမ်ဘက်တော့ လျှောက် မဖြစ်ဘူး လူရဲ...အဲဒီမှာ လူကြီးတွေ ကိစ္စရှိနေတယ်၊ ကော်နီ ဒီအိမ်တန်းရဲ့ နောက်ဘက်ပဲ လျှောက်ရအောင်"

ဟုပြောလိုက်ရာ လူရဲမှာ သူ့ဖခင်ကြီးရှိနေသည်ဆိုသော စော်ဘွားကြီး၏ အိမ်ရှိရာသို့ လှမ်းကြည့်လိုက်ရင်း သူ့ဖခင်ကြီး သို့ အပြေးသွားချင်စိတ်များ ရင်ဝယ် တဖွားဖွား ဖြစ်ပေါ်လာတော့၏။

ထို့နောက် သူသည် သက်ပြင်းရှိုက်လိုက်ပြီး စော်ဘွားကြီး ၏ အိမ်အနေအထားနှင့် ဝန်းကျင်ကိုသာ သတိထားအကဲခတ် လိုက်ရာမှ...



"ကော်နီ...စော်ဘွားကြီးရဲ့ အိမ်က ဒီရွာမှာ အကြီးဆုံးပဲ နော်"

ဟုပြောလိုက်ရာ ကော်နီကပြုံးလိုက်ပြီး...

"ကော်နီတို့ တိုင်းရင်းသားကျေးရွာတိုင်းမှာ ရွာရဲ့အကြီး အကဲနေအိမ်က အကြီးဆုံးနဲ့ အရှည်လျားဆုံးပဲ လူရဲရဲ့"

"ဟောဟိုက စော်ဘွားကြီးအိမ်ရဲ့ ရှေ့လှမ်းလှမ်း ချောက် ကမ်းနံဘေးက ဒုတိယအကြီးဆုံးအိမ်ကတော့ နတ်ဆရာရဲ့အိမ်ပဲ"

ဟုချောက်ကမ်းပါးမှ အိမ်ကြီးတစ်လုံးကို လက်ညှိုးလေး ညွှန်ပြရာ လူရဲက အမှတ်တမဲ့ လှမ်းကြည့်လိုက်လေ၏။

"နတ်ဆရာဆိုတာ ရွာမှာတော့ စော်ဘွားကြီးပြီးရင် ဩဇာ အကြီးဆုံးပဲလေ"

ဟု ကော်နီကပြောရင်း ရွာ၏နံဘေး တောင်စောင်းဘေး တိုင်းဆင်းသွားရာ လူရဲက ခပ်ရှုံ့ရှုံ့ပုံစံဖြင့် လိုက်ဆင်းရင်း သူ့ ကိုယ်သူ ဒယီးဒယိုင်ဖြစ်အောင် ဟန်ဆောင်လိုက်ရာမှ အမူလွန်သွား ပြီးခြေထောက်တစ်ဖက် လျှောခနဲဖြစ်ကာ ချော်လဲမလိုဖြစ်သွားရာ ကော်နီက...

"အို...အို ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု စိုးရိမ်စွာမြည်တမ်းရင်း လျှောကျလာသော လူရဲ၏ ကိုယ်ကိုဆီးထိန်းလိုက်သည့်တွင်...

သူမပါ ဟန်ချက်ပျက်ပြီး နှစ်ဦးသား ထပ်လျက်လဲကျသွားရာမှ တောင်စောင်းလေးအတိုင်း သုံးလေးပတ်လိမ့်ဆင်းသွားကြပြီး ချုံပုတ်တစ်ခု၏ ခြေရင်းရောက်မှ ရပ်တန့်သွားလေတော့၏။

ထိုအခါမှ ကော်နီမှာ ကပျာကသီ လူးလဲထလိုက်ပြီး ရှက်ကိုး ရှက်ကန်းဖြင့် လူရဲကိုကြည့်လိုက်ရာ လူရဲက ရယ်ကျဲကျဲမျက်နှာဖြင့်

''ကံကောင်းလို့ လိမ့်ကျခဲ့တာပဲ''

ဟုပြောလိုက်ရာ ကောင်မလေးက မျက်လုံးလေးပြူးလိုက်ပြီး...

''ဘာရယ်...ကံကောင်းလို့ လိမ့်ကျတာဟုတ်လား၊ ကံဆိုးလို့ပါ လူရဲရဲ့''

ဟုပြောလိုက်ရာ လူရဲမှာ ပို၍ရယ်ချင်သွားပြီး ကောင်မလေးကို စချင်လာသဖြင့် ...

''ကံကောင်းလို့ပေါ့ ကော်နီရဲ့၊ အဲဒီလို ဘာခြေချော်ပြီး လိမ့်မကျရင် ကော်နီကိုဖက်လို့ ဘယ်ရပါ့မလဲ...မဟုတ်ဘူးလား ဟဲ...ဟဲ...ဟဲ''



ဟုရယ်ရင်းပြောလိုက်ရာ အပျိုစင်မလေးမှာ ယခုမှ သဘောပေါက်သွားပြီး သူမ၏ ဖြူနုသော လက်သီးဆုပ်လေးများဖြင့် ပက်လက်အနေအထားမှ မထသေးသော လူရဲ၏ရင်ဘတ်ကြီးကို ဘုံးဘုံးထုလိုက်ကာ...

''ကြည့်စမ်း...ဒီကအကောင်းမှတ်လို့ နားထောင်နေတာ သူလူရှုပ်ပါလား''

ဟုမျက်စောင်းလေးခဲပြီး ပြုံးမူမူလေး ဖြေလိုက်ရာမှ...

''ဒီကဖြင့် ရင်ကိုတုန်သွားတာပဲ၊ သူတစ်ခုခုထပ်ဖြစ်သွားမှာ စိုးရိမ်လို့''

ဟုထိုလျက် အနေအထားမှ မထသေးဘဲ ပြောနေရာ...

လူရဲမှာ ဖြူဖြူဖွေးဖွေး ချစ်စရာကောင်မလေးကို အတင်းသာထွေးဖက်လိုက်ချင်တော့၏။ သို့သော် စောင့်စည်းသင့်သော လူမှုစည်းကလေးကို ငဲ့ကာ ချွန်းဖွင့်လုလု စိတ်ဆင်ရိုင်းကို အနိုင်နိုင်ထိန်းကွပ်လျက် လဲလျောင်းနေရာမှ အသာထလိုက်ရလေသည်။

''ကဲ...လူရဲရေ...နေလုံးကြီးတောင် အနောက်ရိုးမနောက်ကို နိမ့်ဆင်းသွားပြီ...အိမ်ဆီပြန်ကြစို့ ... ပြီးရင် ညစာစားရအောင်''

ဟုပြောကာ ကော်နီက တောင်စောင်းလေးအတိုင်း ရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြီး ပြန်တက်သွားရာ လွန်စွာ အချိုးလှ,လှပသော အပျ
စင်မလေး၏ ခန္ဓာကိုယ်အောက်ပိုင်းအလှပကို ငေးကြည့်ကျန်ရစ်ရင်
မှ လူရဲမှာသက်ပြင်းအခါခါရှိုက်ရင်း လိုက်ပါလာရပါတော့သတည်း။

✠ ✠ ✠



## အဆုံးအဖြတ်ည

ခေါင်ရည်တစ်အိုး၊ နွားနောက်သား၊ ကြက်ဖြူသား၊ ဝက်သား၊ ကြက်ဥတို့ပါဝင်သော ညစာကို လူရဲနှင့် ကော်နီတို့နှစ်ဦးသား တစ်ဦး၏မျက်နှာကို တစ်ဦးကြည့်ပြီး ရင်တခုန်ခုန်ဖြင့် စားသောက်နေရာမှ...

မီးလင်းဖို၏ မီးအလင်းက သူနှင့် သူမတို့၏ မျက်နှာနုနုလေးများပေါ်သို့ တဖျတ်ဖျတ် အလင်းဟတ်လျက်ရှိပြီး၊ ကော်နီ၏ ဝိုင်းစက်စက် ဖြူစင်ဝင်းမွတ်နေသော အလှမျက်နှာလေးကို လူရဲက တရှိုက်မတ်မတ် ငေးကြည့်နေမိသလို ချောမောသန့်ပြန့်သည့် လူရဲ၏ ယောကျ်ားပီသခန့်ငြားသော ရုပ်သွင်ကို အပျိုစင်မလေး ကော်နီမှာ အနီးကပ်ကြည့်ရင်း ရွှေရင်သိမ့်သိမ့်ခုန်လျက်ရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ညစာထမင်းဝိုင်း သိမ်းပြီးချိန်ဝယ် အိမ်ပေါ်သို့ ကော်နို၏ဖခင်နှင့် မောင်ငယ်တို့ တက်လာချေ၏။ ကော်နို၏မိခင်မှာ မနှစ်ကပင် ချောင်းဆိုးသွေးပါရောဂါဖြင့် ဆုံးပါးခဲ့ရာ ဤအိမ်ဝယ် ကော်နိုတို့ သားအဖသုံးယောက်သာ ကျန်ရှိနေခြင်းဖြစ်လေ၏။

ကော်နို၏ ဖခင်ကြီးက မီးလင်းဖိုအနီးဝယ် ထိုင်လိုက်ပြီး ကွမ်းအစ်ကိုဆွဲယူကာ ကွမ်းယာလိုက်လျက်၊ ကွမ်းတစ်ယာကို ပါးစောင်ထဲသွင်းလိုက်ပြီးနောက် မီးလင်းဖို၏ တစ်ဘက်၌ ငြိမ်သက်စွာ ထိုင်လျက်ရှိသော လူရဲကို အကဲခတ်ကြည့်လိုက်ကာ...

"မုဆိုးကောင်လေး...နင်အတော်နေကောင်းသွားပြီလား"

ဟုအသံဝါကြီးဖြင့် ခပ်အေးအေး မေးလိုက်လေ၏။

လူရဲက ကော်နိုအား အသာလှည့်ကြည့်လိုက်ပြီး သူ့ကိုယ်သူချင်းဘာသာစကားကို မတတ်ဟန်ဆောင်ကာ ဘာမေးတာလဲဟု မေးဆတ်ပြလိုက်လေ၏။

ကော်နိုက သူမ၏ဖခင်ကို ပြုံးပြလိုက်ကာ...

"အဖေ သူအတော်ဒဏ်ရာသက်သာပြီး နေကောင်းနေပါပြီ ဒါပေမယ့် အားနည်းပြီး လမ်းသိပ်မလျှောက်နိုင်သေးဘူး။ အားပြည့်အောင် နှစ်ရက်သုံးရက်လောက် အနားယူဖို့ လိုပါလိမ့်မယ်"



ဟု ခေါင်ဆိုင်ချင်းစကားဖြင့် ဖခင်ကြီးကို ရှင်းပြလိုက်လေ၏။ ထိုအခါမှ ကော်နို၏ ဖခင်ကြီးမှာ ခေါင်းကို တညိတ်ညိတ်ပြုရင်း ကွမ်းကိုမြုံလျက်မှ ...

"အင်း နေကောင်းအောင်တော့ နေဦးပေါ့၊ ရွာမှာ လူစိမ်းကြာကြာရှိနေတာတော့ မကောင်းဘူး၊ ဒီမှာက အခြေအနေတွေ ရှုပ်ထွေးနေတာ၊ သူ့ကို သမီးရဲ့ ကျောင်းနေဖက်သူငယ်ချင်းပါလို့ ပြောထားလို့ ရွာသူကြီးတွေရဲ့ စော်ဘွားကြီးက ခေါ်ပြီး စစ်ဆေးမေးမြန်းတာမျိုး မလုပ်တာ၊ နေကောင်းရင်တော့ သူ့ဘာသာပြန်ပါစေ"

ဟု ပြောလိုက်ကာ ကွမ်းကို နောက်တစ်ယာထပ်ယာနေပြန်၏။ ထိုအခါ ကော်နိုသည် သူမ လွန်စွာသိချင်နေသော စကားကို မဝံ့မရဲဖြင့် ဖခင်ကြီးအား မေးလိုက်လေတော့၏။

"အဖေ အခုမြို့ကရောက်လာတဲ့ မြို့ပိုင်ကြီးနဲ့ အဘဦးဘိုးဟန်တို့လူစု စော်ဘွားကြီးတို့နဲ့ အဆင်ပြေရဲ့လား"

ဟု မေးလိုက်ရာ လူရဲမှာ မသိမသာ နားစွင့်ရင်း ရင်တထိတ်ထိတ် ခုန်နေရှာတော့၏။

ကော်နို၏ ဖခင်ကြီးက သက်ပြင်းကြီး ဟင်းခနဲ ချလိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အဆင်မပြေဘူး သမီး...သူတို့ကိုဖမ်းပြီး နတ်ဆရာရဲ့ အိမ်မှာ ထိပ်တုံးခတ်ထားတယ်"

ဟုပြောလိုက်ရာ ကော်နီက အိုဟု အာမေဋိတ်သံလေး စိတ်မကောင်းစွာ ပြုလိုက်လသို၊ လူရဲမှာလည်း သူ၏ဦးခေါင်းကို မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရတော့၏။

"သူ...သူတို့ကို သတ်မှာလား အဖေ"

ဟု ကော်နီက စိုးရိမ်စွာ အသံတုန်တုန်လေးဖြင့် မေးလိုက်ရာ ကော်နီ၏ဖခင်ကြီးက မီးလင်းဖိုမှ မီးတောက်ရဲရဲကို စိုက်ကြည့်လိုက်ပြီး...

"သူတို့ဟာ မျက်နှာဖြူနယ်ချဲ့တွေရဲ့ စေဟာမန်တွေပဲ သမီး သူတို့ကို ဆာကွန်ရာရွာမှာကတည်းက လှည့်ပြန်ဖို့ တို့များရဲ့ စော်ဘွားကြီးက သတိပေးခဲ့ပြီးပြီ၊ ဒါကိုသူတို့က ပမာမခန့်ပြုပြီး နယ်ချဲ့တပ်အားကိုးနဲ့ ဒီအထိ တက်လာတာဟာ ငါတို့ကို သွေးတိုးစမ်းတာပဲလို့ ငါတို့အားလုံး ယူဆကြတယ်၊ ဒါကြောင့် သူတို့ကို အပြစ်ကြီးကြီး ပေးရလိမ့်မယ်"

"ဒါပေမယ့် သူတို့ကို သတ်သင့်၊ မသတ်သင့် ဒီညနက်ပိုင်းမှာ အထူးအစည်းအဝေးပွဲ ပြုလုပ်ပြီး ဆုံးဖြတ်ချက်ချကြမယ်၊ အဖေလည်း လမွန်းတည့်လုလုမှာ အဲဒီအစည်းအဝေးကို တက်ဖို့ သွားရမယ်"



ဟုပြောလိုက်ရာ ကော်နီက မျက်နှာလေးညိုညိုဖြင့်...

"အဖေ သူတို့ရဲ့ ရှေ့မှာပဲ စီရင်ချက်ချကြမှာလား"

ဟုမေးလိုက်ပြန်ရာ ဖခင်ဖြစ်သူက ခေါင်းကိုအသာ ရမ်းခါလိုက်ပြီး...

"မဟုတ်ဘူးသမီး...ဘိုးဟန်က ငါတို့ရဲ့ စကားကို နားလည်နေတော့ သူတို့ကို နတ်ဆရာရဲ့အိမ်မှာ ပြောင်းပြီး ထိပ်တုံးနဲ့ ခတ်ထားတယ်၊ အစည်းအဝေးက စော်ဘွားကြီးရဲ့အိမ်မှာ လုပ်မှာလေ"

ဟုဖြေလိုက်ပြီးနောက် သူ၏အိပ်ရာသို့ ထသွားကာ လဲလျောင်းအနားယူ မှေးစက်နေလိုက်တော့၏။

အိမ်၏အလယ်ရှိ မီးလင်းဖိုမှ မီးတောက်တို့ကတော့ ရဲရဲနီမွှေးတောက်လောင်နေဆဲ...။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာ၏အိမ်ထဲဝယ် ထိပ်တုံးအခတ်ခံထားရသော အထမ်းသမားနှစ်ယောက်မှာ တအီးအီးဖြင့် ငိုယိုလျက်ရှိပြီး...

''ဒီတစ်ခါ လိုက်လာမိတာ မှားတာပဲဗျာ...အီး...ဟီး ကျွန်တော်တို့တော့ မိုးလင်းတာနဲ့ အသတ်ခံရပါပြီ''

ဟုတညည်းထဲညည်းတွားနေလေတော့၏။

ထိပ်တုံးမှာ နှစ်တုံးဖြစ်ပြီး ထိပ်တုံးတစ်ခုဝယ် အထမ်းသမား နှစ်ဦးကို ခတ်ထားကာ သူတို့နှင့် ခပ်လှမ်းလှမ်းရှိ ထိပ်တုံးဝယ် မြို့ ပိုင်ဦးမြတ်သာ၊ ပွဲစားကြီးဦးဘိုးဟာန်နှင့် စိုင်းဒေါင်းနက်တို့ကို သီးသန့် ခတ်ထားလေ၏။

အိမ်အပေါက်ဝ အနီးတွင်တော့ ခေါင်းရည်တစ်အိုးနှင့် ဖိမ်



ကျနေသော ကုကီးချင်းနှစ်ဦးက လှံရှည်များကိုယ်စီကိုင်ကာ အိမ် တိုင်ကိုမှီရင်း အချုပ်သားတို့ကို ကင်းစောင့်လျက်ရှိလေ၏။

ပွဲစားကြီး ဦးဘိုးဟာန်က တအီအီငြီးကာ ငိုနေသော အထမ်း သမားနှစ်ဦးအား စိတ်မသက်သာစွာကြည့်ကာ...

''ဟေ့ကောင် ဖိုးကာနဲ့မောင်လုံး...ငါတို့ လူကြီးတွေ စိတ်ညစ်ရတဲ့ကြားထဲ ငိုမနေကြစမ်းနဲ့ကွာ၊ မင်းတို့ကို သူတို့သတ် မှာမဟုတ်ဘူး၊ သတ်မယ့်သတ် ငါတို့ကိုသာသတ်မှာပါ၊ သူ့ရဲပေါ ကြောင်ပြီး ငိုမနေစမ်းပါနဲ့ ကျက်သရေမရှိဘူး''

ဟုခပ်ငေါက်ငေါက် ပြောလိုက်လေ၏။

ဖိုးကာမှာအငိုရပ်သွားပြီး ဦးဘိုးဟာန်အား မျှော်လင့်ခြင်း မျက်နှာဖြင့် ကြည့်လိုက်ကာ...

''ဦးလေး...ကျွန်တော်တို့ကို သူတို့မသတ်ဘူးဟုတ်လား''

ဟုအသံတုန်တုန်ဖြင့် မေးလိုက်လေ၏။

''မင်းတို့ကို သတ်မှာမဟုတ်ဘူး၊ မင်းတို့ဟာ အခစား ကုလီ အထမ်းသမားတွေဆိုတာ သူတို့သိတယ်၊ ငါတို့သုံးယောက်ကိုတော့ ဗြိတိသျှအစိုးရရဲ့ လက်ပါးစေတွေဆိုပြီး သတ်ချင်သတ်မယ်၊ မသတ် ဘဲချုပ်ထားချင်ထားမယ်၊ အခုညဉ့်နက်ပိုင်း သူတို့စည်းဝေးပြီး ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်မယ်လို့ ချင်းဘာသာနဲ့ သူတို့လူကြီးချင်းပြောနေကြတာ ငါကြားရတယ်၊ ဒီတော့ မင်းတို့နှစ်ယောက် သိပ်လည်းစိုးရိမ်မနေကြပါနဲ့ ကွာ''

ဟုပြောလိုက်ပြီးမှ...

''တကယ်လို့ ငါတို့ကိုသတ်ပြီး မင်းတို့ကိုလွှတ်လိုက်ရင်သာ ငါ့မိန်းမဆီ သွားပြောပေးကြပါကွာ၊ သူ့ခမျာ သားထောက်သမီးခံ မရှိရှာတော့ ငါမရှိရင် ဒုက္ခများလိမ့်မယ်၊ ဒီတော့ အိမ်နဲ့ပွဲရုံကိုရောင်းပြီး သူ့ရဲ့ဇာတိ ကသာကိုသာ ပြောင်းနေပါတော့လို့ ပြောပေးကြပါကွာ''

ဟုစိတ်မကောင်းသံကြီးဖြင့် ပြောလျက်ရှိလေတော့၏။

ထိုအခါမှ မြို့ပိုင်ကြီး ဦးမြတ်သာလည်း တစ်စုံတစ်ရာကို သတိရသွားပြီး...

''အေး...ဟုတ်တယ်...မောင်ဖိုးကာတို့ ငါ့ကိုလည်း ကူညီကြဦးကွယ်၊ မင်းတို့ဒီကပြန်ရင် လမ်းမှာပျောက်သွားတဲ့ ငါ့ရဲ့သားလေးကို ရှာပေးကြပါကွာ၊ ပြီးတော့ ငါတို့သားအဖရဲ့ ဖြစ်ကြောင်းကုန်စင်ကို ငါ့ဇနီးဆီ သွားပြောပေးကြပါ၊ ငါကတော့ သူ့ဆန်စားလို့ ရခဲ့ရပြီ၊ ဖြစ်သမျှဘဝကို ရင်ဆိုင်ယုံပါပဲ၊ ငါ့ရဲ့သားလေးကတော့



တက်လူငယ်ငယ်ရွယ်ရွယ်လေးမို့ သူတစ်ခုခုဖြစ်မှာပဲ ငါစိုးရိမ်တယ်၊ သူ့ကိုတွေ့အောင် ကြိုးစားရှာပေးကြပါကွာ''

ဟုစိတ်ထိခိုက်သံကြီးဖြင့် ပြောလိုက်ရာ ဖိုးကာရော မောင်လုံးပါ...

''စိတ်ချပါ မြို့ပိုင်မင်း...ကျွန်တော်တို့ လူရဲကို တွေ့အောင်ရှာမှာပါ၊ ကျွန်တော်တို့ကိုသာ မသတ်ဘဲ လွှတ်ပါစေလို့ ဆုတောင်းပေးကြပါ''

ဟုကတိပေးပြောကြားပြီးနောက် သူတို့၏အနီး၌ ချပေးထားသော ခေါင်ရည်အိုးကိုယူကာ တစွပ်စွပ်သောက်နေကြရာမှ နာရီဝက်ခန့်အကြာဝယ် ပက်လက်လှဲချလိုက်လျက် ထိပ်တုံးတန်းလန်းဖြင့် အိပ်ပျော်သွားကြတော့၏။

စိုင်းဒေါင်းနက်မှာမူ ဒီတစ်ခါတော့ မြွေပွေးပိုးထိပြီဟု သူ့အဖြစ်ကို သူရင်နာရင်း အံတကြိတ်ကြိတ်ဖြစ်ကာ မီးလင်းဖိုကိုသာ စိုက်ကြည့်လျက်ရှိလေ၏။

သို့ဖြင့် ညဉ့်အတော်နက်လာချိန်ဝယ် ဇော်ဘွားကြီး၏ အိမ်ဘက်ဆီမှ လူသံဆူသံများ ကြားရပြီးနောက် ခဏအကြာဝယ် နတ်ဆရာကြီး အိမ်ပေါ်တက်လာသည်ကိုတွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အသားအတော်ညိုကာ မျက်နှာရှည်ရှည်နှင့် နတ်ဆရာကြီးမှာ သူ၏လည်ပင်းဝယ် သန္တာပုတီးများနှင့်အတူ သားကောင်ငယ်တစ်ကောင်၏ အရိုးခေါင်းတစ်ခုကို ကြိုးဖြင့်ဆွဲထားပြီး လက်ထဲဝယ် တွန့်လိန်ကောက်ကွေးနေသော ကြိမ်တုတ်ကောက်ကြီးကို ကိုင်ထားလေ၏။

သူကမီးလင်းဖို၏ အလင်းဟတ်လျက်ရှိသည့် အကျဉ်းသားတို့အား စူးရှသောအကြည့်ဖြင့် လူစေ့တက်စေ့ စိုက်ကြည့်ပြီးနောက် အစောင့်နှစ်ဦးအား ခပ်မာမာကြည့်လိုက်ကာ. . .

''ဟေ့နှစ်ကောင် သင်းတို့ကို သတိဝရိယနဲ့ စောင့်ကြကြားလား၊ သင်းတို့ထဲက ဟောဟိုသုံးယောက်က သေလူဖြစ်သွားပြီ၊ သူတို့ကို မနက်မိုးသောက်တာနဲ့ သေဒဏ်စီရင်ဖို့ အစည်းအဝေးက ဆုံးဖြတ်လိုက်ပြီ၊ ဒီတော့ သူတို့ ညဏ်နီညဏ်နက်သုံးပြီး မပြေးအောင် ဘာကိစ္စနဲ့မှ သူတို့ရဲ့ အနားကိုနင်တို့မသွားနဲ့''

ဟုသြဇာသံပါပါဖြင့် ပြောလိုက်လေ၏။

သူတို့ကိုသေဒဏ်စီရင်လိုက်ပြီ ဖြစ်ကြောင်းသိလိုက်ရာ ဦးဘိုးဟန်နှင့် စိုင်းခေါင်းနက်တို့မှာ မျက်ခွေးမျက်နှာပျက်ပြီး အရှုံကြီးပြတ် ဖြစ်သွားသည်တွင် နတ်ဆရာကြီး၏ ပြောစကား၌ ထူးခြားမှုရှိပြီဟု ရိပ်မိလိုက်သော မြို့ပိုင်ကြီး ဦးမြတ်သာက မြန်မာစကားဖြင့် . . .

''ဦးဘိုးဟန်. . .သူဘာပြောတာလဲ''

ဟု ခပ်လောလောမေးလိုက်သည်တွင် ဦးဘိုးဟန်ကလည်း နတ်ဆရာကြီး၏ ပြောစကားကို ဘာသာပြန်ပြောပြလိုက်ရာ မြို့ပိုင်ကြီးမှာ ဦးခေါင်းငိုက်စိုက်ကျသွားရာလေတော့၏။

ထို့နောက် နတ်ဆရာကြီးက ရွာသားကင်းသမားနှစ်ဦး၏ ခေါင်းကို ကြိမ်တုတ်ကောက်၏ အဖျားဖြင့် ခေါက်ခနဲ ခေါက်ခနဲ ခေါက်လိုက်ပြီးလျှင် . . .

''ဟဲ့ကောင်တွေ. . .ဒီညအရေးကြီးတယ်၊ နင်တို့ခေါင်းရည်သိပ်မူးမနေနဲ့ဦး''

ဟုထပ်မံသတိပေးလိုက်ရာ ကင်းသမားတစ်ဦးက ခေါင်းရည်မူးသံကြီးဖြင့် . . .

''ဆရာကြီးကလည်း ကျုပ်တို့ရဲ့ ထိပ်တုံးက အင်မတန်နိုင်ခန့်စိတ်ချရပါတယ်ဗျ. . .ဆင်ရုန်းတောင် မလွတ်ပါဘူး စိတ်မပူပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဟုစောဒကတက်လိုက်ရာ နတ်ဆရာကြီးမှာ ဒေါ်ပွသွားပြီး ကြိမ်တုတ်ကောက်ကြီး ပြောင်းပြန်ကိုင်လိုက်လျက် လက်ကိုင်ဖုကြီးဖြင့် ထိုကင်းသမား၏ခေါင်းကို တိန်ခနဲခေါက်ထည့်လိုက်ရာ လျှာရှည်အတွန့်တက်မိသော ကင်းသမားငမူးမှာ 'အောင်မလေးဗျ'ဟု ကူကီးချင်းလို အော်ရင်း ခေါင်းကိုတွင်တွင်ပွတ်လျက်ရှိတော့၏။

''မင်းတို့ဘာနားလည်လဲ . . . သင်းတို့ဟာ ကုလားဖြူရဲ့ လူတွေမို့ ကုလားဖြူတွေလိုပဲ ဉာဏ်များတတ်တယ်သိရဲ့လား၊ ငါက သင်းတို့ထွက်ပြေး လွတ်မြောက်သွားမှာထက် ဟောဒီ ပွဲ့ရဲ့အိမ်ခေါင်တိုင်ထဲမှာ လျှို့ဝှက်သိမ်းထားတဲ့ ငါတို့လူမျိုးစုရဲ့ ဘိုးဘွားအမွေအနှစ် ရွှေးဟောင်းရတနာတွေ ပျောက်ရှသွားမှာကို ပိုစိုးရိမ်တယ်ဟဲ့ သိရဲ့လား . . . သည်ဟာတွေသာ ပျောက်သွားလို့ကတော့ ငါတို့ တောင်ပိုင်နတ်ကြီး စိတ်အကြီးအကျယ်ဆိုးပြီး ငါတို့တစ်တောင်လုံး ဘေးဆိုးကပ်ဆိုးတွေ ကျရောက်မှာဟဲ့ သိရဲ့လား''

''သည်ဟာကိုသိလို့ ဒီကျိန်စာသင့်နေတဲ့ တောင်ပိုင်နတ်ရဲ့ကြီးရဲ့ ရွှေးဟောင်းရတနာတွေကို ငါတို့လူမျိုးစုတွေ မယူရဲပေမယ့် သင်းတို့ကုလားဖြူ မိစ္ဆာတွေရဲ့ စေတမန်ကျွန်သပေါက်တွေက မြေမကြောက်၊ ကင်းမကြောက်ယူချင်ယူကြမှာ၊ သည်ဟာကြောင့် နင်တို့



ကို သေချာစောင့်လို့ပြောတာ''

ဟုတတွတ်တွတ် မြည်တွန်ပြောဆိုလျက်ရှိတော့၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

"ရှင်...အဖေ...သူတို့ကို သေဒဏ်ပေးလိုက်ပြီ ဟုတ်လား"

ဟုကော်နီက ထိတ်လန့်သံလေးဖြင့် မေးလိုက်ရာ သူ့အတွက်ခင်းထားသော ကံ့ညင်ခေါက်အိပ်ရာပေါ်၌ အိပ်ချင်ဟန်ဆောင်နေသည့် လူရဲမှာ နားစွင့်လျက်ရှိလေ၏။

"ဟုတ်တယ်သမီး၊ အထမ်းသမားနှစ်ယောက်ကိုတော့ မသတ်သေးဘဲ ဖမ်းထားမယ်၊ ကုလားဖြူတွေနဲ့ တိုက်ပွဲပြီးမှ ပြန်လွှတ်ပေးမယ်လို့ အစည်းအဝေးက ဆုံးဖြတ်တယ်"

"မြို့ပိုင်နဲ့ ဘိုးဟာန်ရယ်၊ စိုင်းဒေါင်းနက်ဆိုတဲ့ ကောင်ရယ်ကိုတော့ မနက်အာရုဏ်တက်တာနဲ့ သေဒဏ်စီရင်လိမ့်မယ်"

"ကဲ...ကဲ...ညဉ့်အတော်နက်ပြီ၊ မီးဖိုမီးလျှော့ပြီး သမီး



လည်း အိပ်ပေတော့၊ ညှိုသည့်မုဆိုးကောင်လေးရော အိပ်ပြီလား"

"ဟုတ်ကဲ့အဖေ... မောင်လေးရော သူပါအိပ်ပျော်နေပါပြီ၊ သမီးက အဘဟာန်တို့ရဲ့ သတင်းကြားချင်လို့ အဖေ့ကိုစောင့်နေတာ"

ဟုပြောပြီးနောက် ကော်နီမှာ မီးဖိုမှ ထင်းမီးကိုလျှော့လိုက်ကာအိပ်ရာဝင်သွားတော့၏။

ဆောင်းညဉ့်သည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာသည်နှင့်အမျှ အရိုးကွဲမတတ် အေးစိမ့်သည်ထက် အေးစိမ့်လာတော့၏။

ဂျပ်ခုတ်စောင်ကို အထပ်ထပ်ခြုံရင်း ဆိတ်ငြိမ်စွာ ကွေးနေရာမှ လူရဲ၏စိတ်က ယောက်ယက်ခတ်လျက် ရှိတော့သည်။

"အဖေတို့ကို မနက်ကျသတ်ကြတော့မယ် ဆိုပါလား၊ မဖြစ်ဘူး။ ငါတစ်ယောက်လုံး အဖေ့ရဲ့အနီးမှာရှိလျက် ငါ့ရဲ့အဖေကို ကြက်ကလေး၊ ငှက်ကလေးလို အသတ်မခံနိုင်ဘူး၊ ငါ့အဖေ လွတ်မြောက်အောင် ငါအရဲစွန့် ကယ်တင်ရမယ်၊ အဖေ့အတွက် ငါ့ရဲ့အသက်ကို စွန့်ချင်စွန့်ရပါစေ"

ဟု ယတိပြတ်ဆုံးဖြတ်လိုက်ပြီးနောက် ညဉ့်နက်သည်ထက် နက်ကာ တစ်ရွာလုံး အိပ်မောကျသည်ထက်ကျအောင် အချိန်ကုန်ခံပြီး စောင့်စားလျက်ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီမှ သစ်တောက်ငှက်အသံနှင့် ဆီးနှင်းမိုးပေါက်တို့၏ အသံတဖြောက်ဖြောက်ကိုသာ နားခံရင်း လူရဲမှာ သူစွန့်စားရမည့် အမှုအတွက် ရင်ခုန်စိတ်စောလျက် ရှိပါတော့သတည်း။

✠ ✠ ✠



ကယ်တင်ရှင်

ဆောင်းညဥ့်သည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာပြီး နောက် သန်းခေါင်ယံကို ကျော်လွန်လာခဲ့ပြီ။

ဒုံမားရွာကြီးတစ်ခုလုံး အေးစက်သော ညဥ့်ကမ္ဘာအောက် ဝယ် ဆိတ်ဆိတ်ငြိမ်လျက် . . .

နတ်ဆရာကြီး၏ အိမ်ထဲဝယ်ဖိုထားသော မီးလင်းဖိုကြီးမှ မီးရောင်မှာ တဖြည်းဖြည်းမှိန်ဖျော့ကာ အိမ်ကြီးအတွင်း၌ အလင်း ပျော့ပျော့သာရှိတော့၏။ နတ်ဆရာကြီးမှာ မီးလင်းဖိုကို ကျောပေးပြီး နံရံဘက်သို့ မျက်နှာမူရင်း နှစ်ချိုက်စွာ အိပ်မောကျလျက်ရှိကာ အစောင့်ကင်းသမားနှစ်ဦးမှာလည်း ခေါင်းရည်တန်ခိုးဖြင့် ဇက်ကျိုး ကျက်ရှိနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်ကြီး ဦးမြတ်သာ၊ ပွဲစားကြီး ဦးဘိုးဟန်နှင့် စိုင်းခေါင်၊ နက်တို့ သုံးဦးမှာသာ အာရုဏ်အတက်ဝယ် ဖိဝိန်အခြွေခံရတော့မည့် အရေးတွေးပူကာ အာခေါင်တွေခြောက် ရင်တွေပူ၊ နှလုံးတွေခုန်လျက် သောကလှိုက်ဘူနေသဖြင့် အိပ်စက်မရ မျက်စေ့အကြောင်သားဖြစ်လျက်ရှိတော့၏။

မြို့ပိုင်ကြီး ဦးမြတ်သာမှာ အမှောင်ရိပ်လွှမ်းစပြုသော အိမ်ကြီး၏အနှံ့ မျက်စေ့ကစားရင်း လွတ်လမ်းကို ကြံစီသော်လည်း ခိုင်ခန့်ကြီးမားလှသည့် ထိပ်တုံးအနှောင်အဖွဲ့မှ ရုန်းထွက်ရန်မှာ လုံးဝမဖြစ်နိုင်ရကား သေမင်းကို ရင်ဆိုင်ရန်သာရှိတော့ကြောင်း စိတ်နှလုံးဒုံးဒုံးချလျက် ဇနီးသည်ကိုလည်းကောင်း၊ တစ်ဦးတည်းသောသားငယ်လေးလူရဲကိုလည်းကောင်း သတိအရကြီးရလျက် မျက်ဝန်းမှ မျက်ရည်တို့စီးကျလာလေတော့၏။

ထိုစဉ် မျက်ရည်များဖြင့် ဝေဝါးနေသော သူ့မျက်ဝန်းမှာ လှုပ်ရှားမှုအရိပ်လိုလို တွေ့လိုက်ရသဖြင့် မျက်နှာတူရူရာ အိမ်နံရံ ကဲလားတံခါးချပ်ဆီသို့ အလင်းမှိန်မှိန်အောက်မှာပင် သတိထား စူးစိုက်ကြည့်နေလိုက်မိလေ၏။

ဟုတ်ပါသည်။ လက်ရွေ့ပျဉ်ချပ်ကြားမှ သံမဏိရောင်လက်...



နေသော ဓားသွားတစ်ခုသည် တိတ်ဆိတ်စွာ ထိုးဝင်လာလျက်ရှိပြီး ယင်းဓားသွားက ကဲလားတံခါးချပ်အား ချည်ထားသည့်ကြိုးကို ဖြည်းညင်းစွာ ပြတ်လျက်ရှိလေ၏။

ခဏအကြာဝယ် ကြိုးပြတ်သွားလေရာ မြို့ပိုင်ကြီး ဦးမြတ်သာမှာ ကဲလားတံခါး ဟဟလေးပွင့်သွားသည်ကို စိတ်ဝင်စားရင်ခုန်စွာ စိုက်ကြည့်နေလေတော့၏။

ကဲလားတံခါး အတော်လေးပွင့်သွားပြီးနောက် ခဏအကြာဝယ် လူရိပ်တစ်ခုသည် ကဲလားတံခါးပေါက်မှ မြွေတစ်ကောင်နှယ် တိတ်ဆိတ်စွာ ဝင်ရောက်လာလေ၏။

ထိုလူသည် သူ၏တစ်ကိုယ်လုံး အိမ်ကြီးထဲ ရောက်ရှိသွားသည့်တွင် အိမ်ကြီးအတွင်းမှ အနေအထားအရပ်ရပ်တို့ကို သေချာစွာ ရှုစမ်းသည့်သဘောဖြင့် အတန်ကြာငြိမ်သက်စွာ စိုက်ကြည့်နေပြီးမှ မြို့ပိုင်ကြီး ဦးမြတ်သာတို့အား ခတ်ထားသည့် ထိပ်တုံးဆီသို့ ခြေဖွနင်းကာ ချဉ်းကပ်လာလေတော့၏။

သူသည် ထိပ်တုံး၏ တစ်ဖက်အနီးဝယ် ရပ်လိုက်ပြီးနောက် ဒူးတစ်ဖက်ထောက်ကာ ထိုင်ချလိုက်စဉ် သူ၏မျက်နှာအား လွန်စွာ ...မျှော့နေပြီဖြစ်သော မီးလင်းဖိုမှ မီးကျီခဲ၏အရောင်ဖြင့် မြို့ပိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာက မြင်လိုက်ရာ သူ့မျက်လုံးပင် သူမယုံနိုင်လောက်အော
ဖြစ်သွားပြီး အတန်ကြာ ကြက်သေ,သေသွားမိရာတော့၏။

ခဏကြာမှ သူ၏တစ်ကိုယ်လုံးဝယ် ကြက်သီးမွေးညှင်း
တဖြန်းဖြန်းထကာ ဝမ်းမြောက်ဝမ်းသာခြင်း စိတ်အဟုန်က ရင်
ဝယ် တဖွားဖွားဖြစ်ပေါ်လာပြီး မှောင်ရိပ်ထဲမှ တိတ်ဆိတ်စွာ လှုပ်ရှ
နေသော သားဖြစ်သူ လူရဲအား ပီတိဖြစ်စွာ ငေးကြည့်နေမိတော့၏

လူရဲက ဖခင်ကြီးအား မှောင်ရိပ်ထဲမှာပင် ကြည့်လိုက်ပြ
သူ၏နှုတ်ခမ်းပေါ်သို့ လက်ညှိုးတစ်ချောင်း ကပ်ပြလိုက်လေ၏။

သားအဖနှစ်ယောက်မှာ မှိန်ဖျော့ဖျော့ အလင်းအောက်
တစ်ဦး၏မျက်နှာကို တစ်ဦးပီတိဖြစ်စွာ ဆိတ်ဆိတ်ငြိမ်ငြိမ်ကြီး စို
ကြည့်နေရာမှ လူရဲက မျက်လုံးအရင်လွှဲလိုက်ပြီးနောက် သူ၏အ
လိုက်ဓားမြှောင်ဖြင့် ထိပ်တုံးကြီး၏ထိပ်ဖက်ဝယ် သစ်လုံးခြမ်း နှစ်
ကိုဟတ်ပြီး ခိုင်မြဲစွာတုတ်နှောင်ထားသည့် ကြိုးကြီးအား ကြိတ်လှီ
ကာ စတင်ဖြတ်တောက်တော့၏။

သံမဏိအသွားဓားသည် ကြိုးကြီးကို တရွေ့ရွေ့ကတို့ပ
ဖြတ်တောက်လျက်ရှိရာ လူရဲ၏အသံတိတ်အပြုအမူကို စူးစိုက်ကြည့်
နေမိကြသည့် မြို့ပိုင်ကြီး ဦးမြတ်သာ၊ ပွဲစားကြီး ဦးဘိုးဟန်နှ



ိုင်းခေါင်းနှက်တို့မှာ အသက်ပင်ရဲရဲမရှူဝံ့ကြချေ။

ခဏအကြာဝယ် ကြိုးချောင်းမှာ ပြတ်တောက်သွားတော့၏။
ထိုအခါမှ လူရဲက ကြိုးစကို လျှော့လျှော့ပေးလိုက်ရာ ကြိုးမှာ တရွေ့
ရွေ့ပြည်သွားတော့၏။ ထိုထိပ်တုံးတစ်ဖက်မှ ကြိုးအားထိုင်တုံးမှ ဖယ်
ရှားလိုက်ပြီးနောက် အခြားထိပ်တုံးတစ်ဖက်သို့ လူရဲကခြေဖော့နင်း
လျှောက်လာပြန်ပြီး ယင်းထိပ်တုံး၏ထိပ်ဝယ် ချည်တုတ်ထားသည့်
ကြိုးကို သံမဏိဓားဖြင့် ကြိတ်လှီးဖြတ်တောက်ပြန်၏။

ထိုတစ်ဖက်မှ ကြိုးပါပြည်သွားမှ ထိပ်တုံးကြီး၏ လေးလံလှ
သော အပေါ်ခြမ်းကို အသံမမြည်အောင် မလိုက်ရာ ထိပ်တုံးမိနေသူ
သုံးဦးစလုံးမှာ သူတို့၏ ခြေထောက်များအားလုံးကို ခြေလှမ်းပေါက်ထဲ
မှ အသာလေး ဆွဲထုတ်နိုင်တော့၏။

ထို့နောက်မှာတော့ လူရဲမှာ သူတို့သုံးဦးအား အလင်းဖျော့
ဖျော့အောက်မှာပင် လက်ယပ်ပြလိုက်ပြီး အိမ်နောက်ဘက်ဆီသို့
ခြေဖော့နင်းလှမ်းသွားရာ ကျန်လူများမှာလည်း ထိုင်ရာမှထပြီး
ခြေလှမ်းတို့ကို သတိထားလှမ်းခဲ့ကြတော့သည်။

ကညင်ခေါက်ကြီးများ ခင်းထားသော ကြမ်းခင်းက အသံ
မထွက်သဖြင့်သာ တော်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူရဲက အမဲလိုက်ခေါးမြှောင်၏ အကူအညီဖြင့် အိမ်နောက်ဖေးတံခါးရွက်ကို ဖွင့်လိုက်ပြန်ပြီး နောက်ဖေးလှေကားမှ အားလုံးဆင်းလာခဲ့ကြတော့၏။

ထို့နောက် အိမ်နောက်ဖက်မှ လျှိုထဲသို့ ခပ်သွက်သွက်လျှောဆင်းလာခဲ့ကြရာ လျှိုကြီး၏အောက်ခြေသို့ ချောမောစွာ ရောက်ရှိသွားကြလေ၏။

ထိုအခါမှ သူတို့လေးဦးစလုံးမှာ အသက်ကိုရဲရဲရှူနိုင်ကြ...
လူရဲက သူတို့၏ လက်တစ်ဖက်စီထဲသို့ နွားနောက်သားခြောက်အမြှောင်းတစ်ခုစီ ထည့်လိုက်လျက်...

''ကဲ... အဖေ... သားတို့ ဒီရွာကနေ ဝေးရာကို အမြန်...ပြေးမှဖြစ်မယ်၊ သူတို့သိသွားရင် ချက်ချင်းလိုက်လာလိမ့်မယ်၊ မိ...ရင်တော့ လွယ်မှာမဟုတ်ဘူး၊ လူအုပ်မကွဲအောင် သတိထားပြေး...ဖြစ်မယ်''

ဟုခပ်တိုးတိုးပြောလိုက်ပြီးနောက် သူတို့လေးဦးစ...တောကိုတိုးကြတော့၏။

ထိုသို့ ခပ်သွက်သွက်ဖြင့် တောတိုးရင်း ခင်တန်းတ...အဖြတ်ငယ် လူရဲ၏ခြေဖဝါးဆီမှ မြက်ခနဲဖြစ်သွားတော့၏။



''အား''

ဟုအော်ကာ လူရဲ၏ခြေလှမ်းရပ်သွားရာ ဖခင်ကြီး ဦးမြတ်...သာက လှည့်ကြည့်လိုက်၏။

''သား ဘာဖြစ်တာလဲ''

ဟု စိုးရိမ်စွာ မေးလိုက်စဉ် သားဖြစ်သူထံမှ စုပ်သပ်ညည်း...သံကြားရလေ၏။

''အဖေ... သားကို မြွေဟောက်စုးသွားပြီ၊ အဖေတို့ပဲ ပြေးတော့...သားနေခဲ့မယ်''

ဟုပြောလိုက်ရာ ဦးမြတ်သာမှာ ထိတ်လန့်သွားပြီး...

''ဟာ... သားရယ်... ဘယ်လိုပြောလိုက်တာလဲ၊ သားကို...ယတွင်းကဲ့ ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ အဖေတွဲခေါ်မယ်...
...သွား''

ဟု လူရဲ၏ခါးကိုဖက်ကာ ပြောလိုက်ရာ လူရဲက ဖခင်၏...က်မောင်းကို ဆုပ်ညှစ်လိုက်ပြီး...

''အဖေ သားရဲ့ဒဏ်ရာအခြေအနေကို သားသိတယ်၊ ဒီ...ဏ်ရာနဲ့ဆို မိုးလင်းတာနဲ့ ခြေထောက်တောင် ထောက်လို့ရမှာမဟုတ်...ဘူး၊ သားကိုတွဲခေါ်နေတာနဲ့ အဖေရော သားပါ ပြန်မိသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရမှာ သေချာတယ်၊ ဒီတော့ အဖေသာပြေးပါ...သားက ရွာပြန်ပြီး ဟန်မပျက်နေလိုက်မယ်''

ဟု လူရဲက ပြောလိုက်ရာ...

''ဘယ်လိုသားက ဘယ်လိုလုပ်ပြီး ရွာမှာဟန်မပျက် နေမှာလဲ၊ ဘယ်ရွာမှာ ဘယ်လိုနေမှာလဲ''

ဟု နားမရှင်းစွာမေးလိုက်ရာ လူရဲက သူ၏အဖြစ်အားလုံးအား ခပ်သွက်သွက်ရှင်းပြလိုက်လေ၏။

ထိုသို့ရှင်းပြပြီးနောက်မှ...

''ကဲ...ရှင်းပြီလားအဖေ...သားအတွက် ဘာမှမပူပါနဲ့နော်၊ သားပြေးနိုင်လွှားနိုင်မှ အသာထွက်လာခဲ့မယ်၊ ကဲ...အဖေ အချိန်မရှိဘူး...ပြေးပေတော့''

ဟုအခါခါ တိုက်တွန်းရာ မြို့ပိုင်ကြီး ဦးမြတ်သာမှာ သား အားစိတ်မချနိုင်စွာဖြင့် မျက်ရည်လည်ရွဲဖြစ်လျက်မှ သား၏နဖူးကို ကြင်နာစွာ နမ်းလိုက်ပြီးနောက် အမှောင်ထုထဲသို့ မပြေးချင်ပြေးချင် ပြေးဝင်သွားလေတော့၏။

လူရဲမှာ ယခုမှ လရောင်လဲ့လဲ့အောက်တွင် ရှေ့ဆီသို့ ကြည့် လိုက်ရာ ပွဲစားကြီး ဦးဘိုးဟန်နှင့် စိုင်းဒေါင်းနက်တို့၏ အရိပ်အယောင်



ကိုသော်မျှ မတွေ့ရတော့ချေ။

''တော်တော် ဟုတ်တဲ့လူတွေပါလား၊ သူတို့ကိုကယ်ခဲ့တဲ့ ဒါ ညောင့်စူးတာတောင် လှည့်ကြည့်ဖော်မရဘဲ ကိုယ်လွတ်ရုန်းပြေး ကြတယ်၊ ငါ့အဖေတော့ လူအုပ်ကွဲပြီး တစ်ယောက်တည်း တောထဲ မှာယောင်ချာချာ ဖြစ်နေတော့မှာပဲ''

ဟုဖခင်ကြီးအတွက် တွေးပူမဆုံးစွာ ခပ်ငိုင်ငိုင်ဖြစ်နေရာမှ ညောင့်စူးဒဏ်ရာက တဆစ်ဆစ်နာကျင်လာရာ...

''အင်းလေ...ငါ့အဖေ့ကို ကယ်တင်ပေးခဲ့ပြီပဲ၊ အဖေလည်း ယ်တကာအနှံ့ တာဝန်နဲ့ရောက်ဖူးသူဆိုတော့ တောတောင်မျိုးစုံ ိုးဖူးသူပဲ၊ သူလွတ်လမ်းရှာပြီး ပြေးနိုင်မှာပါ''

''ငါလည်း ရွာကလူတွေမရိပ်မိခင် ကျော်နိုတို့ အိမ်ပြန်ပြီး ိပ်ရာထဲ ဟန်မပျက်ပြန်ဝင်နေမှ''

ဟုတွေးကာ ရွာဆီသို့ ခြေထော့နင်းထော့နင်းဖြင့် ပြန်လာ ါတော့၏။

လူရဲမှာ ရွာအစပ်မှ အိမ်တန်းတို့၏နောက်ဘက်သို့ ဝင်ခဲ့စဉ် ငှက်ပျောတောထဲမှ လူရိပ်တစ်ခု လှစ်ခနဲ ပြေးထွက်လာ နတ်ဆရာကြီး၏ အိမ်ရှိရာ ကမ်းပါးစပ်ပေါ် ကုန်းကုန်းကုန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လျှိုစောင်းအတိုင်း တက်နေသည်ကို လရောင်အောက်၌ တွေ့ လိုက်ရသဖြင့် အံ့အားသင့်စွာ စောင့်ကြည့်နေမိ၏။

ထို့နောက် ထိုလူရိပ်မှာ နတ်ဆရာကြီး၏ အိမ်နောက်မှော် ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

''သူ ဘယ်သူလဲ…ကင်းသမားလား၊ ရွာသားထဲကလား၊ ကင်းသမားတို့၊ ရွာသားတို့ထဲကဆို အကျဉ်းသားတွေ လွတ်ပြေးပြီ ဆိုပြီး အော်မှာပဲ''

ဟု ယောက်ယက်ခတ်တွေးလျက်မှ ခြေထောက်ကိုက်လာ သဖြင့် ကော်နို၏ အိမ်ဆီသို့သာ ထော့နင်းထော့နင်းဖြင့် လှမ်းလာ ခဲ့ပါတော့၏။

✠ ✠ ✠





လောဘသားညတစ္ဆေ

လူရိပ်မည်းမည်းသည် အိမ်ပေါ်သို့ နောက်ဖေးလှေကားမှ ကြောင်နက်တစ်ကောင်နှယ် အသံလုံလုံဖြင့် တက်လာခဲ့ချေပြီ။

သူသည် နောက်ဖေးတံခါးအား အသာတွန်းဖွင့်လိုက်ပြီး နောက် မီးလင်းဖို၏ အလင်းအား အတော်နည်းနေပြီဖြစ်သော အိမ်ထဲ သို့ ခြေဖော့နင်းကာ လျှင်မြန်စွာဝင်လာခဲ့ပြီး ထိပ်တုံးတန်းလန်းဖြင့် ပိုးလိုးပက်လက် အိပ်ပျော်နေသော အထမ်းသမားနှစ်ဦးအား ကျော် ဖြတ်ကာ မီးလင်းဖိုကို ကွေ့ပတ်လျက် အိမ်၏ခေါင်တိုင်အနီးသို့ ချဉ်းကပ်လိုက်လေ၏။

ယင်းနောက်မှာတော့ သူသည်နံရံမှာ ချိတ်ထားသည့် ဓားမြှောင် တစ်ချောင်းအား ဖြုတ်ယူလိုက်ပြီး ခေါင်တိုင်တစ်လျှောက် လက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖြင့် စမ်းသပ်ကာ အနီးကပ် စူးစမ်းကြည့်လျက်ရှိတော့သည်။

မကြာမီပင် သူသည် ခေါင်တိုင်အသားအား ထွင်းကာ တံခါးဝှက် ပြုလုပ်ထားသော သစ်သားကွဲကြောင်းအရာကို တွေ့သွားရာ ဓား မြှောင်ဦးဖြင့် ဟိုကလော် သည်ကလော် လုပ်နေတော့၏။

သူသည် အံဝှက်တံခါး ပွင့်စေရန် ကြိုးစားပမ်းစား ကလော် လျက်ရှိရာ အေးမြသောဆောင်းညမှာပင် ချွေးပြန်လာတော့သည်။

ထို့နောက်မှ သူသည် အံဝှက်တံခါး၏ အပေါ်မှ အပေါက် ငယ်တစ်ပေါက်ကို တွေ့ရှိသတိပြုမိသွားရာ ထိုအပေါက်ငယ်သို့ ဓားဦး ကိုထိုးသွားပြီး ကလန့်ထည့်လိုက်ရာ...

"ချောက်"

ခနဲမြည်ပြီး ခေါင်တိုင်၏ အံဝှက်တံခါးငယ်သည် ပွင့်သွား တော့၏။

ထိုအခါ သူသည် အံဝှက်အပေါက်ထဲ လက်နှိုက်စမ်းကြည့် ရာမှ သစ်ခေါင်း၏အောက်ဘက်သို့ လက်ကိုထိုးသွင်းလိုက်ရာ မာကျောအေးစက်သော အရာတို့ကို စမ်းသပ်မိလေတော့၏။

သူသည် ထိုအရာများကို အသာဆွဲထုတ်ယူငင်လိုက်ရာ အံပေါက်ထဲမှ သူ့လက်ကို နှုတ်ယူလိုက်ပြီးသည်တွင် လက်ထဲ၌



ပါလာသော တလက်လက် တောက်ဖြာနေသည့် ရှေးဟောင်းပစ္စည်း လက်ဝတ်ရတနာတို့ကိုတွေ့ရသဖြင့် မင်သက်အံ့ဩသွားတော့၏။

ယင်းလက်ရာမြောက်လှသော ရှေးဟောင်းလက်ဝတ်ရတနာ ပစ္စည်းတို့သည်ကား ဤအနောက်ဘက်တောင်တန်း တခိုတောနက် ထဲဝယ် ရှေးပဝေသဏီက အခြေချရှိခဲ့ဖူးသည်ဟု ဒဏ္ဍာရီသဖွယ် ကြားဖူးသော ရှေးဟောင်းလူမျိုးနွယ်တစ်စု၏ ပဒေသရာဇ်ခေတ်မှ လက်ကျန်အဖိုးတန် ရတနာပစ္စည်းများပင် ဖြစ်ပါလိမ့်မည်။

ဤရှေးဟောင်းရကနာပစ္စည်းတို့ကို တောင်တန်းဒေသနေ လူမျိုးစုတို့ အဆက်ဆက် ထိန်းသိမ်းလာခဲ့ရာမှ ယခုတော့ ဤရွာရှိ နတ်ဆရာကြီး၏ ထိန်းသိမ်းမှုအောက်ဝယ် ရောက်ရှိနေခြင်း ဖြစ်ပေ လိမ့်မည်။

မည်သို့ဖြစ်စေ နီလာမြသား စိန်ရွှေပတ္တမြားတို့ဖြင့် စီချယ် အပ်သော ရှေးဟောင်းလက်ရာ ရတနာပစ္စည်းများအား တန်ဘိုး မဖြတ်နိုင်သဖြင့် ထိုလူသည် လောဘဇောတက်ကာ သူ၏မျက်ဝန်း တို့မှာ မီးလင်းဖို၏ မီးရောင်ဖျော့ဖျော့အောက်ဝယ် ဖျတ်ဖျတ်လက် လျက်ရှိလေတော့၏။

ထို့ကြောင့်သူသည် ရတနာပစ္စည်းတို့ကို သူ၏အင်္ကျီအတွင်း

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲ ထိုးထည့်သွင်းလိုက် သစ်ခေါင်းပေါက်ထဲ လက်နှိုက်ကာ လက်ကျန်ရတနာပစ္စည်းတို့ကို နှိုက်ယူလိုက်လုပ်နေရာမှ တစ်ချိုဝယ် စိန်တို့ပတ်လည်မြုပ်ထားသော ရွှေသားလက်ကောက်ကြီးတစ်ကွင်းနှင့် အခြားရတနာပစ္စည်းတို့ကိုပါ လောဘကြီးစွာဆုပ်ကိုင်ထားသည်။ ထိုလူ၏လက်ထဲမှ ချောထွက်လွတ်ကျသွားပြီး ခေါင်တိုင်အောက် တည့်တည့်ရှိ ဝါးပိုးဝါးခြမ်း ခေါင်းအုံးပေါ်အရှိန်ဖြင့် ကျရောက်ထိခတ် မိတော့ရာ တိတ်ဆိတ်သော အိမ်ကြီးထဲဝယ် ချွင်ခနဲ လွန်စွာကျယ် လောင်သည့်အသံကို ဖြစ်ပေါ်သွားစေတော့၏။

ထိုအခါ အိပ်ပျော်နေသော နတ်ဆရာကြီးသည် ဖျတ်ခနဲ နိုးသွားပြီး ကိုယ်ကိုစောင်းလှည့်ကြည့်လိုက်ရာ သူ၏အိမ်ခေါင်တိုင် အနီး၌ ရပ်နေသည့် လောဘသားကို တွေ့သွားလေတော့၏။

ညလူလည်း လက်တစ်ဖက်ဝယ် ရတနာလက်ဝတ်တန်ဆာ အချို့ကို ဆုပ်ကိုင်ထားပြီး အခြားလက်တစ်ဖက်၌ ဓားမြှောင်ကို ဆုပ် ကိုင်ထားလျက်မှ နတ်ဆရာကြီးကို ကြောင်ကြည့်နေမိစဉ် နတ်ဆရာ ကြီးသည် မယုံနိုင်သော လျှင်မြန်ခြင်းဖြင့် ရုတ်ခနဲခုန်ထလိုက်ကာ သူ၏ခေါင်းရင်း၌ ထောင်ထားသော လှံကိုဖျတ်ခနဲ ဆွဲယူပြီး ညလူ အား ချိန်ရွယ်လိုက်လေ၏။



"ဟေ့ကောင် မင်းဘယ်သူလဲ"

ဟု နတ်ဆရာကြီး၏ ခေါင်ဆိုင်ချင်းစကားဖြင့် အော်သံကြီး ...းခြိမ်းသံလို ထွက်သွားပြီးနောက် လှံဖြင့် ပြေးထိုးချလိုက်လေ တော့၏။

သို့သော် ညလူသည် ကြောင်တစ်ကောင်နှယ် ပေါ့ပါး ...လျှင်မြန်စွာ ရှောင်လိုက်ပြီး လက်ထဲမှ ဓားမြှောင်ဖြင့် နတ်ဆရာကြီး၏ ...ရင်ဝကို လျှပ်တစ်ပြက် ထိုးစိုက်ချလိုက်လေတော့၏။

နတ်ဆရာကြီးသည် အားခနဲအော်ရင်း လွန်စွာ ပြူးကျယ် ...သော မျက်လုံးကြီးများဖြင့် ညလူအား ဒေါသဖြစ်စွာ ကြည့်လျက်မှ ...လူ့အား ဓားဖြင့်ထိုးလိုက်သော ညလူ၏မျက်နှာအား အနီးကပ် တွေ့လိုက်ရရာ မီးလင်းဖိုမှမီးမှာ ခပ်မှိန်မှိန်သာ လင်းတော့သော်လည်း ...သူက သေချာစွာ မှတ်မိသွားလေတော့၏။

"ဟင် . . မင်း . . မင်းဟာ စိုင်း . . စိုင်းဒေါင်းနက်"

ဟု ရေရွက်လိုက်စဉ် စိုင်းဒေါင်းနက်က ဓားမြှောင်ကို ဆွဲနှုတ် လိုက်ရာ နတ်ဆရာကြီးမှာ ကညင်ခေါက်ခင်း ကြမ်းပြင်ပေါ်သို့ ...အရုပ်ကြိုးပြတ် ခွေခနဲ လဲကျသွားလေတော့၏။

နတ်ဆရာကြီး၏ ရူးရူးဝါးဝါး အားခနဲ အော်သံကြီးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တုံးခပ်ခံနေရလျက်မှ အိပ်ပျော်နေသော အထမ်းသမား ဖိုးကာ နှင့် မောင်လုံးတို့မှာ လန့်ဖျတ်နိုးလာရာ သူတို့ကို ခွကျော်ပြီး ပြေး ထွက်သွားသော စိုင်းဒေါင်းနက်အား အလင်းဖျော့ဖျော့အောက်မှာ ပင် သေချာစွာ မှတ်မိ လိုက်ချေတော့၏။

ကင်းသမားနှစ်ဦးလည်း ဖျတ်ခနဲ လန့်နိုးလာရာ လူးလဲ ထပြီး အိမ်နောက်ဖေးတံခါးမှ ထွက်ပြေးရန် ကြိုးစားနေသော စိုင်း ဒေါင်းနက်၏ နောက်သို့ တဟုန်ထိုးလိုက်လေတော့၏။

နတ်ဆရာကြီး၏ အိမ်နောက်ဖက် ကွက်လပ်သို့အရောက် တွင်မူ ဓားမြှောင်သာ ကိုင်ဆွဲထားသော စိုင်းဒေါင်းနက်က လှံရှည် ကိုယ်စီကိုင် ကင်းသမားနှစ်ယောက်ကို ချာခနဲလှည့်ပြီး ရင်ဆိုင် လိုက်လေတော့သည်။

လှံသမားနှစ်ဦးလည်း ရန်သူဟူသောအသိဖြင့် စိုင်းဒေါင်း နက်ကို ဒေါသကြီးစွာ တဟုန်ထိုးညှပ်တိုက်လေတော့၏။

သို့သော် စိုင်းဒေါင်းနက်မှာ တိုက်ခိုက်စွမ်းရည် မြင့်မားသူ ဖြစ်ရကား လျှပ်လက်သကဲ့သို့ရောင်ရင်း ရဲဝံ့စွာတုန့်ပြန်တိုက်စစ်ဆင် လိုက်ရာ ငယ်သံပါအောင် အော်ဟစ်ညည်းတွားသံများ ထွက်ပေါ် လာပြီးနောက် လက်ဖျစ်တစ်ချက်အတွင်းမှာပင် လှံရှည်ကိုင်နှစ်ဦးမှာ



ဒဏ်ရာကိုယ်စီရကာ လှံများလက်မှ လွတ်ကျလျက် မြေပြင်ပေါ်သို့ ခွေကျသွားကြတော့၏။

ထိုခဏမှာပင် စော်ဘွားကြီးရမ်ခို၏ အိမ်ဆီမှ မောင်းသံ တဒူဒူ ထွက်ပေါ်လာပြီး အိမ်အသီးသီးမှ လူတို့၏ အော်ဟစ်သတိပေး သံများ ညံစီအောင် ထွက်ပေါ်လာကာ မီးတုတ်များ တဝင်းဝင်း ထွန်းညှိလျက် ပုရွက်ဆိတ်အုံကို တုတ်ဖြင့်ထိုးသလို တစ်ရွာလုံး လှုပ် လှုပ်ရွရွ ယောက်ယက်ခတ် လှုပ်ရှားလေတော့၏။

စိုင်းဒေါင်းနက်မှာမူ သွေးစွန်းဓားမြှောင်ကို ဆွဲကိုင်ရင်း ရွာနှင့် ဝေးရာတောအုပ်ထဲသို့ လျှင်မြန်စွာ ပြေးဝင်သွားပါတော့သတည်း။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



''အစ်မ...နတ်ဆရာကြီး သေသွားပြီတဲ့''

ကော်နီ၏ မောင်ငယ်က အိမ်ဆီသို့ အမောတကော ပြေး လာကြရာ ကော်နီမှာ 'အို'ဟု အာမေဋိတ်ပြုရင်း စိတ်မကောင်း ဖြစ်သွားရာလေ၏။

''နတ်ဆရာကြီးက အသက်ပြင်းတယ်၊ ရင်ဝကို ဓားထိုး ရပေမယ့် မသေသေးဘဲ ဒီမနက်မိုးလင်းမှ သေတာတဲ့၊ ကင်းစောင့် တဲ့ တုံးငှူတော့ အစောကြီးကတည်းက သေသွားပြီတဲ့ အစ်မရဲ့ ဗွေပန်းကတော့ ဗိုက်ကိုချုပ်ကြိုး ဘားထိုးမိလို့ ဆေးကြပ်ပဲ စည်းထားရ တယ်တဲ့''

''နတ်ဆရာကြီးနဲ့ တုံးငှူကိုသတ်ပြီး ရွှေးဟောင်းရတနာ



ပစ္စည်းတွေ ယူပြေးတဲ့ စိုင်းဒေါင်းနက်ဆိုတဲ့ လူကြီးကိုရော ထိပ်တုံး ကနေ ထွက်ပြေးသွားတဲ့ မြို့ပိုင်ကြီးနဲ့ ဘာဘဦးဘိုးဟန်ကိုရော အဖေ တို့တောနင်းရှာနေတာ ညကတည်းကပဲတဲ့ဗျ''

ကောင်လေးက အားပါးတရ သတင်းပေးပြောလျက်ရှိရာ လူရဲမှာ အိပ်ရာထက် လဲလျောင်းရင်းမှ မသိမသာ နားစွင့်နေရလေ၏။

''ထွက်ပြေးတဲ့ သူတွေထဲက ဘယ်သူ့ကိုမိသွားပြီလဲ မောင် လေး''

''မမိသေးဘူးတဲ့ဗျ...လိုက်ရှာတဲ့ လူတစ်စုတော့ ဒေါ်ပွပြီး ပြန်လာတာပဲ''

''ဘုရား...ဘုရား...အဖေ့ကို မမိကြပါစေနဲ့''

ဟု လူရဲက စိတ်ထဲမှနေ၍ မြတ်စွာဘုရားအား တိုင်တည် ဆုတောင်းလိုက်ရင်း မှိန်းချင်ဟန်ဆောင်နေလိုက်ရ၏။

ညက ငှက်ပျောတောထဲမှ နတ်ဆရာကြီး၏ အိမ်နောက် ဘက်သို့ ပြေးကပ်သွားသူမှာ စိုင်းဒေါင်းနက်မှန်း သိလိုက်ရချိန်မှ စပြီး လူရဲမှာ စိုင်းဒေါင်းနက်၏ လောဘဇောတိုက်မှုကို အံ့ဩမဆုံး ဖြစ်သွားရလေ၏။

သူကယ်တင်၍ လွတ်မြောက်သွားပြီးမှ မည်သူ့ကိုမှ မပြော

www.burmeseclassic.com

www.burmeseclassic.com



ဘဲ တိတ်တိတ်လေး ပြန်လှည့်လာကာ နတ်ဆရာကြီး၏ အိမ်ထဲမှ ရတနာပစ္စည်းများ ဝင်ယူရဲသူ စိုင်းဒေါင်းနက်မှာ လောဘရမ္မက် အတွက်ဆို ဘနပ္ပူးပင် သိုက်တူးမည့်သူပင်။

စိုင်းဒေါင်းနက်၏ ပက်စက်သော လုပ်ရပ်ကြောင့် ကူကီး ချင်းနှင့် နာဂတို့မှာ ပိုမိုဒေါသအိုးပေါက်ကွဲပြီး ထွက်ပြေးသူများ နောက်သို့ သဲကြီးမဲကြီး လိုက်လျက်ရှိချေပြီ။

ကောင်လေးက ထုပ်မံစပ်စု သတင်းယူရန် ရွာထဲသို့ ပြေး ထွက်သွားမှ ကော်နီမှာ အိမ်ထဲသို့ လှည့်ဝင်လာပြီး...

''ညက အတော်ယောက်ယက်ခတ်ပြီး ကမ္ဘာပျက်သလို ဖြစ်သွားတာပဲ လူရဲရဲ... အဲဒီလို ညမျိုးမှာမှ ရှင်ကအပေါ်ထသွား ရင်း ခြေထောက်ညှောင့်စူးရတယ်လို့ တော်ပါသေးရဲ့ စိုင်းဒေါင်းနက် နဲ့ လူမှားပြီး ရှင့်ကို ဝိုင်းသတ်မှ အချောင်သေနေဦးမယ်...တော် တော်ရှည်တဲ့လူ နောက်ဆို နောက်ဖေးကဝက်ခြံမှာပဲ အပေါ့သွား''

ဟု ကော်နီမှာ မြည်တွန်တောက်တီးနေပြန်တော့၏။

✠ ✠ ✠



## မိစ္ဆာစစ်ပွဲ

မြို့ပိုင်မင်း ဦးမြတ်သာမှာ ညကတစ်ညလုံး တောနက် တောင်စွယ်ထဲဝယ် ခြေဦးတည့်ရာ ပြေးခဲ့ရာတွင် နောက်မှညာသံ ပေးကာ မီးတုတ်များဖြင့် တောနင်းဖွေရှာ လိုက်လာသူများ၏ရန်မှ လွတ်အောင် မရပ်မနား အသက်လုပြေးခဲ့ရသဖြင့် နံနက်လင်းလုလု ဝယ် ချောက်ခြောက်တစ်ခုသို့အရောက် ဟတ်ထိုးလဲကျသွားရှာတော့ ၏။

ထိုစဉ် သူ၏နောက်ကျောဘက်ရှိ တောငှက်ပျောပင်များ ကြားမှ တရှဲရှဲအသံကြားရာ လူလော တောရိုင်းတိရစ္ဆာန်လောဟု ထိတ်လန့်တကြား လှည့်ကြည့်လိုက်မိသည်တွင် ငှက်ပျောဖက်စိမ်း များကြားမှ ဒယီးဒယိုင်ထွက်လာသူမှာ ပွဲစားကြီး ဦးဘိုးပာ...

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့လိုက်ရသဖြင့် တအားတက်သွားရတော့၏။

ဦးမြတ်သာမှာ လဲနေရာမှ ကျိုးထလိုက်ပြီး. . .

"ပွဲစားကြီးပါလား . . .တော်သေးတာပေါ့ဗျာ၊ ခင်ဗျား ကျုပ်ပြန်တွေ့လို့"

ဟုဝမ်းသာဝမ်းနည်း အသံကြီးဖြင့် ပြောလိုက်မိလေ၏။

တစ်ကိုယ်လုံး စုတ်ပြတ်သတ် ပေကျံလျက်ရှိသော ပွဲစားကြီး ဦးဘိုးဟန်မှာ ဒယီးဒယိုင်ဖြင့် လျှောက်လာရာမှ မြို့ပိုင်ကြီးဦးမြတ်သာ၏အနီး သဲပြင်ပေါ်သို့ ဒူးညွှတ်ထိုင်ချလိုက်ပြီး. . .

"မြို့ပိုင်မင်း ကျွန်တော်တို့တော့ မြို့ပိုင်ကြီးရဲ့သား ကယ်လို့ သေတွင်းက လွတ်ခဲ့ပေမယ့် ဒီတောထဲက လွတ်အောင်မှ ပြေးနိုင်ပါ့မလားမသိဘူးဗျာ"

ဟုမောသံကြီးဖြင့် ပြောလိုက်ရာမှ. . .

"တစ်ခုတော့ရှိတယ် ကျွန်တော်တို့ မြေပြန့်က ရွာတစ်ရွာ ရောက်ရင်တော့ ရန်သူ့လက်ကလည်း လွတ်မယ်၊ အစားရေစာလည်း ပြတ်စရာမရှိတော့ဘူးဗျ၊ ဒီတော့ လာရာလမ်းအတိုင်း မပြန်ဘဲ ကောင်းဟိန်းကို ဖြတ်ဆင်းရအောင်ဗျာ"

ဟုပြောလိုက်ရာ မြို့ပိုင်ကြီးမှာ ဝမ်းသာသွားပြီး. . .



"ကောင်းတယ်ဗျာ. . .ခင်ဗျားက ဒီတောဒီတောင်ခရီးကို ပိုကျွမ်းတော့ အနီးဆုံးလမ်းက ပြန်နိုင်အောင်သာ ကြိုးစားဗျာ"

ဟု အားတက်စွာ ပြောလိုက်လေ၏။

"ဒါ. . .ဒါထက် မြို့ပိုင်ကြီးရဲ့ သားရော ဘယ်ရောက်သွားသလဲဗျ၊ စိုင်းဒေါင်းနက်လည်း ကျွန်တော်နဲ့ လူစုကွဲသွားတယ်"

ဟုပြောနေသဖြင့် မြို့ပိုင်ကြီး ဦးမြတ်သာမှာ သားဖြစ်သူ၏ ဖြစ်ရပ်ကို အမှန်အတိုင်း မပြောလိုရာ လိုးလွှဲပြီး ပြောလိုက်ရလေ၏။

"ကျုပ်ရဲ့သားလည်း ဘယ်ရောက်သွားမှန်း မသိပါဘူးဗျာ၊ ကဲ. . .ကဲ. . .ကျုပ်သားပေးလိုက်တဲ့ နွားနောက်ခြောက်သားပဲ အစိမ်းဝါးပြီး ခရီးဆက်ကြစို့"

ဟုပြောကာ ထရပ်လိုက်ပါလေတော့၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်ကြီး ဦးမြတ်သာနှင့် ပွဲစားကြီး ဦးဘိုးဟန်တို့မှာ တွက်ကိန်းမှန်သွားလေ၏။

သူတို့သည် ကောင်းဟိန်းရွာသို့ ဦးတည်ကာ တောင်ကျော ကြီးပေါ်မှ ဖြတ်ဆင်းလာခဲ့ပြီး မောလိုက် နားလိုက် နွားနောက်ခြော က် သားကို အစိမ်းလိုက် အာသာပြေကိုက်ဝါးစားလိုက် ကျောက်ကမ်းပါး ယံများအခြေမှ ရေစိမ့်ထွက်နေသော ကျောက်ခွက်လေးများမှ ရေ အေးအေးလေးကို သောက်လိုက်ဖြင့် ခရီးနှင်ခဲ့ကာ ညရောက်သော် ခွဆုံကောင်းသော သစ်ပင်ကြီးများပေါ်၌ တက်အိပ်ကြလေ၏။

ဤသို့ဖြင့် သူတို့ လေးရက်လုံးလုံး ခရီးနှင်ခဲ့ရာ အားပြတ် လုလုဝယ် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည့် ချောင်းလက်တက် ကမ်းပါးမှ ကောင်းဟိန်းရွာ၏ အနောက်ဘက်ကမ်းသို့ ရောက်လာ



က အရှေ့ဘက် ကောင်းဟိန်းအခြမ်းမှ လူအချို့ကို လက်ပြပြီး ရာက် နှစ်ဦးသား ဒွေခနဲလဲကျကာသတိလစ်သွားကြပါတော့၏။

✠ ✠ ✠

မြို့ပိုင်ကြီး ဦးမြတ်သာတို့ မရှုမလှ သေကံမရောက် သက် များက်စွာ ပြန်ရောက်လာသည့် သတင်းကို ရသွားသည့်တွင် ချင်း င်းခရိုင်ပင်းကြီးနှင့် အရေးပိုင် မစ္စတာစမစ်၊ နယ်ပိုင်ဝန်ထောက် တက်ရှိန်တို့မှာ ခေါင်းချင်းရိုက်ကြရတော့၏။

''ဒီအတိုင်းဘို မဖြစ်ဘူး၊ ဒီကူကီးချင်းတွေနဲ့ နာဂတွေကို က်ပြတ်သွားသား ချေမှုန်းနှိပ်ကွပ်ပစ်ရမယ်''

''ဒီတော့ မောင်ခန်းမှာ ရုံးထိုင်တဲ့ မေဂျာဒယ်နီနဲ့ မစ္စတာ ညှိနှိုင်းပြီး စစ်ဆင်ရေး စလုပ်ပါ''

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းခရိုင်မင်းကြီး၏ အမိန့်အရ မေဂျာဒယ်နီမှာ ထို
သုံးကြောင်းခွဲကာ နာဂတောင်တန်းပေါ်သို့ တက်လာတော့၏။

ဖုံမားစော်ဘွားကြီး ရမ်ခို ဦးဆောင်ကာ ဆာကွန်ရာရွ
ကြီး တွေဖဲနှင့် ကျေးရွာအကြီးအကဲများ၊ လူမျိုးစုခေါင်းဆောင်မျ
သူတို့၏ဒေသသို့ ကျူးကျော်စော်ကား တိုက်ခိုက်လာသော မျက်
စစ်ဗိုလ်၏တပ်ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခြင်းမပြုဘဲ ခါး
ဖြတ် ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ အင်္ဂလိပ်စစ်ကြောင်းများ
လမ်း၏ တောင်စောင်းများပေါ်၌ ဆင်ထားသော ကျောက်မော
ကို ပြုတ်ချတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထိုကဲ့သို့ တိုင်းရင်းသားတို့၏ ပြောက်ကျားစနစ် တိုက်



ကြောင့် အင်္ဂလိပ်စစ်တပ်မှာ သူတို့၏ စစ်ဆင်ရေး ရည်မှန်းချက်
တိုင်း ရုတ်တရက် တစ်တောင်ပြီးတစ်တောင် သိမ်းပိုက်နိုင်ခြင်း
ရှိချေ။

သို့သော် တိုင်းရင်းသားများမှာ တူမီးသေနတ်နှင့် သမရိုးကျ
လက်နက်များဖြစ်သော လေးနှင့်မြား၊ လှံတို၊ လှံရှည်၊ ဓားတို့
သာ သုံးစွဲတိုက်ခိုက်နိုင်ခဲ့ကြသည်။

ကုလားဖြူတပ်၊ ဂေါ်ရခါးတပ်တို့ ကိုင်စွဲလာသော ဗလက်
က်သေနတ်၊ ရိုင်ဖယ်နှင့် စက်သေနတ်တို့၏ဒဏ်ကို ရေရှည်တွင်
နိုင်ဘဲ ခံတပ်များ တစ်ခုပြီးတစ်ခုကျဆုံးကာ တရွေ့ရွေ့ နောက်သို့
တ်ပြီး ခုခံစစ်ကို ဆင်နွှဲနေရလေတော့၏။

အမှန်တော့ တိုင်းရင်းသားတို့ ကိုင်စွဲသော တူမီးသေနတ်
သည်မှာ တစ်ချက်ကောင်းသာ ပစ်ခတ်နိုင်သော သေနတ်အမျိုး
များဖြစ်ရာ သူတင်ကိုယ်တင် ပစ်ခတ်ရသော တိုက်ပွဲများဝယ်
မျှာထိရောက် အသုံးဝင်ခြင်းမရှိချေ။

တူမီးသေနတ်မှာ ခဲလုံးကျည်ကို အသုံးပြုရကာ ရန်သူဆီ
ခဲလုံးကျည်ရောက်ရန်မှာ စပ်ထားသော ယမ်းကကောင်းဦးမှ၊
စပ်မကောင်းလျှင် ယမ်းကန်အား မကောင်းသဖြင့် ကျည်က

www.burmeseclassic.com

www.burmeseclassic.com



လိုရာ မရောက်တော့ချေ။ ယမ်းကန်အား ကောင်းပြန်တော့လည်း ပစ်ခတ်သည့်အချိန်ဝယ် ယမ်းကိုမီးကူးဦးမှ ကျည်ဆံထွက်လေ၏

တစ်ချက်ပစ်၍ လွဲသွားပါက နောက်တစ်ချက်ထပ်ပစ် အချိန်အတော်ယူကာ လုံးပမ်းရလေ၏။

မျက်နှာဖြူတို့ စွဲကိုင်လာသော ဗလက်ချိုက်သေနတ်မှာ တစ်ချက်လွဲသွားပါက ချက်ချင်းပြင်ဆင်ပြီး ထပ်ပစ်နိုင်၏။ ရိုင်ဖယ် သေနတ်မှာ ပိုကောင်းပြီး တစ်ချက်ပြီးတစ်ချက် ပစ်နိုင်လေ၏။

စက်သေနတ်မှာမူ ဆိုဖွယ်ရာမရှိတော့ချေ။ မျက်နှာ စစ်တပ်၏ ဝေါခနဲဝေါခနဲ ပြေးဝင်လာသော အတွဲလိုက်ပစ်လိုက်သည့် စက်သေနတ်၏ ကျည်များအောက်မှ တူမီးသေနတ်ကိုသာ စွဲကိုင် နိုင်သော တိုင်းရင်းသား မျိုးချစ်စစ်သည်များမှာ မျိုးချစ်စိတ်၊ သူ့ကျွန် မခံလိုစိတ်၊ နယ်ချဲ့ကို တွန်းလှန်လိုစိတ်တို့ဖြင့် ရဲဝံ့စွန့်စားစွာ အသေ ပြီး ရဲရဲတောက် ခုခံတိုက်ခိုက်လေတော့၏။

သို့သော် ကျောက်မောင်းများ၊ ထောင်ခြောက်များကို ပါ စွာကျော်ဖြတ်လာနိုင်ခဲ့သော မျက်နှာဖြူစစ်တပ်၏ ခေတ်မီ လက်နက် ကောင်းများ၏ဒဏ်ကို တင်းမခံနိုင်ဘဲ တိုင်းရင်းသား စစ်သည်များ မှာ အတုံးအရုန်းကျဆုံးကာ တဆုတ်ဘည်း ဆုတ်နေရတော့၏။



ခေါင်းဆိုင်ချင်း၊ နာဂတိုင်းရင်းသားတို့နှင့် မျက်နှာဖြူနယ်ချဲ့ တပ်ကြီး အကြီးအကျယ် တစ်တောလုံး၊ တစ်တောင်လုံးညံအောင် တိုက်ပွဲဖြစ်ပွားချိန်ဝယ် လူရဲမှာလည်း ခြေထောက်ဒဏ်ရာ ပျောက် ကင်းပြီး လုံးဝကြံ့ခိုင် နေကောင်းအားပြည့်ပြီဖြစ်ပါ၏။

သူသည် ရိုင်ဖယ်ကျည်သင့်ပြီး ဒဏ်ရာပရပွနှင့် ရွာသို့ ပြန်လည်သယ်ဆောင်လာရသော တိုင်းရင်းသား စစ်သည်များ၊ စက်သေနတ်မှန်သဖြင့် ကျဆုံးခဲ့ရသော တိုင်းရင်းသား မျိုးချစ်အာဇာနည် တို့၏ အလောင်းများကို တွေ့မြင်နေရာမှ သူ၏ရင်ထဲမှ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်သည် တဟုန်းဟုန်း ထတောက်လာတော့၏။

"တောက် ... လက်နက်ချင်းမမျှလို့ ငါတို့ရဲ့ တိုင်းရင်းသား တွေ ရှုံးရတာ ... ရင်နာဖို့ကောင်းလိုက်တာကွာ"

ဟူ၍ သူ့နှုတ်မှ မခံချိမခံသာ ဖွင့်ဟပြောမိသည်အထိ ဖြစ်လာတော့၏။

သူ တောက်တစ်ခတ်ခတ် ဖြစ်နေသည်ကို ကော်နီကမြင်ရာ

"လူရဲ ကြာရင် ကော်နီတို့ လုံးဝရှုံးပြီး နယ်ချဲ့တွေရဲ့ လက်အောက် ဒူးထောက်ရတော့မယ် ထင်တယ်နော်"

ဟု မချိတင်ကဲ အသံလေးဖြင့် ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူရဲက မျက်နှာကြီးနီရဲနေရာမှ ကော်နီဘက်သို့ လှည့်ကြည့်လိုက်ပြီး...

''ကော်နီ... ဒီလိုတူမီးသေနတ်နဲ့ပဲ ဆက်ခုခံနေရင် ဒီနွေကုန်တာနဲ့ နယ်ချဲ့လက်အောက် ဒူးထောက်ရတဲ့ဘဝ ရောက်ရလိမ့်မယ်၊ တို့များရဲ့ဘက်မှာ ခေတ်မီလက်နက်ရှိမှ နယ်ချဲ့ရဲ့ ထိုးစစ်ကို ဟန့်တားနိုင်မယ်၊ သူတို့ရဲ့ ထိုးစစ်ကို ဟန့်တားနိုင်မှ သူတို့လက်လှမ်းမမှီရာ မြောက်ဘက်ပိုကျတဲ့ တောနက်တွေထဲ ရွာစုအလိုက် ရွှေ့ပြောင်းနိုင်မယ်''

''ဒီတစ်နွေတောင့်ခံနိုင်ဖို့ လက်နက်ကောင်းရဖို့လိုတယ်၊ နွေကုန်လို့ မိုးကျရင်တော့ သူတို့ရဲ့ ထိုးစစ်ရပ်တန့်သွားမှာပဲ''

ဟုရှည်လျားစွာ ရှင်းပြလိုက်ရာ...

ကော်နီက သဘောပေါက်ဟန်ဖြင့် ခေါင်းလေးကို ညိတ်လိုက်ကာ...

''ဟုတ်ပြီ... လူရဲပြောသလိုဆို သူတို့ကို လက်နက်ကောင်းကောင်းနဲ့ ဟန့်တားထားပြီး 'နွေကုန်လို့ မိုးရောက်ရင် သူတို့ဘက်ကလည်း ထိုးစစ်ရပ်သွားပြီဆိုတော့ သူတို့နဲ့ လက်လှမ်းဝေးရာ ဒေသတွေဆီ ကော်နီတို့ ရွှေ့ပြောင်းအခြေချလို့ရတယ်ပေါ့ ဟုတ်လား''



ဟုမေးလိုက်ရာ လူရဲက ခေါင်းညိတ်ပြလိုက်ပြီး...

''ဟုတ်တယ်... ကော်နီ''

ဟုပြောလိုက်ရာ ကော်နီက စဉ်းစားသလို တွေတွေလေး ဖြစ်သွားပြီး...

''အဲဒီလို လက်နက်ကောင်းတွေရဖို့ ဘယ်လိုလုပ်ရမလဲ လူရဲ''

ဟုမေးလိုက်တော့၏။

လူရဲက ကော်နီ၏ မျက်ဝန်းလှလှလေးများကို စိုက်ကြည့်လိုက်ပြီး...

''အဲဒီလို လက်နက်ကောင်းတွေရဖို့ တို့လုပ်ပေးမယ် ကော်နီ ပြီးတော့ အခုလို ဗြိတိသျှတပ်တွေကို ရှုံးနေရတာဟာ ကော်နီတို့ ရိုးဖလာ စောင့်ထိန်းလာခဲ့တဲ့ ရှေးဟောင်းရတနာတွေ ဆုံးရှုံးရလို့ ဆိုပြီး တချို့ကယူဆနေတယ် မဟုတ်လား၊ ဒီတော့ ကော်နီတို့ရဲ့ ရှေးဟောင်းရတနာတွေလည်း ပြန်ရအောင် မတရားလုသတ်ပြီး ယူပြေးတဲ့ စိုင်းဒေါ်င်းနက်ရဲ့ နောက်လိုက်ပြီး အဲဒီရတနာတွေကို ပြန်ယူခဲ့မယ် ကော်နီ''

ဟုအားပါးတရ ပြောလိုက်ရာ...

www.burmeseclassic.com

www.burmeseclassic.com



''ဟင် တကယ်လား လူရဲ့. . .လူရဲ့အဲဒီလို တကယ်လုပ်နိ

လို့လား. . .ပြီးတော့ အဲဒီအလုပ်တွေလုပ်ဖို့ဆိုတာ မလွယ်ဘူ

အသက်တောင် စွန့်ရနိုင်တယ် လူရဲရယ်''

ဟုညည်းညူသလိုလေး ပြောလိုက်ရာမှ လူရဲ၏မျက်ဝ

များကို မော့ကြည့်လိုက်ပြီး. . .

''အဲဒီလို အသက်တောင်စွန့်ရတဲ့ အလုပ်ကို ဘာဖြစ်လ

လုပ်ချင်ရတာလဲ လူရဲရယ်၊ ကိုယ့်ဘာသာ မိဘရဲ့အိမ်ဆီ အေးအေ

ဆေးဆေး ပြန်ပါလား''

ဟု ခပ်တိုးတိုးလေး ဆိုလိုက်ရာ လူရဲက ကော်နီ၏ ပု

လုံးဝန်းဝန်းလေး နှစ်ဖက်ကို ဖွဖွညင်သာစွာ ဆုပ်ကိုင်လိုက်လျ

သူမ၏ မျက်ဝန်းလဲ့လဲ့များထဲ စူးနစ်စွာ စိုက်ကြည့်လိုက်ကာ. . .

''အဲဒါ ရိုးသားတဲ့ တိုင်းရင်းသားတွေကို ချစ်လို့ . . .

ပြီးတော့''

ဟု စကားကို တိုးတိုးဖွဖွပြောရင်း ရပ်ထားလိုက်ရာ ကေ

ကမချင့်မရဲ ဖြစ်သွားပြီး. . .

''ပြီးတော့ဘာဖြစ်လဲဟင် လူရဲ''

ဟု လူရဲ၏ လက်မောင်းနှစ်ဘက်ကို လှုပ်ရမ်းပြီး မေးလို



လေ၏။

''ပြီးတော့လေ ကော်နီ့ကို တို့သိပ်ချစ်နေလို့ပေါ့''

ဟုညင်သာဖွဖွ ပြောလိုက်သည့်တွင် ကော်နီက အိုဟု

အာမေဋိတ်သံလေးပြုကာ ပါးပြင်မို့မို့တို့ဝယ် ရက်သွေးလေး ဖျန်း

လျက်မှ ခေါင်းလေးကို ရှက်စနိုးငုံ့လိုက်ရှာတော့၏။

''ဟုတ်တယ် ကော်နီ. . .ဒါကြောင့် တို့ရှေးဟောင်းရတနာ

ပစ္စည်းတွေ ပြန်ယူပြီး လက်နက်ကောင်းတွေပါ ယူလာနိုင်တဲ့ တစ်နေ့

မှာ ကော်နီရှိရာ ဒီတောင်တန်းကြီးပေါ် ပြန်လာမယ်''

''အဲဒီအခါ ကော်နီက ဝမ်းပန်းတသာနဲ့ ကြိုပါနော်''

''ပြီးတော့လေ ကော်နီတို့ရဲ့ စော်ဘွားကြီးနဲ့ ကော်နီရဲ့

အဖေကိုပြောပြပါ''

''တို့နဲ့ ကော်နီကို လက်ဆက်ခွင့်ပြုပါလို့''

လူရဲ၏စကားအဆုံးဝယ် ကော်နီ၏ မျက်ဝန်းအိမ်တို့ဝယ်

မျက်ရည်လေးများ ရွှန်းစိုလာပြီး. . .

''ကော်နီ. . .ကော်နီ. . .လူရဲကို ဝမ်းပန်းတသာ စောင့်ကြို

မျှော်လင့်နေပါ့မယ် လူရဲရယ်. . .လူရဲရဲ့ ကတိအတိုင်းသာ ဆက်ဆက်

ပြန်လာခဲ့ပါနော်''

www.burmeseclassic.com

www.burmeseclassic.com



''ကော်နီတို့ရဲ့ တိုင်းရင်းသားတွေအတွက် ပြီးတော့ ကော်နီရဲ့ အချစ်အတွက် ရှင့်ကိုမျှော်နေမယ်''

ဟု တိုးတိုးလေး ပြောလိုက်ကာ လူရဲ၏ရင်ခွင်ထက်သို့ ခေါင်းလေးမှေးတင် လိုက်ရှာပါတော့သတည်း။

✠ ✠ ✠



လူရဲမှာ ကော်နီနှင့်တိုင်ပင်ကာ တိုက်ပွဲများကို ကွေ့ရှောင်လျက် နာဂတောင်တန်းကြီးပေါ်မှ ဆင်းလာခဲ့သည်မှာ နှစ်ရက်လုံးလုံး ရှိချေပြီ။

ကော်နီ သေချာထည့်ပေးလိုက်သော ရိက္ခာခြောက်များကို သယ်ဆောင်ကာ ကော်နီညွှန်ပြသည့် လမ်းအတိုင်း တောတိုးလာခဲ့ခြင်း ဖြစ်လေသည်။

သူကတိုက်ပွဲများ ဖြစ်ပွားနေသော နာဂတောင်တန်းနှင့် ထမံသီအကြား တောင်ကြောမှဆင်းဘဲ တောင်ဘက်စူးစူးရှိ နွယ်မောက်တောင်ဘက်သို့ လာခဲ့ကာ ငါးရက်လုံးလုံး ခရီးနှင်ခဲ့ပြီးနောက် နွယ်မောက်တောင်ခြေမှ ဝါးပေါင်ဖြင့် ထမံသီချောင်းလက်တက်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း စုန်ဆင်းခဲ့ရာ သူတို့မြို့အစွန်သို့ ရောက်ရှိလာတော့၏။

သူက ညဖက်တွင်မှ သူတို့မြို့ရှိရာ ချင်းတွင်းမြစ်ကမ်းခြေသို့ ရောက်ရှိစေရန် အချိန်ကိုက်လျက် ဖေါင်ကို မျှောချလာခဲ့ခြင်းဖြစ်လေ၏။

လူရဲက သူတို့ဘောလုံးဂန်နေကျ သဲသောင်ပြင်၏ အစပ်ဝယ် ဖေါင်ကို ထိုးရပ်လိုက်ပြီး ဖေါင်ပေါ်မှ ဆင်းခဲ့လေတော့၏။

နွေလယ်ကာလ၏ ညလေပြေမှာ ချင်းတွင်းမြစ်ကို ဖြတ်တိုက်လာသဖြင့် အအေးဓါတ်က လွှမ်းမိုးလျက်သာ ရှိတော့၏။

သူသည် လမိုက်ည၏ အမှောင်ထုကိုအားပြုပြီး သူ၏သူငယ်ချင်း မောင်ညိုတို့ တဲအိမ်ရှိရာ ကမ်းနားအထက်သို့ တစ်လှမ်းချင်း တက်လာခဲ့လေ၏။

လူရဲက မောင်ညိုတို့ တဲအိမ်၏ နံဘေးတစ်ဘက်ဆီသို့ ပတ်လာခဲ့ပြီး ဝါးထရံကို ခပ်တိုးတိုး ပုတ်လိုက်လျက် အသံတိုးတိုးဖြင့် ...

''မောင်ညို...မောင်ညို...သူငယ်ချင်း''

ဟု အတန်ကြာခေါ်လိုက်ရာ မောင်ညိုမှာ အိပ်ပျော်နေရာမှ ဖျတ်ခနဲ နိုးလာတော့၏။



''ဟင်...ဘယ်သူလဲ''

ဟု မောင်ညိုက ဗလုံးဗထွေး မေးလိုက်ရာ...

''ရှူး...တိုးတိုး...မောင်ညို...ငါလူရဲပါ...မင်းအိမ်ပေါ်က ဆင်းခဲ့ကွာ သူငယ်ချင်း''

ဟု လူရဲက ခပ်တိုးတိုး ခေါ်လိုက်သည်တွင် ခဏအကြာ၌ ောင်ညိုမှာ တဲအိမ်၏ နောက်တံခါးကို မဖွင့်ကာ ထွက်လာတော့၏။

လူရဲက မောင်ညို၏လက်ဖဝါးအား ဖမ်းဆုပ်လိုက်ပြီး...

''မောင်ညို မင်းကို ငါအရေးကြီးတာ ပြောစရာရှိတယ်၊ ာင်ပြင်ဆီရောက်မှ လွတ်လွတ်လပ်လပ် ပြောရအောင်ကွာ''

ဟုခပ်တိုးတိုးပြောရင်း အမှောင်ထဲမှာပင် ဆွဲခေါ်ခဲ့တော့၏။

သူတို့သူငယ်ချင်း နှစ်ဦးသည် အိပ်မောကျလျက်ရှိသော ငါတဲတန်းအား တိတ်ဆိတ်စွာ ဖြတ်ကျော်ခဲ့ပြီးနောက် ကမ်းနပူး ို့ ရောက်သည်နှင့် မောင်ညိုက လူရဲ၏ကိုယ်အား အားပါးတရ က်လိုက်ပြီးလျှင်...

''သူငယ်ချင်း လူရဲ မင်းတောထဲမှာ ပျောက်ကျန်ရစ်ခဲ့တယ် ပြီး ဟုမှလင်း၊ မောင်းခမ်း၊ ထမံသီနဲ့ ငါတို့မြို့နယ် တစ်ဝှမ်းလုံး တင်းပြန့်နေတာကွ၊ ငါဖြင့် မင်းအတွက် စိတ်ပူလိုက်ရတာ၊

www.burmeseclassic.com

www.burmeseclassic.com



ခုလို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ''

ဟု အားပါးတရကြီး ပြောလိုက်လေ၏။

လူရဲက မှောင်ထဲမှာပင် ပြုံးလျက် မောင်ညို၏ခါးကို ဖက်ကာ သောင်ပြင်ထက်သို့ ဆင်းခဲ့ကြပြီး ရေစပ်သို့အရောက်ဝယ် ထိုင်ချလိုက်ကြကာ...

''သူငယ်ချင်း မောင်ညို... ငါအရေးတကြီးကိစ္စနဲ့ ဒီကိုပြန်လာတာပဲ၊ ငါဒီကိုရောက်နေတာကို မင်းနဲ့မင်းရဲ့မိဘနှစ်ပါးပဲ သိပါစေ ကွာ၊ ငါ့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလို့ပါ''

ဟု လေးလေးနက်နက်ကြီး ပြောလိုက်ရာ...

''အေးပါ သူငယ်ချင်းရာ စိတ်ချပါ... ငါမင်းကို ဘယ် လောက်ခင်တယ် ချစ်တယ်ဆိုတာ မင်းအသိဆုံးပါ... ငါမင်းအတွက် ဘာလုပ်ပေးရမလဲ သူငယ်ချင်းပြောပါ''

ဟုမောင်ညိုက အားတက်သရော ပြောဆိုမေးမြန်းလေ၏။

လူရဲက အမှောင်ထုထဲမှာပင် မြို့ဘက်ဆီသို့ လှမ်းကြည့် လိုက်ပြီး...

''ဒီလိုကွ မောင်ညို... ငါမင်းတို့အိမ်မှာ လျှို့ဝှက်ပြီးနေမယ် ငါရှိနေကြောင်းက ဘယ်သူမှမသိစေနဲ့ မင်းရဲ့မိဘတွေကိုလည်း ပြော



ထား၊ နေ့ဖက်တစ်နေ့လုံး. မင်းတို့ရဲ့ အိမ်ထဲမှာ ငါပုန်းခိုနေမယ်၊ ညဖက်မှ ငါအပြင်ထွက်မယ်၊ ညဖက်မှာမှ ငါ့အတွက် လုပ်စရာကိစ္စ ရှိလို့ပဲကွ သူငယ်ချင်း''

ဟုပြောလိုက်ရာမှ...

''သူငယ်ချင်းမောင်ညို... ငါ့အဖေနဲ့ ပွဲစားကြီး ဦးဘိုးဟန် ကိုရော ငါတို့မြို့ဆီ ပြန်ရောက်ရဲ့လား''

ဟုမေးလိုက်ရာ...

''ရောက်တယ်ကွ၊ မင်းရဲ့အဖေ မြို့ပိုင်ကြီးရော၊ ဦးဘိုးဟန် ပါ မြို့ကိုပြန်ရောက်နေပါပြီကွာ... မင်းရဲ့ အဖေကတော့ မြို့ပိုင် အလုပ်ကို စိတ်ကုန်သွားပြီး အလုပ်ကထွက်လို့ သူ့ရဲ့ဇာတိ ရှမ်း ပြည်နယ်က တောင်ကြီးမြို့ကို ပြောင်းတော့မယ်ဆိုလားပဲကွ... မင်းကိုစောင့်နေတာတဲ့ ... ငါသတင်းသွားမေးတော့ ပြောပြတယ် ကွ''

ဟုပြောသဖြင့် လူရဲမှာ ဖခင်ကြီးအတွက် စိတ်ဓာတ်အားသွားရ ပြီးလျှင်...

''ဒါထက် စိုင်းဒေါင်းနက်ရော ဒီမြို့ကိုပြန်ရောက်သလားကွ''

ဟုမေးလိုက်ရာ...

www.burmeseclassic.com

www.burmeseclassic.com



''အေး...ပြန်ရောက်နေပြီကွ...ဒါပေမယ့် သူက ငှက်ဖျား မိလာပုံရတယ်...အတော်ပိန်ချုံးချိနဲ့ပြီး ရောက်လာတာကွ...အ ဝန်ထောက်မင်းရဲ့ အိမ်မှာပဲ တည်းခိုနေတယ်...သူရောက်စက သေမလို ဖြစ်တာတဲ့''

''ခုတော့ အတော်နေကောင်းနေပြီကွ...ဟိုနေ့ကတော ငါတို့မြို့ပတ်လမ်းအတိုင်း မြင်းစီးသွားတာ တွေ့လိုက်သေးတယ်''

ဟုပြောပြလိုက်ရာ လူရဲမှာ မှောင်ရိပ်ထဲမှာပင် အံကြိတ် လိုက်ပြီးမှ စိတ်ကိုထိန်းလျက်...

''ကဲ...မောင်ညို သူငယ်ချင်း ငါ့မှာတာမမေ့နဲ့ ... ဒီနေ့ ညတော့ ငါခရီးပန်းလာလို့ အိပ်တော့မယ်...လာပြန်စို့''

ဟုပြောကာ ထိုင်ရာမှထလျက် မောင်ညို၏ ပုခုံးကိုဖက်ပြီး ကမ်းနဖူးပေါ်သို့ တစ်လှမ်းချင်း တက်လာခဲ့ပါတော့၏။

✠ ✠ ✠



မောင်ညို၏ မိဘများမှာ ဆင်းရဲသော်လည်း လွန်စွာရိုးသား သဘောကောင်းကာ လူရဲကိုလည်း မြို့ပိုင်ကြီး၏သားဆိုပြီး လွန်စွာ အရေးပေး ဆက်ဆံလေ့ရှိလေ၏။

ယခု လူရဲ ဘေးမသီရန်မခဘဲ ပြန်ရောက်လာသည်ကို မောင်ညို၏ မိဘများမှာ လွန်စွာဝမ်းမြောက်လျက်ရှိတော့၏။

ပြီးတော့ သူတို့သည် လွန်စွာနှုတ်လုံသူများဖြစ်ရာ လူရဲ အဖို့ သူတို့၏ တဲအိမ်ငယ်လေးထဲဝယ် လူမသိသူမသိ ပုန်းလျှိုးနေ ထိုင်ရန် အထူးသင့်လျော်လျက်ရှိတော့၏။

လူရဲမှာ မိဘအိမ်သို့လည်းမပြန်ဘဲ နေ့ဖက်ဝယ် တစ်နေ့လုံး အိမ်လေးထဲ၌ အောင်းနေကာ ညဖက်ရောက်မှ တစ်ဦးတည်း ထွက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီး ညဥ့်အတော်နက်မှ ပြန်ရောက်လာလေ့ရှိရာ လူရဲ၏ လုပ်ရပ်ကို မောင်ညိုမှာ နားလည်နိုင်ခြင်း မရှိသော်လည်း လူရဲ မပြောချင်မှန်းသိသဖြင့် ဖွင့်လည်းမမေးဝံ့ပေ။

မည်သို့ဖြစ်စေ မောင်ညိုမှာ အချစ်ဆုံး သူငယ်ချင်းလူရဲ အတွက် အသက်ပေးရန် ဝန်မလေးသူဖြစ်ရကား လူရဲစိတ်ချမ်းသာသလို ပြုမူနေထိုင်ရန် အသာလွှတ်ထားလိုက်ရလေတော့၏။

✠ ✠ ✠



## မရဏာရှင်းတမ်း

ညသည်ခြောက်သွေ့ တိတ်ဆိတ်လျက်ရှိလေ၏။ လမိုက်ညမို့လည်း အမှောင်ထုက ဝန်းကျင်အနှံ့ဝယ် ကြီးစိုးလျက် ရှိလေ၏။

မြို့၏ လူကုံထံရပ်ကွက်ရှိ တစ်ခုသော ခြံဝင်းကျယ်ကြီး အတွင်းမှ တိုက်ခံအိမ်ကြီး၏ အောက်ထပ်တစ်ခုလုံးမှာ မှောင်ပိန်းလျက်ရှိသော်လည်း အိမ်ကြီး၏အပေါ်ထပ်မှာမူ ပြတင်းပေါက်များ ဖွင့်ထားပြီး စတွန်းကင်း မီးအိမ်တစ်လုံးကို အိမ်ရှေ့ခန်းညှဲ့ဆောင်ကြီး၏အလယ်၌ ထွန်းညှိထားရာ ပြတင်းပေါက်များမှ မီးရောင်ဖြာထွက်လျက်ရှိလေ၏။

နွေညမို့ ပြတင်းတံခါးများ ဖွင့်ထားဟန်ရှိသော ယင်းတိုက်ခံအိမ်ကြီးမှာကား နယ်ပိုင်ဝန်ထောက် ဦးထက်ရှိန်၏ စံအိမ်ကြီးပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့၏။

ဦးထက်ရှိန်ကား မုဆိုးဖိုတစ်ဦးဖြစ်ပြီး ဤစံအိမ်ကြီး၌ သူနှင့် သူ့သားဗညားရှိန်တို့နှစ်ဦးသာ နေထိုင်လျက် အိမ်စေထမင်းချက်နှင့် ကားဒရိုင်ဘာတို့မှာ ဆားဗင့်ကွာတာ (ခေါ်) ခြံနောက်ပိုင်းမှ သစ်သားတန်းလျားဝယ် နေထိုင်ကြလေ၏။

ယခုတော့ သူ၏စံအိမ်ကြီးဝယ် သူတို့သားအဖအပြင် သူတို့သားအဖ၏ အထူးဧည့်သည် စိုင်းဒေါင်းနက် ရောက်ရှိနေကာ သူတို့သုံးဦးမှာ ညစာစားသုံးပြီးနောက် အထူးဧည့်ဆောင်မှ ကြိမ်ဆက်တီခုံများဝယ် ထိုင်နေကြလျက် တစ်စုံတစ်ရာသော အကြောင်းကိစ္စကို အခြေအတင် ငြင်းခုန်ပြောဆိုလျက်ရှိလေ၏။

ဝန်ထောက်မင်း၏ စံအိမ်မင်းကြီးမှာ လွန်စွာကျယ်ဝန်းသည် ဖြစ်ရကား သူတို့၏ ငြင်းခုန်ပြောဆိုသံကို အိမ်နီးနားချင်းများနှင့် လမ်းမှကြားရန် မဖြစ်နိုင်ချေ။

ဆားဗင့်ကွာတားမှ အိမ်စေ့အလုပ်သမားတို့မှာလည်း အပျင်းကြီးသူများဖြစ်ရာ ယခုလို ညဉ့်နက်စဝယ် အိပ်မောကျလျက် ရှိချေပြီ။

ထို့ကြောင့်လည်း သူတို့သုံးဦးသည် လျှို့ဝှက်သော အကြောင်းခြင်းရာတစ်ခုကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုငြင်းခုန်



လျက်ရှိတော့၏။

''ဘာကွ စိုင်းနက် မင်းကိုသုံးပုံတစ်ပုံ ပေးရမယ်ဟုတ်လား''

ဟု ဝန်ထောက်မင်း ဦးထက်ရှိန်က ဒေါသတကြီး ပြောလိုက်ရာ စိုင်းဒေါင်းနက်က စူးရဲသောမျက်လုံးများဖြင့် ဦးထက်ရှိန်အား စိုက်ကြည့်လိုက်ပြီးလျှင်...

''ဟုတ်ပါတယ် ဝန်ထောက်မင်း...အဲဒီ ရှေးဟောင်းရတနာပစ္စည်းတွေကို ကျွန်တော်က အသက်လုပြီး ရယူခဲ့ရတာပါ၊ ဝန်ထောက်မင်းတို့က ထိန်းယုံပဲ ထိန်းသိမ်းပေးခဲ့ရတာ၊ ဒီတော့ ကျွန်တော့်ကို အဲဒီရတနာတွေရဲ့ သုံးပုံနှစ်ပုံ ပေးသင့်ပါတယ်''

ဟု လေသံမာမာဖြင့် ပြောလိုက်ရာ ဗညားရှိန်က ချောင်းဟန့်လိုက်ပြီးလျှင်...

''အဟမ်းဟမ်း...ဒီမှာကိုစိုင်းနက် ခင်ဗျားဟာ ကျုပ်ခိုင်းလိုက်တဲ့ကိစ္စကိုလည်း ပီပြင်အောင် မလုပ်နိုင်ခဲ့ဘူးလေ၊ အဲဒီလိုတာဝန်မကျေမှုအတွက်ရော ခင်ဗျားဘယ်လိုရှင်းမလဲ၊ ကျုပ်ကခင်ဗျားကို စရံငွေငါးရာကြီးတောင် ပေးခဲ့ရတာဗျ''

ဟုခပ်တင်းတင်း ဝင်ပြောလိုက်လေ၏။

စိုင်းဒေါင်းနက်မှာ ဗညားရှိန်အား ဆတ်ခနဲ လှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးလျှင်. . .

"ဒီမှာဗညား. . . ငါကလည်း မင်းခိုင်းတဲ့အတိုင်း လူရဲဆိုတဲ့ ကောင်ကို အပိုင်လုပ်ကြံခဲ့တာပါပဲကွ၊ ဒုံမားဆီအသွားခရီးမှာ ညဖက် တောင်စောင်းတစ်ခုနား ကမ့်ပ်ထိုးပြီးအိပ်တော့ လူရဲဟာ ညသန်းခေါင် ယံကျရင် တရေးနိုးပြီး အပေါ့ထသွားတတ်မှန်းသိလို့ ညသန်းခေါင် မတိုင်မီမှာ ငါဟာရှက်ထည်တဲထဲက အသာထွက်ပြီး သစ်ပင်တစ်ခုရဲ ပင်စည်နောက်ကနေ ချောင်းနေခဲ့တယ်"

"သူဟာ သန်းခေါင်လည်းရောက်ရော သူတို့သားအဖရဲ ရှက်ထည်တဲထဲက ထွက်လာတော့တာပဲ၊ သူဟာအပေါ့စွန့်ဖို့ ချောက် ဘက်ဦးတည်သွားကြောင်း အတွေ့လိုက်မှာ ငါဟာအသင့်ယူလာတဲ့ ကြိုးခွေကိုကိုင်ပြီး ချောက်ရဲ့ အောက်နားက ကျောက်စွန်းပေါ်တက် ပြီး သူ့ကိုကြိုစောင့်နေလိုက်တယ်"

"အဲဒီကောင်လည်း ချောက်နှုတ်ခမ်းနားရောက်လာရော ငါက ကြိုးကွင်းနဲ့ပစ်စွပ်ပြီး ဆောင့်ဆွဲချလိုက်တယ်၊ အဲဒီကောင်ဟာ ရောမချောက်ကြီးထဲကို ခြေလွတ်လက်လွတ် ပြုတ်ကျသွားတာပဲကွ၊ ငါကတော့ ဒီလောက်မြင့်တဲ့ ချောက်ကြီးရဲ့ အောက်ကျပြီး အရိုး အသားကြေ သေပြီထင်ခဲ့တာကွ"



"ဒါပေမယ့် အဲဒီကောင်ဟာ ဘယ်လိုကဘယ်လို အသက် ပြင်းပြီး မသေမှန်းမသိဘူး. . . အေး. . . သူမသေလို့လည်း ငါတို့ဟာ ကူကီးချင်းနဲ့ နာဂတွေရဲ့ အသတ်မခံရဘဲ လွတ်လာခဲ့ရတာပဲကွ၊ အဲဒီတောင်ပေါ်သားတွေဟာ ငါတို့ပြိတ်သွားအစိုးရရဲ့ အလိုတော်ရိဆိုပြီး သိပ်မုန်းနေကြတာကွ"

ဟု ရှည်လျားစွာ ရှင်းပြလိုက်လေ၏။

"အေးလေ. . . ဘာပဲဖြစ်ဖြစ်၊ ကျုပ်သတ်ခိုင်းလိုက်တဲ့ လူရဲ ကို ခင်ဗျားမသတ်နိုင်ခဲ့ဘူး မဟုတ်လား၊ အဲဒီလို တာဝန်မကျေခဲ့ မှုအတွက် ဒယ်ဒီသိမ်းထားတဲ့ ရတနာတွေရဲ့ တစ်ဝက်ကိုပဲ ခင်ဗျား ယူလိုက်ပေါ့ဗျာ"

ဟု ဗညားရှိန်က လေသံတင်းတင်းဖြင့် ပြောလိုက်လေ၏။

"ဗညားရှိန်. . . ငါဟာ အဲဒီရတနာတွေရဖို့ နတ်ဆရာနဲ့ ကင်းအစောင့်နှစ်ယောက်ကို အသက်လုယူဦးပြင် သတ်ဖြတ်ခဲ့ရတာ ကွ၊ ဝန်ထောက်မင်းက ထမံသီစခန်းကပဲ ငါ့ကိုလာကြိုစောင့်ခဲ့ရတာ ပါကွာ"

ဟုမခံချိမခံသာ အသံကြီးဖြင့် စိုင်းဒေါင်းနက်က ပြောလိုက် ရာဝန်ထောက်ဦးထက်ရှိန်က ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



''အေး...အဲဒီလို ငါကကြိုစောင့်နေလို့လည်း မင်းရဲ့အသက်ကို ကယ်နိုင်ခဲ့တာပဲ စိုင်းနက်၊ ကိုမြတ်သာတို့၊ ဦးဘိုးဟန်တို့ ပြန်ရောက်လာတော့ မင်းလည်း သူတို့နဲ့အတူ လွတ်မြောက်လာခဲ့ကြောင်း ကြားရတာနဲ့ ငါတို့သားအဖ မင်းကို ထမံသိစခန်းကနေ လာကြိုစောင့်နေခဲ့တာပဲကွ၊ ငါတို့စောင့်နေပြီး ငါးရက်အကြာ မင်းတောထဲကထွက်လာတော့ အဖျားတွေတက်ပြီး အားပြတ်အသက်ထွက်လုလု ဖြစ်နေပြီ''

''ဒါနဲ့ ငါတို့သားအဖလည်း မင်းကိုဟူမွလင်းမြို့ဆီ နွားလှည်းနဲ့ခေါ်လာပြီး ပန်ချာပီဆရာဝန်ကြီးနဲ့ ကုသခဲ့ရတယ်၊ အဲဒီတုန်းက မင်းဟာ သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေခဲ့တယ်၊ ငါတို့သာ မင်းအပေါ် မတရားလုပ်ချင်ခဲ့ရင် အဲဒီကတည်းက မင်းကိုသတ်ပြီး ရတနာပစ္စည်းတွေ အပိုင်စီးလိုက်လို့ ရတယ်သိလား''

ဟု ပိုင်နိုင်စွာ ပြောလိုက်ရာ စိုင်းဒေါင်းနက်မှာ ဘာမျှသက် မပြောသာတော့ဘဲ ခေါင်းငိုက်စိုက်ကျသွားရာမှ သိပ်ကျေနပ်မှုမရှိ သောလေသံကြီးဖြင့် ...

''ကဲပါ...ဝန်ထောက်မင်းရယ် ထားပါတော့၊ ကျွန်တော် တစ်ဝက်ပဲ ယူပါ့မယ်၊ ပစ္စည်းတွေကို အခုပဲပေးပါတော့''



ဟုဆိုလိုက်ရလေတော့၏။

ထိုအခါမှ ဝန်ထောက်ဦးထက်ရှိန်မှာ အားပါးတရ ပြုံးလိုက်ပြီး...

''အေး...ဒီလိုလုပ်ပါ ငါ့တပည့်ရဲ့ ... အဲဒီပစ္စည်းတွေရဲ့ ထက်ဝက်ဆိုတာလည်း မနည်းပါဘူးကွာ၊ တကယ့်ရှေးဟောင်း မင်းဆက်တွေရဲ့ တော်ဝင်ပစ္စည်းတွေ၊ တကယ့်အရည်အသွေးအပြည့် ရတနာတွေနော်၊ ငါတို့ကတော့ အဲဒီရတနာပစ္စည်းတွေ ထုခွဲရောင်းချဖို့ ဘီလပ်ကနေ ရန်ကုန်ရောက်နေတဲ့ ရတနာကုန်သည်ကြီး မစ္စတာ ဝီလျံကင်းကို သံကြိုးရိုက်ခေါ်ထားပြီးပြီကွ''

ဟုအားရပါးရကြီး ပြောလိုက်ပြီးလျှင်...

''ကဲ...သား...ဒယ်ဒီအိပ်ရာခေါင်းရင်း မီးခံသေတ္တာထဲက ပစ္စည်းတွေ သွားယူလိုက်ပါကွယ်၊ ဒယ်ဒီရဲ့ လျှို့ဝှက်နံပါတ်လည်း သားသိသားပဲ''

ဟုပြုံးပြုံးကြီးပြောလိုက်ရာ ဗညားရှိန်မှာ ထိုင်ရာမှထပြီး အတွင်းခန်းတစ်ခုထဲသို့ ဝင်သွားတော့၏။

ခဏအကြာဝယ် ဗညားရှိန်မှာ ကတ္တီပါအိတ်အနီလေးတစ် လုံးကို ယူလာကာ ဆက်တီခုံများ၏ရှေ့မှ စားပွဲပုလေးပေါ် အသာ

www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်လေ၏။

ထိုအခါ ဒန်းပေါးလ် ဆေးတံကိုခဲနေသော ဝန်ထောက်မင်း ဦးထက်ရှိန်က ကတ္တီပါအိတ်နီလေး၏ ကြိုးကိုဖြည်ပြီး အိတ်ထဲမှ များစွာသောရတနာပဗ္ဗည်းတို့ကို မဟော်ဂနီရောင် စားပွဲပုလေး ပေါ်သို့ သွန်ချလိုက်လေ၏။

စားပွဲပေါ်မှ ရှေးဟောင်းရတနာပစ္စည်း လက်ဝတ်လက်စား တို့မှာ စတွန်းကင်းမီးအိမ်၏ မီးရောင်အောက်ဝယ် ဖျတ်ဖျတ်လက် လျက်ရှိလေတော့၏။

ထိုစဉ်မှာပင် မထင်မှတ်သော အဖြစ်အပျက်တစ်ခုသည် ရုတ်တရက် ဖြစ်ပေါ်လာလေ၏။

ယင်းဖြစ်ရပ်မှာကား လူရိပ်တစ်ခုသည် သူတို့ထိုင်နေကြ သော ဆက်တီခုံဝဲ့အနီးသို့ လွှားခနဲ ရောက်ရှိလာခြင်းပင်ဖြစ်ပါ၏။

တောလိုက်စားမြှောင်တစ်ချောင်းကို စွဲကိုင်ထားသော ထိုသူ ကို ဝန်ထောက်မင်း ဦးထက်ရှိန်တို့ သုံးဦးသားလန့်ဖျတ်ကာ မော့ကြည့် လိုက်ချိန်ဝယ် အားလုံးအံ့ဩ[illegible]င့် ထိတ်လန့်သွားကြတော့၏။

''ဟင်...မင်း...မင်း''

''ဟာ...လူ...လူရဲ''



ဟူ၍ သူတို့အာမေဋိတ်သံပြုမိလိုက်ကြလေ၏။

''ဟင်း...ဟင်း...ဟင်း...သိပ်အံ့ဩသွားသလား ဝန် ထောက်မင်းကြီး...ကျုပ်ကို ခင်ဗျားရဲ့သားက သတ်ခိုင်းတာကို ခင်ဗျားလည်း သိမှာပဲ၊ ဒီတော့ ကျုပ်ရဲ့အသက်ကို လုပ်ကြံမှုမှာ ခင်ဗျားလည်း ကြံရာပါပဲ''

''ပြီးတော့ ကျုပ်ကို တစ်ချိန်က ဝန်ထောက်မင်းဆိုတဲ့ ပါဝါ သုံးပြီး မကရားအနိုင်ကျင့်ခဲ့တာလည်း ခင်ဗျားပဲ၊ ဒီအတွက် ခင်ဗျား ကို သွေးကြွေးဆပ်ဖို့ ကျုပ်အခုလာခဲ့တာပဲ''

လူရဲက ဝန်ထောက် ဦးထက်ရှိန်၏ မျက်နှာကို တည့်တည့် ကြည့်ကာ ပြောလိုက်ပြီးနောက် ဗညားရှိန်၏ဘက်သို့ လှည့်လိုက် ပြီး...

''ဗညားရှိန် မင်းဟာကျောင်းတော်က ရန်စအတွက် ငါ့ကို ခငြိုးထားပြီး ကြေးစားလူသတ်သမားနဲ့ သတ်ခိုင်းခဲ့တယ်ပေါ့ ဟုတ် လား၊ အဲဒီအတွက် မင်းဟာ ငါ့ကိုတစ်ခုခု ပြန်လည်ပေးဆပ်ရလိမ့် မယ် ဗညားရှိန်''

ဟု လေသံခပ်မာမာဖြင့် ပြောလိုက်ပြီးနောက် စိုင်းဒေါင်း ၏ဘက်သို့လှည့်ပြန်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"စိုင်းဒေါင်းနက် ခင်ဗျားဟာ ကြေးစားလူသတ်သမားပီပီ ကျုပ်အပေါ် အကောက်ကြံရက်စက်ခဲ့တဲ့အပြင် နတ်ဆရာကြီးရဲ့ ကင်းသမားတစ်ယောက်ကို ခင်ဗျားသတ်ခဲ့တယ်၊ ခင်ဗျားတို့ပြောနေတာကို ကျုပ်အားလုံးကြားပြီးပြီ၊ ကျုပ်ဟာခင်ဗျားတို့ သုံးဦးရဲ့လှုပ်ရှားပြောဆိုမှုတွေကို လာချောင်းနေတာ သုံးညတိတိရှိပြီ၊ ဒီညမှာတော့ ခင်ဗျားတို့ဆီက သွေးကြွေးတွေ တောင်းရတော့မှာပေါ့ ဟုတ်လား"

"အေး...ဒါပေမယ့် တစ်ခုတော့ရှိတယ် ခင်ဗျားတို့ သွေးထွက်သံယို မဖြစ်ချင်ရင်တော့ တောင်ပေါ်တိုင်းရင်းသားတွေ အမြတ်တနိုး ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းထားခဲ့တဲ့ ရှေးဟောင်းရတနာပစ္စည်းတွေအားလုံး ကျုပ်ကိုပြန်ပေးလိုက်ပါ"

"အဲဒီရတနာပစ္စည်းတွေကို မူလပိုင်ရှင် သိမ်းဆည်းထားသူတို့ရဲ့ လက်ထဲကျုပ်ပြန်ထည့်ပေးရမယ်၊ ဒီလိုတန်ဘိုးမဖြတ်နိုင်တဲ့ ကျုပ်တို့ရဲ့ ဘိုးဘွားပိုင် ပစ္စည်းဥစ္စာရတနာတွေကို မျက်နှာဖြူနယ်ချဲ့ ရတနာကုန်သည်တွေရဲ့လက်ထဲ လုံးဝအရောက်မခံနိုင်ဘူး"

ဟုပြောကာ ရတနာပစ္စည်းများ စုပုံထားရာ စားပွဲပုလေး အနီးသို့ လှမ်းချဉ်းကပ်လိုက်စဉ် ဝန်ထောက် ဦးထက်ရှိန်က သူ၏ ကုတ်အင်္ကျီအိတ်ထဲမှ ခြောက်လုံးပြူးသေနတ်ကိုထုတ်ကာ ချိန်လိုက်



လေ၏။

"ဟောကောင်မလှုပ်နဲ့"

သို့သော် လူရဲက သေနတ်ကိုင်လက်ကို ဖျတ်ခနဲခုန်ကန်ထည့်လိုက်ရာ ခြောက်လုံးပြူးမှာ လက်ထဲမှ လွင့်ထွက်သွားတော့၏။

ထိုစဉ် ဗညားရှိန်က ထိုင်ရာမှ ဖျတ်ခနဲထပြီး နံရံဝယ် အလှချိတ်ထားသည့် ဓားရှည်နှစ်ချောင်းကို ပြေးဖြုတ်လိုက်ကာ ဓားတစ်ချောင်းကို စိုင်းဒေါင်းနက်ထံသို့ ပစ်ပေးလိုက်ပြီး သူတို့နှစ်ယောက်က လူရဲကို ဝိုင်းထားလိုက်တော့၏။

ထိုစဉ် လူရဲက ဘယ်ခြေတစ်လှမ်း ဆတ်ခနဲတိုးလိုက်ရာ သူတို့နှစ်ဦးက ပြိုင်တူဝင်ခုတ်လိုက်တော့၏။

လူရဲက ဖရက်ခုန်, ခုန်ကာ ဓားလမ်းကြောင်းတို့မှ လွတ်ယုံလေးရှောင်လိုက်ပြီး ဗညားရှိန်၏ လက်ပြင်ကို ဓားမြှောင်ဦးဖြင့် ဆတ်ခနဲထိုးချလိုက်လေရာ ဗညားရှိန်မှာ အားခနဲအော်ပြီး လက်ထဲမှ ဓားရှည်ကြီး လွတ်ကျသွားတော့၏။

ယင်းအခိုက် စိုင်းဒေါင်းနက်က သူ့ကိုဆင့်ခုတ်ချလိုက်ရာ လူက ဖျတ်ခနဲတိမ်းရှောင်လိုက်ပြီး စိုင်းဒေါင်းနက်၏ဓားကို အမဲလိုက်ဓားမြှောင်ဖြင့် ခတ်ထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သံသံချင်းထိခတ်သံ ချွင်ခနဲမြည်သွားပြီးနောက် စိုင်းဒေါင်းနက်၏ လက်ထဲမှ ဓားရှည်မှာ လွတ်မကျသွားသော်လည်း လူက ဟန်ချက်ပျက်ကာ ဆက်တီခုံတစ်လုံးပေါ်သို့ တစောင်းလဲကျသွားရာမှ သူက နောက်ပြန်လှည့်ပြီး ဓားရှည်ဖြင့် လူရဲကိုဝိုက်ခုတ်ထည့်လိုက်တော့၏။

ထိုစဉ် ဝန်ထောက်ဦးထက်ရှိန်ကလည်း နံရံမှ အလှချိတ်လှံရှည်ကို ဖြုတ်ယူကာ လူရဲကို ပြေးထိုးထည့်လိုက်တော့၏။

သူတို့နှစ်ဦး၏ လှုပ်ရှားမှုမှာ တပြိုင်နက်တည်းလိုလို ဖြစ်သွားစဉ် လူရဲက ဖျတ်ခနဲ ကိုယ်ကိုဝပ်ချလျက် လှိမ့်ထွက်လိုက်ရာ စိုင်းဒေါင်းနက်၏ ဓားချက်မှာ လူရဲ၏ခေါင်းပေါ်မှ ဝိုးခနဲ အရှိန်ပြင်းစွာ ဖြတ်သွားပြီး ဝန်ထောက်မင်း ဦးထက်ရှိန်၏ ဝမ်းဗိုက်ကို ဖြတ်ခွဲလိုက်သလို ဝန်ထောက်ဦးထက်ရှိန်၏ လှံသွားကလည်း စိုင်းဒေါင်းနက်၏ ရင်ဝသို့ အရှိန်ပြင်းစွာ စိုက်ဝင်သွားတော့၏။

'အား' ခနဲ သူတို့နှစ်ဦးစလုံး နာကျင်စွာ အော်ညည်းလိုက်ကြပြီး သွေးအိုင်ထဲသို့ပ ပစ်လဲကျသွားကြလေတော့၏။

ထိုအခါမှ လူရဲမှာ စားပွဲပုလေးနား ချဉ်းကပ်သွားကာ ကတ္တီပါအိတ်အနီထဲသို့ ရတနာပစ္စည်းများကို သိမ်းကျုံးထည့်လိုက်လေ၏။



ယင်းအခိုက် ကျောနောက်ဘက်မှ လှုပ်ရှားသံကြားသဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ ဗညားရှိန်မှာ ဓားရှည်ကြီးဖြင့် သူ့ကို ပြေးပိုင်းလိုက်သည်ကို တွေ့ရသည်နှင့် ဘယ်ဘက်ဒူးကို ညွတ်ပြီး ဆတ်ခနဲရှောင်လိုက်လေ၏။

ထိုအခါ အရှိန်ဖြင့် ပြေးဝင်လာသော ဗညားရှိန်မှာ သူ့အရှိန်နှင့်သူ ကျွမ်းပစ်ထွက်သွားပြီး လက်ထဲမှဓားက ဦးစွာလွင့်ကျလျက် နံရံနှင့် ပစ်ရိုက်ပြီး ပြန်လည်ထွက်လာစဉ် သူကဓားပေါ်သို့ ဟတ်ထိုးပစ်ကျသွားရာ ဓားသွားက သူ၏ရင်လွှာထဲသို့ စိုက်ဝင်သွားပါလေတော့၏။

"အ...အီး...အီး"

ဟုသာ ညည်းနိုင်ပြီး ဗညားရှိန်၏ ခန္ဓာကိုယ်ကြီးမှာ သွေးအိုင်ထဲဝယ် ဆန့်ငင်ဆန့်ငင်ဖြစ်နေရာမှ ခဏချင်းမှာပင် ငြိမ်သက်သွားပါတော့သတည်း။

ထိုအခါမှ လူရဲလည်း သူ့စရိတ်နှင့်သူ မရှုမလှ သေပွဲဝင်သွားကြကုန်သော လောဘသားသုံးဦးကို စက်ဆုတ်စွာ တစ်ချက်ငေးကြည့်လိုက်ပြီးနောက် ကတ္တီပါအိတ်ကို ဆွဲယူလျက် အိမ်ကြီး၏ ဝရံတာသို့ ပြေးထွက်လိုက်ကာ ဝရံတာကိုကျော်ပြီး ဆင်ဝင်တိုင်နား

www.burmeseclassic.com

www.burmeseclassic.com



ကို ဖက်တွယ်လျော့ဆင်းလိုက်လေ၏။

ယင်းနောက် ခြံဝင်းတံတိုင်းကိုပါ ကျော်လွှားထွက်လိုက်ကာ အမှောင်ထုထဲသို့ ပြေးဝင်ပျောက်ကွယ်သွားပါတော့သတည်း။

✠ ✠ ✠



တဝရချစ်သူ

အကာလညဉ့်၌ အမှောင်ထုအောက်မှာပင် လှေငယ်တစ်စင်းသည် ချင်းတွင်းမြစ်ကို လှော်ခတ်ဖြတ်သန်းလျက်ရှိလေ၏။

လူရဲသည် လှေငယ်ပေါ်၌ထိုင်ရင်း လှေလှော်နေသူ မောင်ညိုအား ယူ၏ဖြစ်ရပ်အားလုံးကို မခြွင်းမချန် ပြောပြလိုက်လေ၏။

လှေငယ်လေးမှာ မြစ်၏တစ်ဘက်ကမ်းသို့ ဆိုက်ရောက်သွားသောအခါ လူရဲရော မောင်ညိုပါ လှေပေါ်မှ ဆင်းလိုက်ကြတော့၏။

မောင်ညိုက လှေကြီးကို ကမ်းစပ်မှ သစ်ငုတ်တစ်ခုဝယ် ချည်ပြီးနောက် လူရဲနှင့် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူရဲက မောင်ညို၏ ပုခုံးတစ်ဖက်ပေါ်သို့ လက်တစ်ဖက် တင်လိုက်ပြီးလျှင် . . .

''သူငယ်ချင်းမောင်ညို မင်းဟာငါ့အချစ်ဆုံးနဲ့ စိတ်ချ အပေ ကြည့်ဆုံး သူငယ်ချင်းမို့ ငါ့ရဲ့ဖြစ်ရပ်အားလုံးကို တစ်လုံးတစ်ပါ မကျန်ပြောပြခဲ့တာပဲ၊ ဟောဒီ အကျိုးအကြောင်းရေးထားတဲ့ ငါ့ရဲ့ စာကိုတော့ ငါ့ရဲ့မိဘတွေလက်ထဲ မင်းအရောက်ပို့ပေးပါကွာ၊ မင်း ကိုယ်တိုင် ကိုယ်ထိလက်ရောက်သွားပို့ပါ ဘယ်သူမှမသိစေနဲ့''

ဟုသေချာစွာ မှာနေရာ မောင်ညိုက စာအိတ်လေးကို ယူ လိုက်ပြီးနောက် လူရဲ၏လက်ဖဝါးတစ်ဖက်ကို ၎င်း၏ညာလက်ဖဝါး ဖြင့် ဆုပ်ကိုင်ဖြစ်ညှစ်လိုက်ပြီး . . .

''သူငယ်ချင်း မင်းမှာတာတွေ ငါမှတ်မိပါတယ်၊ စိတ်ချပါ ကွာ၊ ဒါထက်မင်းနဲ့ငါ ဒီဘဝမှာ ပြန်တွေ့နိုင်ပါဦးမလား သူငယ်ချင်း ရယ်''

ဟု ဆို့နင့်ကြေကွဲသံကြီးဖြင့် ပြောလိုက်ရာ လူရဲက အမှော် ထဲမှာပင် အားယူပြုံးလိုက်ပြီး . . .

''ကံကြုံရင်တော့ တို့သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြတာ ပေါ့ သူငယ်ချင်းရာ''



''အခုတော့ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲအတွက် ငါကော်နို ဘို့ဆီ ပြန်သွားရဦးမယ်''

ဟုစိတ်ထိခိုက်စွာ ပြောလိုက်ရာ မောင်ညိုက လူရဲကို ပွေ့ဖက်လိုက်ပြီး . . .

''သူငယ်ချင်းရယ် ငါလည်း မျိုးချစ်စိတ်ရှိသူ မြန်မာလူငယ် ပါပဲကွာ၊ ငါတို့နိုင်ငံကို ကျူးကျော်နယ်ချဲ့ စိုးမိုးထားတဲ့ မျက်နှာဖြူ တွေကို အခွင့်သာတဲ့တစ်နေ့မှာ မင်းလိုပဲ ဆန့်ကျင်တော်လှန်မှာပါ၊ အဲဒီအခါ မင်းနဲ့ငါ ပြန်ဆုံကြတာပေါ့''

ဟုမျက်ရည်ကြားမှ ပြုံး၍ပြောလိုက်ပါတော့သတည်း။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



တာဝန်တစ်ခုကို ကျေပွန်ခဲ့ပြီဖြစ်သော လူရဲသည် နော
တာဝန်တစ်ခုကို ဆက်လက်ထမ်းရွက်ရန်အတွက် နာဂတောင်တ
ကြီး၏အခြေသို့ ရှေ့ရှုကာ တောအုပ်ထဲသို့ ဖြတ်ဝင်လာခဲ့ပါတော့၏

သူသည် တောကြီးမျက်မည်းထဲသို့ နှစ်ရက်လုံးလုံး ဖြတ်
လာခဲ့ပြီးနောက်ဝယ် သေနတ်သံများကို သဲ့သဲ့ကြားလာရရာ သူ
ပါလာသော မောင်ညိုထည့်ပေးလိုက်သည့် ရိက္ခာများကို အ
စားပစ်လိုက်ပြီးနောက် ရတနာပစ္စည်းများ ထည့်ထားသည့် ကတ္တ
အိတ်ကို အတွင်းအင်္ကျီနှင့် ရင်ဘတ်ကြားထဲ ထိုးထည့်လိုက်
သူ၏တစ်ကိုယ်လုံးကိုလည်း ပုံများသဲများ အလူးလူးပေအောင် ပြု
လိုက်ပြီး သေနတ်သံများကြားရာသို့ ခပ်သွက်သွက် လှမ်းလာတော့၏

ထိုသို့လှမ်းလာရင်း ချောင်းခြောက်လေးတစ်ခုကိုတွေ့ရ
ချောင်းခြောက်လေးအတိုင်း တစ်နေကုန် လျှောက်လှမ်းလာခဲ့ရာ



မွန်းလွဲပိုင်းသို့ ရောက်သောအခါ တိုက်ပွဲဖြစ်ပွားရာ နေရာ၏
အနီးဆုံးသို့ ရောက်ရှိသွားလေတော့၏။

သူသည် ချောင်းကွေ့တစ်ခုကို ဖြတ်လိုက်စဉ် ဂေါ်ရခါး
စစ်သည်တစ်စုနှင့် ပက်ပင်းဆုံတော့၏။ ယင်းဂေါ်ရခါးတပ်ဖွဲ့ကို
ဦးဆောင်လာသူကား မျက်နှာဖြူစစ်ဗိုလ် ရွှန်းနေးဖြစ်ရာ ကပ္ပတိန်
ရွှန်းနေးမှာ မြို့ပိုင်ရုံးသို့ မကြာခဏ လာဖူးပြီး လူရဲ၏ ဖခင်မြို့ပိုင်
ကြီး ဦးမြတ်သာ၏ ပိတ်ကြားချက်အရ လူရဲတို့အိမ်မှာ ပါတီပွဲပေး
တိုင်း လာဖူးသူ အင်္ဂလိပ်စစ်ဗိုလ်ဖြစ်ရာ လူရဲကိုကောင်းစွာ သိနေ
လေတော့၏။

''ဟာ...မစ္စတာ...မစ္စတာ လူရဲပါလား''

ဟု ကပ္ပတိန်ရွှန်းနေးက ဝမ်းသာစွာ နှုတ်ဆက်လိုက်ပြီး
သူတောထဲမှာ ပျောက်နေသည်ဆို၍ တိုက်ပွဲဆင်နွှဲရင်း ရှာဖွေနေ
ကြောင်း ယခုလို ဘေးမသီရန်မခပြန်တွေ့ရသည်ကို ဝမ်းသာကြောင်း
ပြောကာ သူတို့၏ တပ်စခန်းချရာသို့ ခေါ်သွားတော့၏။

ကပ္ပတိန်ရွှန်းနေးက လူရဲကို သူတို့၏ တပ်စခန်းမှ သူ၏
ရွက်ဖျင်တဲအတွင်းမှာပင် လွတ်လပ်စွာ နားနေစေပြီး ယနေ့ကတော့
ညနေစောင်းနေပြီဖြစ်၍ အချိန်မရှိတော့ကြောင်း နောက်နေ့မနက်မှာမှ
နောက်တန်းစခန်းသို့ တပ်စိတ်တစ်စိတ်နှင့်အတူ ပို့ပေးမည်ဖြစ်
ကြောင်းပြောကာ သူ့ကိုလက်တင်နင် မျက်နှာဖြူဗိုလ်လေးတစ်ဦးနှင့်
အပ်နှံပြီး တိုက်ပွဲကိုကြီးကြပ်ရန် ပြန်လည်ထွက်ခွာသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ တပ်စခန်းမှာ အတော်ကျယ်ပြန့်ကြီးမားရာ လူရဲမှာ အနားယူစားသောက်ပြီးနောက် တပ်စခန်းကို မသိမသာ ပတ်ပြီး လေ့လာကြည့်ရှုလေတော့၏။

လက်ဖ်တင်နင် ဗိုလ်လေးကလည်း သူ့ကိုမြို့ပိုင်သားဟု သိထားသဖြင့် တစ်စုံတစ်ရာ ချုပ်ချယ်ခြင်းမပြုချေ။

သို့ဖြင့်လူရဲမှာ စခန်း၏အလယ်မှ အကြီးဆုံးရွက်ဖျင်တဲကြီးမှာ လက်နက်ခဲယမ်းမီးကျောက်များ ထားရှိသည့်တဲဖြစ်ကြောင်း လေ့လာသိရှိရပြီး အစောင့်ချထားသည့် နေရာကိုပါ မှတ်သားထားလိုက်လေ၏။

ညနေစောင်းပြီးနောက် အမှောင်သို့ ရောက်လာသည့်တွင် ဂေါ်ရခါးတပ်ကြပ်တစ်ဦး လာပို့သော ညစာကို လူရဲအားပါးတရ စားသုံးလိုက်ပြီးနောက် တရေးအိပ်လိုက်သေး၏။ တရေးနိုးလာမှ ကပ္ပတိန်ရွှန်းနေးမှာ ညဉ့်အတော်မှောင်သည်အထိ ပြန်မလာရာ ယနေ့ညအဖို့ စခန်းသို့ ပြန်လာမည့်ပုံမပေါ်ပေ။

သို့ဖြင့် ညသည် သိပ်သိပ်သည်းသည်း မှောင်လာပြီး နွေကာလပင် ဖြစ်စေကာမူ တောထဲတောင်ထဲ ဖြစ်သဖြင့် အေးစိမ့်လျက်ရှိတော့၏။

ညဉ့်သန်းခေါင်ကို ကျော်လွန်လာသည့်တွင် လူရဲမှာ လက်နှိပ်ဓါတ်မီးတစ်လက်ကို ခါးမှာထိုးပြီး ရွက်ဖျင်တဲထဲမှ လေးဖက်ထောက်ထွက်လိုက်လေ၏။



ထို့နောက်သူသည် လေးဖက်ထောက်သွားလိုက်၊ ဝမ်းလျားထိုးကာ မိချောင်းသွား သွားလိုက်ဖြင့် ခဲယမ်းမီးကျောက်များထားရာ တဲအနီးသို့ ချဉ်းကပ်လာရာ ကင်းသမားများမှာ အေးစက်သော ညဝယ် ငိုက်မြည်းအိပ်ပျော်လျက်ရှိသဖြင့် လူရဲ၏လှုပ်ရှားမှုကို သတိမမူမိပေ။

သို့ဖြင့် လူရဲသည် ခဲယမ်းမီးကျောက်များထားရာ ရွက်ဖျင်တဲကြီးအတွင်းသို့ မြွေတစ်ကောင်နှယ် တိတ်ဆိတ်စွာ ဝင်လာနိုင်ခဲ့ရာ သူသည်တဲအတွင်းရှိ လက်နက်ကိရိယာများကို လက်နှိပ်ဓါတ်မီး၏ အဝအား အဝတ်ပတ်ပြီး ထွန်းကြည့်လိုက်တော့၏။

လက်နှိပ်မီးရောင် အုပ်အုပ်အောက်ဝယ်သူသည် စက်သေနတ်များနှင့် ကျည်ဆံပုံးများကိုတွေ့ရာ စက်သေနတ်သုံးလက်ကို အသံမကြားအောင် ယူလွယ်လိုက်ပြီး ကျည်ဆံအတွဲများကို ပုံးထဲမှ အသာနှိုက်ကာ သူ့ပုခုံးမှာပင် ရစ်ပတ်လိုက်တော့၏။

ထို့နောက်မှ သူသည် ခါးကိုကိုင်းပြီး ရွက်ဖျင်တဲထဲမှ ထွက်ကာ ခါးကိုင်းလျက်ပင် ကုန်းကုန်းကုန်းကုန်းနှင့် အမှောင်ရိပ်ကိုခိုပြီး စခန်း၏အပြင်ဘက်သို့ သတိကြီးစွာထားကာ ထွက်လာခဲ့တော့၏။

သူသည် ဘေးကင်းစွာဖြင့် စခန်း၏အပြင်သို့ ရောက်ရှိသွားသည့်၌ လက်နှိပ်ဓါတ်မီး၏ အကူအညီဖြင့် တောကိုတိုးကာ စခန်းနှင့်ဝေးရာသို့ ခပ်သုတ်သုတ် ခရီးနှင်ခဲ့ပါတော့၏။

သူသည် ဤတော၊ ဤတောင်သဘောကို အတော် တီးခေါက်မိပြီဖြစ်၍ ကော်နီရှိရာ ဒုံမားကျေးရွာကြီးဆီသို့ ဦးတည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နားလိုက်၊ ခရီးဆက်လိုက်ဖြင့် တစ်ညလုံးခရီးနှင်ခဲ့လေ၏။

နောက်နေ့နံနက်သို့ ရောက်သောအခါတွင်လည်း သေနတ်သံများနှင့်ဝေးရာမှ ပန်းကာတောင်တန်းပေါ် တက်လာပြီး ပါလာသည့် ရိက္ခာခြောက်များကို စားလိုက် ရေသောက်လိုက်၊ နားလိုက်၊ ခရီးဆက်လိုက်ဖြင့် တစ်နေ့လုံး ခရီးနှင်လာတော့၏။

သို့ဖြင့် သူသည် လေးရက်လုံးလုံး ခရီးနှင်လာအပြီးဝယ် ခင်တန်းတစ်ခုကို အဖြတ်၌ တူမီးသေနတ်ကိုင် တိုင်းရင်းသားစစ်သည်တစ်စုနှင့် ပက်ပင်းတိုးတော့၏။

သို့သော် သူထင်သလို တိုင်းရင်းသား စစ်သည်တို့က သူ့ကို တူမီးသေနတ်ဖြင့် မချိန်ဘဲ . . .

''ဟော . . . စက်သေနတ်တွေ သွားယူတဲ့ ကောင်လေး ပြန်လာပြီပဲ''

ဟုဝမ်းသာအားရ လှိုက်လှဲစွာကြိုတော့မှ သူ့အကြောင်း တိုင်းရင်းသားတို့အကြား ကော်နီဝါဒဖြန့်ထားမှန်း ရိပ်မိပါတော့၏။

ထိုတိုင်းရင်းသား စစ်သည်တို့က လူရဲအား ဒုံမားရွာကြီး အရောက်လိုက်ပို့ပေးရာ ရွာဦးရှိ သစ်ခက်မုခ်ဝမှနေ၍ ကော်နီနှင့် အတူ ကော်နီ၏ ဖခင်သာမက စော်ဘွားကြီး ရမ်ခိုကိုယ်တိုင် ဝမ်းသာ လှိုက်လှဲစွာ ကြိုနေရာ လူရဲမှာ သူ့စွန့်စားရကျိုးနပ်ပြီဟု အောက်မေ့ပြီး ဝမ်းသာပီတိလွှန်စွာ ဖြစ်သွားရပါတော့သတည်း။

ကော်နီက ဦးစွာပြေးထွက်လာပြီး သူ၏လက်မောင်းကို



ရင်းနှီးစွာဆုပ်ကိုင်ကာ . . .

လူရဲ . . . လူရဲ ပြန်လာတယ်နော် . . . သိပ်ကတိတည်တဲ့ လူရဲပဲ''

ဟုဝမ်းသာလွန်းသဖြင့် အသံလေးတုန်ခါစွာ ပြောလိုက်ပြီး လူရဲ၏လက်ကိုဆွဲကာ စော်ဘွားကြီး ရပ်ကြည့်နေရာသို့ ခေါ်သွားလေ၏။

လူရဲကို လိုက်ပို့သည့် တိုင်းရင်းသားစစ်သည်တို့ကလည်း သူတို့ကူသယ်ပိုးလာခဲ့သော စက်သေနတ်တို့နှင့် ကျည်ဆံအတွဲများကို စော်ဘွားကြီး၏ ခြေရင်းဝယ် အသာချပေးလိုက်ကြတော့၏။

စော်ဘွားကြီးက လက်ပိုက်လျက် လူရဲကိုတစ်လှည့် စက်သေနတ်များကို တစ်လှည့်ကြည့်ကာ ပြုံးပြုံးကြီး ဖြစ်နေစဉ် . . .

လူရဲက သူ၏ရင်ဘတ်ကြားထဲမှ ကတ္တီပါအိတ်အနီကို ဆွဲထုတ်ယူပြီး စော်ဘွားကြီး၏ လက်သို့ရိုသေစွာ အပ်လိုက်ရာ စော်ဘွားကြီးက မျက်မှောင်ကုပ်လျက်မှ ကတ္တီပါအိတ်ကို လက်ခံယူပြီး ကြိုးစကိုဖြည်ကာ အိတ်ထဲသို့ ငုံ့ကြည့်လိုက်ပြီးခဏဝယ် သူ၏ပြည့်ဝိုင်းသော မျက်နှာကြီးမှာ တိမ်စင်လနှယ် ဝင်းပသွားလေတော့၏။

''ဟယ် . . . ငါတို့ရဲ့ ရှေးအမွေအနှစ် ရတနာတွေ ပြန်ရပြီပဲ၊ ဒါဆို တောင်ပိုင်နတ်ကြီးလည်း ငါတို့အပေါ် စိတ်မဆိုးတော့ဘူး၊ ငါတို့ရဲ့ ကျေးရွာတွေလည်း ကပ်မသင့်တော့ဘူး . . . ဘယ်နှစ်ချို့ မိစ္ဆာရဲ့ ဖျက်ဆီးမှုကိုမှလည်း ငါတို့မခံရတော့ဘူး''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းခေါင်းသံကြီးဖြင့် ဝမ်းသာအားရ ပြောလိုက်ရာ ဝိုင်းအုံကြည့်နေကြသော ရွာလူကြီးများနှင့် ရွာသူရွာသားတို့မှာ ဝမ်းသာစွာအော်ဟစ်လျက် ရိုးရာသီချင်းတစ်ပုဒ်ကို သံပြိုင်ဆိုရင်း လူ့ရဲ တို့ကို ဝိုင်းပတ်ကာ ပျော်ရွှင်စွာ ကခုန်နေကြပါတော့သတည်း။

✠ ✠ ✠



လူ့ရဲ၏ သင်ပြမှုကြောင့် တိုင်းရင်းသားစစ်သည်တို့မှာ စက် သေနတ်ကို ကောင်းစွာပစ်တတ်သွားကြရာ သူတို့သည် တောင်ပေါ် ခံတပ်အသီးသီးမှနေ၍ စက်သေနတ်တို့ဖြင့် ဆီးပစ်ကာ နယ်ချဲ့တို့၏ ထိုးစစ်ကို ပိုင်နိုင်စွာ ဟန့်တားတော့၏။

တိုင်းရင်းသား မျိုးချစ်စစ်သည်တို့မှာ ခေတ်မီစက်သေနတ် တို့ဖြင့် ခုခံပစ်ခတ်သည်ကို မမျှော်လင့်ဘဲ ကြုံရရာ မျက်နှာပြူးစပ်တပ် မှာ ဖြုံသွားပြီး ရှေ့သို့အတင်းမတက်ရဲတော့သဖြင့် သူတို့၏ထိုးစစ်မှာ ရပ်တန့်သွားတော့၏။

သို့ဖြင့် နယ်ချဲ့တို့၏ ထိုးစစ်သည်ကား တိုင်းရင်းသား မျိုးချစ် စစ်သည်တို့၏ ပျောက်ကြားစနစ်ဖြင့် ထုနှိပ်ပြန်တိုက်ခိုက်မှု ခေတ်မီ

www.burmeseclassic.com

www.burmeseclassic.com



စက်သေနတ်တို့ဖြင့် ကျားကုတ်ကျားခဲ ခုခံမှုတို့ကြောင့် အရှိန်တန့်ကာ ရှေ့ဆက်မတိုးရဲတော့ပေ။

ဤသို့ဖြင့် နွေလတစ်လသည် ကုန်ဆုံးသွားပြီးနောက် မိုးဥတုသည် လျှင်မြန်စွာ ရောက်ရှိလာပါတော့၏။

ပွင့်လင်းရာသီ ကုန်သွားပြီဖြစ်၍ မျက်နှာဖြူတို့၏ နယ်ချဲ့တပ်တို့မှာ တောတောင်နက်ရှိုင်းရာမှ ပြန်လည်ဆုတ်ခွာစ ပြုချေပြီ။

နာဂတောင်တန်းကြီးပေါ်ဝယ် သေနတ်သံတို့လည်း တစတစ ကြဲပါးကာ နောက်ဆုံးလုံးဝတိတ်ဆိတ်သွားတော့၏။

ဒုံမားရွာအပါအဝင် တောင်ပေါ်ရွာအချို့လည်း နယ်ချဲ့တို့ လက်လှမ်းမမှီနိုင်မည့် တောနက်ရာ မြောက်ပိုင်းဒေသသို့ ရွာအလိုက် တစ်စုတစ်ဝေးကြီး ပြောင်းရွှေ့ကြတော့၏။

လူရဲသည်လည်း ကော်နီတို့ မိသားစုနှင့်အတူ ပြောင်းရွှေ့ရာသို့ ပျော်ရွှင်စွာ လိုက်ပါခဲ့ပါတော့၏။

✠ ✠ ✠



တောင်ပေါ်ဒေသသစ်၏ ညနေရီဆည်းဆာသည် လှပငြိမ်းချမ်းလျက် ရှိလေ၏။

မိုးရန့်ကို သယ်ဆောင်လာသည့် လေညှင်းအဝေ့ဝယ် ကော်နီ၏ ဆံနွယ်မျှင်တို့ ဆည်းဆာနေခြည်အောက်၌ လှပစွာ လွင့်မျောလျက်။

ခေါင်ဆိုင်ချင်း အမျိုးသားဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော လူရဲအား ကော်နီက လှပသော မျက်ဝန်းလေးများဖြင့် ရွှန်းရွှန်းစားစားလေး ကြည့်လိုက်ပြီးလျှင် . . .

"လူရဲ ဟောဒီတောတောင်နက်နက်ထဲမှာ ကော်နီနဲ့အတူ ထာဝရနေသွားဖို့ တကယ်ပဲ ဆုံးဖြတ်ပြီးပြီလားရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုခွေးထွေးလိုက်လှဲသော ရင်ခုန်သံလေးဖြင့် မေးလိုက်ရာ လူရဲက မွတ်မွတ်စင်အောင် နှုပျိုလှပလွန်းသော ကျူကီးချင်းမလေးအား ကြင်နာယုယစွာ ထွေးဖက်လိုက်ပြီးလျှင်. . .

"ကော်နီရယ်. . . တို့လေ အမိမြေကို ကျူးကျော်စော်ကားသိမ်းပိုက်ထားတဲ့ နယ်ချဲ့တွေကို ထာဝရဆန့်ကျင် တွန်းလှန်မှာဖြစ်သလို. . . ဟောဒီက ကော်နီလေးကိုလည်း ထာဝရချစ်သွားဖို့ နာဂတောင်တန်းကြီးပေါ်မှာ တစ်သက်လုံး နေသွားမှာပေါ့ အချစ်ရယ်"

ဟု တိုးတိုးညင်သာ ပြောလိုက်ပါတော့သတည်း။

✠ ✠ ✠

—ပြီးပါပြီ—

အစဉ်အမြဲကြိုးစားလျက်

စိတြကူ

ဂမ္ဘီရဆန်းကြယ် လျှို့ဝှက်သဲဖို
ဝါရင့်စာရေးဆရာကြီး

# စိတြအာဂ

၏

ဂမ္ဘီရဆန်းကြယ် လျှို့ဝှက်ရင်ထိတ်သဲဖို
ဝတ္ထုများကို

**ခုနစ်စဉ်ကြယ်စာပေ** မှ

သပ်ရပ်ခန့်ညားစွာ လစဉ်ဆက်တိုက်
ထွက်ရှိလာပါတော့မည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

